မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က ထုတ်ဝေခဲ့သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၃)
အမှတ် (၃၄၅)

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်

၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်၊ တနလာနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အုံ့

ပြည်သူလူထုတစ်ရပ်လုံး အကျိုးခံစားရခြင်းကို အဓိကထားသည့် နိုင်ငံရေးစေတနာမှန်ဖြင့်သာ လုပ်ဆောင်နေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှပေးပို့သော ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်နေ့တွင် ကျရောက်သည့် ၂၀၁၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အထိမ်းအမှတ်အခမ်းအနား သဝဏ်လွှာ-

တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခါသမယတွင် မြန်မာပြည်သူပြည်သားများ အားလုံး ဒီမိုကရေစီစဉ်ဆက်မပြတ်ထွန်းကားရေးအတွက် ဒီမိုကရေစီအလေ့အကျင့်ကောင်းများဖော်ဆောင်ရေးတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ဒီမိုကရေစီ၏ အနှစ်သာရအသီးအပွင့်များကို အပြည့်အဝရရှိခံစားနိုင်ကြပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

ဒီမိုကရေစီကျင့်စဉ်များကို လိုက်နာကျင့်သုံးရန်နှင့်မြှင့်တင်ရန် ရည်သန်၍ စက်တင်ဘာလ ၁၅ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည်မှာ ယခုနှစ်ဆိုလျှင် စတုတ္ထအကြိမ်ရှိပြီ ဖြစ်ပါသည်။

> **“လူငယ်ဦးရေ ၁၆ သန်းရှိသော ကျွန်တော်တို့နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများသည် အဆိုပါလူငယ်များ အပေါ်တွင် မျှားစွာတည်မှီ”**

အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ကို ကျင်းပခြင်းဖြင့် မိမိနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်ကို ပြန်လည်သုံးသပ်ခွင့်ရရှိနိုင်သကဲ့သို့ နိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီတိုးမြှင့်ရေးနှင့် ခိုင်မာလာစေရေးတို့အတွက် ရည်ရွယ်သည့် အမျိုးသားအဆင့် အစီအစဉ်များထားရှိမှုကို ခိုင်မာလာစေရန် သက်ဆိုင်သူအားလုံးက ပူးပေါင်းဆောင်ရွက်ရန် သန္ဓိဋ္ဌာန်ချမှတ်မှုကိုလည်း ဖော်ပြရာရောက်ကြောင်း တွေ့ရှိရပါသည်။

ဒီမိုကရေစီဆိုသည်မှာ နိုင်ငံသားများက ၎င်းတို့၏လူမှုဘဝနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များတွင် တန်းတူပြောဆိုခွင့်ရရှိနိုင်သည့် အုပ်ချုပ်မှုပုံစံတစ်ခုပင်ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❊

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်း လာအိုနိုင်ငံသို့ ထွက်ခွာ

စာမျက်နှာ-၃

ခါကာဘိုရာဇီတောင်အနီးရှိ ပန်နန်းဒင်တစ်ဝိုက်တွင် မြူဆိုင်းနေသည်ကို တွေ့ရစဉ်။

ရာသီဥတုဆိုးရွားနေမှုကြောင့် ကောင်းကင်ပြာအဖွဲ့ လုပ်ငန်းမစနိုင်သေး

သတင်း- ခင်ရတနာ

ပန်နန်းဒင် စက်တင်ဘာ ၁၄

ခါကာဘိုရာဇီတောင်ထိပ်သို့ တက်ရောက်ပြီးနောက် သြဂုတ် ၃၁ ရက် ညနေပိုင်းမှစကာ ပျောက်ဆုံးလျက်ရှိသော မြန်မာတောင်တက်သမားနှစ်ဦးကို ကူညီရှာဖွေပေးရန် ယမန်နေ့မှစကာ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (Blue Sky Rescue Team) ကောင်းကင်ပြာ ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် ရာသီဥတု ဆိုးရွားနေခြင်းကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို မစတင်နိုင်သေးကြောင်း သိရှိရသည်။

“မြန်မာကယ်ဆယ်ရေးအဖွဲ့ဝင်တွေနဲ့ နိုင်ငံတကာ တောင်တက်ကျွမ်းကျင်သူတွေ ဆွေးနွေးနေပါတယ်။ လက်ရှိမှာ ခြေလျင်ကယ်ဆယ်ရေးသုံးဖွဲ့ရှိပြီး တစ်ဖွဲ့ကို ကျွမ်းကျင်တောင်တက်သမားခြောက်ဦးစီနဲ့ လမ်းကြောင်းသုံးခုခွဲပြီး တောင်တက်ခရီး စတင်နေပါပြီ။ သူတို့အတွက် စားနပ်ရိက္ခာနဲ့

စာမျက်နှာ ၁၀ ကော်လံ ၁ ❍

ဆက်သွယ်ရေးအဆင့်မြှင့်ရန် အမေရိကန်ဒေါ်လာ ၈ဒေသန်း ဂျပန်က ကူညီထောက်ပံ့မည်

သတင်း-ခင်လေးမြင့်အောင်၊ ဓာတ်ပုံ-မေဦးမိုး

ရန်ကုန် စက်တင်ဘာ ၁၄

ဆက်သွယ်ရေးလိုအပ်ချက်ရှိသည့် ဒေသများအတွင်း ဆက်သွယ်ရေးကွန်ရက် အလုံးစုံဖြန့်ကြက်သွားနိုင်ရေးအတွက် အခြေခံအဆောက်အအုံ တည်ဆောက်မှုများ လုပ်ကိုင်ရန် ဂျပန်အစိုးရမှ အမေရိကန်ဒေါ်လာ၈သန်းခန့် ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်းသိရသည်။

ပြည်တွင်းဆက်သွယ်ရေးလုပ်ငန်းများအား တိုးချဲ့လုပ်ကိုင်နိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် စက်တင်ဘာ ၁ ရက်မှ စတင်ကာ ဂျပန်အခြေစိုက် KDDIကုမ္ပဏီနှင့်

စာမျက်နှာ ၁၀ ကော်လံ ၁ ●

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပြည်ပအကူအညီနှင့် ပြည်တွင်းအား

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းစွမ်းဆောင်ရာတွင် ပြည်ပအကူအညီများရယူဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပြည်တွင်းအသိပညာရှင်၊ အတတ်ပညာရှင်တို့၏ ကိုယ်တိုင်လုံ့လပြု ကြိုးစားအားထုတ်မှုသည်လည်း လိုအပ်မည်သာဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံအများစုသည် ထိုနည်းဖြင့်ပင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းလျက်ရှိကြပေသည်။

ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့အပါအဝင် ဖွံ့ဖြိုးပြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများအား လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများ တိုးတက်လာစေရန် ငွေကြေးအကူအညီ၊ နည်းပညာအကူအညီ၊ အတိုးမဲ့၊ အတိုးနည်းချေးငွေများ ထုတ်ချေးခြင်း စသည့်အကူအညီများပေးလျက်ရှိပါသည်။ ဤသို့ ပြည်ပအကူအညီများရယူပြီး ပြည်တွင်းမှာရှိသည့် အသိပညာရှင်၊ အတတ်ပညာရှင်တို့၏ဦးဆောင်မှုဖြင့် အလုပ်သမား၊ လယ်သမားများ အပါအဝင် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးစားအားထုတ်ပါမှ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ်သို့ တက်လှမ်းလာနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတကာ မျက်နှာစာတွင် ပြန်လည်ဝင်ဆံ့လာသည့် ကျွန်ုပ်တို့နိုင်ငံအနေဖြင့်လည်း ဤနည်းအတိုင်း ကြိုးပမ်းအားထုတ်နေပြီဖြစ်ပါသည်။ လွန်ခဲ့သောရက်များက လွတ်တော်၌ ပြည်ပချေးငွေများ ချေးယူလျက် ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။

ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာသန်း ၁၀၀ အတိုးမဲ့ ချေးငွေကိစ္စ၊ ဧရာဝတီမြစ်ဝှမ်းဖွံ့ဖြိုးတိုးတက်ရေး ကမ္ဘာ့ဘဏ်မှ ဒေါ်လာသန်း ၁၀၀ ချေးယူမည့်ကိစ္စ၊ ကျေးလက်ဖွံ့ဖြိုးရေး အီတလီအစိုးရထံမှ ယူရိုသန်း၂၀ ချေးယူရေးကိစ္စနှင့် ရထားပို့ဆောင်ရေးတိုးတက်ရန် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေအဖွဲ့မှ အမေရိကန်ဒေါ်လာ ၄၅ သန်း ချေးယူမည့်ကိစ္စများ ဆွေးနွေးခဲ့ခြင်းဖြစ်ပါသည်။

ဤသို့ ချေးငွေများရယူဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးကဏ္ဍတွင် လူတိုင်းလက်လှမ်းမီနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ပါသည်။ ထို့အတူ ဧရာဝတီမြစ်ဝှမ်းတစ်လျှောက်တွင်လည်း ရေအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ကာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလမ်းခရီးသွားလာမှု အဆင်ပြေစေရေး အစရှိသဖြင့် တိုးတက်လာမည်ဖြစ်ပါသည်။

အီတလီနိုင်ငံမှ ချေးယူမည့် ယူရိုသန်း ၂၀ ဖြင့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မြို့နယ်တစ်မြို့နယ်စီရှိ ကျေးရွာအုပ်စုအားလုံးခန့်မှန်းငွေကျပ် သိန်း ၂၄၀ ကို သုံးနှစ်ဆက်တိုက် ပံ့ပိုးငွေရရှိကာ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ထို့အတူ ကိုရီးယားနိုင်ငံမှ ချေးငွေဖြင့်လည်း မြန်မာ့မီးရထားတွင် လိုအပ်နေသည့် လူစီးတွဲသစ်များ ဝယ်ယူဖြည့်တင်းကာ မီးရထားခရီးသွားလာရေးအတွက် အဆင့်မြင့်မားလာစေမည်ဖြစ်ပါသည်။

ဤသို့ ပြည်ပအကူအညီ၊ ပြည်ပချေးငွေများ ရယူဆောင်ရွက်လာနိုင်မှုနှင့်အတူ လုပ်ငန်းကဏ္ဍအသီးသီးတွင် မှန်ကန်မြန်ဆန်စွာ တိုးတက်လာမည်ဖြစ်သကဲ့သို့ အသိပညာရှင် အတတ်ပညာရှင်တို့ ဦးဆောင်သော အလုပ်သမား၊ လယ်သမားတို့ပါဝင်ကြသည့် ပြည်တွင်းအားတို့ဖြင့် စည်းကမ်းရှိမှု၊ ရိုးသားမှု၊ ကြိုးစားလုံ့လပြုမှုတို့ကို အရင်းပြုကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝသာယာဝပြောရေး ဝိုင်းဝန်းကြိုးစားအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ဒုတိယအကြိမ်မြောက် အခမ်းအနားကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အာရှပလာဇာ ဟိုတယ်၌ စက်တင်ဘာ ၁၃ ရက်နံနက် ၉ နာရီက ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊တိုင်း ဒေသကြီး ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ များနှင့် INGO, NGO လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဆုရ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်ဝင်းက အမှာစကား ပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဝဏ်လွှာကို တိုင်းဒေသကြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးဦးမြတ်ကျော်ကျော်က ဖတ်ကြားသည်။

ထို့နောက် လူကုန်ကူးခံရသူများ၏ ရင်တွင်းစကားများနှင့် အကြံပြု ချက်များကို စုစည်းတင်ပြသည့် ဗီဒီယိုမှတ်တမ်းခွေနှင့် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးတွင် ကြိုးပမ်းအားထုတ်ခဲ့မှု ဗီဒီယိုမှတ်တမ်းခွေများကိုပြသပြီး ပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်သည်။

ယင်းနောက် တက်ရောက်လာသူများက ပြခန်းတွင်ပြသထားသော ဓာတ်ပုံ၊ ပိုစတာနှင့် ဆုရရှိသော ကဗျာ၊ ကာတွန်းလက်ရာများကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

အာမဲ့ပညာဒါနကျောင်းသို့ စာအုပ်များလှူဒါန်း

နတ်တလင်း စက်တင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်လေသာကျောင်း တက္ကသိုလ်ဝင်တန်း အခမဲ့ပညာဒါန ကျောင်းသို့ စက်တင်ဘာ ၁၂ရက်မွန်းလွဲ ၁နာရီက တာပွန်အလယ်ပိုင်းရပ်ကွက် Ever Smile မိသားစုက ငွေကျပ် ၂၅၀၀၀ တန်ဖိုးရှိသော စာအုပ်များကို ကျောင်းသားကျောင်းသူ ၅၁ဦးအတွက် ရွှေကျွန်းတောကျောင်းဆရာတော်ထံသို့ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

တင်မြင့်(နတ်တလင်း)

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

လပွတ္တာ စက်တင်ဘာ ၁၄

နှစ်(၅၀)ပြည့်ရွှေရတု မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် လပွတ္တာမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး တင်မောင်ဌေး ဦးစီးပြီး ရဲတပ်ဖွဲ့ဝင် ၃၀ တို့သည် စက်တင်ဘာ ၁၁ ရက်က လပွတ္တာမြို့ နယ်ဆေးရုံဝင်းအတွင်း၌ သူနာပြုဆရာမများ၊ ဆေးရုံဝန်ထမ်းများနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ထို့နောက် ရဲတပ်ဖွဲ့ဝင်များသည် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း၊ သပိတ်ကြိုဘုရားတို့တွင်လည်း သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။ (အပေါ်ပုံ)

(ခရိုင် ပြန်/ဆက်)

ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်ဖြေဆိုရာတွင် ကျရှုံးသူဝန်ထမ်းများ ထပ်မံဖြေဆိုရမည်

မန္တလေး စက်တင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် အစိုးရနှင့် ကုမ္ပဏီဝန်ထမ်းများအတွက် ရုံးပိတ်ရက်ဖြစ်သည့် စက်တင်ဘာ ၇ ရက် (တနင်္ဂနွေနေ့)က ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေးခဲ့ရာ ကျရှုံးသူများရှိသဖြင့် ပြန်လည်ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးခရိုင်၊ မြင်းခြံခရိုင်၊ ကျောက်ဆည်ခရိုင်တို့တွင် စက်တင်ဘာ ၇ ရက်က လာရောက်ဖြေဆိုကြသည့် အဆိုပါ ဝန်ထမ်းစုစုပေါင်း ၇၅၁ ဦးရှိရာ ၁၆၈ ဦး ကျရှုံးသဖြင့် လာမည့် စက်တင်ဘာ ၂၈ ရက်တွင် ပြန်လည်ဖြေဆိုကြရ မည်ဖြစ်သည်။

"လာဖြေသူတွေက ဆိုင်ကယ်စီးတတ်၊ မောင်းတတ်ကြပေမယ့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမှာ နားမလည်ကြလို့ ကျရှုံးကြတာပါ။ စည်းကမ်းနားမလည်လို့သာ ယာဉ်တိုက်မှုတွေဖြစ်ရတာကြောင့် ယာဉ်စည်းကမ်းနားလည်အောင်၊ လိုက်နာအောင် သေချာစစ်ဆေးပါတယ်"ဟု မန္တလေး(ကညန)မှ အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

ကျရှုံးသူများသည် လာမည့် စက်တင်ဘာ ၂၈ ရက်(တနင်္ဂနွေနေ့)တွင် ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်ဖြေဆိုရန် စာရင်းပေးမည့်သူများနှင့် အတူ ပြန်လည်ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုမှုအောင်မြင်မှသာ လိုင်စင်ရရှိမည်ဖြစ်ကြောင်း၊ အောင်မြင်သူများ၏ ယာဉ်မောင်းလိုင်စင်ကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာနှင့်ဖြစ်စေ ထုတ်ယူနိုင်ကြောင်း သိရသည်။

"ဌာနအနေနဲ့က ယာဉ်မောင်းအမှန်တကယ် တတ်မြောက်ဖို့နဲ့ ယာဉ်စည်းကမ်း နားလည်တတ်ကျွမ်းမှသာ လိုင်စင်ထုတ်ပေးတာ ဖြစ်ပါတယ်။ ဘယ်နေ့ဖြေရမယ်ဆိုတာ တစ်ခါတည်း အသိပေးလိုက်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြင်ဦးလွင်ခရိုင်၊ ရမည်းသင်းခရိုင်၊ မိတ္ထီလာခရိုင်တို့တွင် နယ်လှည့်လုပ်ငန်းများ ဆောင်ရွက်ပေးနေရသဖြင့် လာမည့်စက်တင်ဘာ ၁၅ ရက်တွင် စတင်ပြုလုပ်ပေးသွားမည်ဖြစ်၍ ယင်းနေ့ နံနက် ၈ နာရီတွင် စာရင်းပေးသွင်းကာ သင်တန်းတက်ရောက်ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

မြန်မာ့သစ်လုပ်ငန်း
ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်း-သစ်မာ သစ်လုံးနှင့် ခွဲသားများကို အမေရိကန်ဒေါ်လာဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၆-၉-၂၀၁၄ ရက်နှင့် ၂၉-၉-၂၀၁၄ ရက် ၁၃း၀၀နာရီ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်ပမာဏ** - ကျွန်းသစ်လုံး ၂၃၂၉ တန်
- ကျွန်းခွဲသား/ဓားရွေ ၃၀၅ တန်
- ပိတောက် ၅၄ တန်
- ပျဉ်းကတိုး/အင်-ကညင်/သစ်စေး/သဒီ/ဖန်ခါး/သပြေသစ်လုံး ၄၉၈၆ တန်
- ပိတောက်/တမလန်း/သင်းဝင်/ဓားရွေ/ခွဲသား ၃၂၂ တန်

(ဂ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်)နှင့် web-site ဖြစ်သော www.myanmatimber.com.mm တွင်လည်းဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း

ပြည်တွင်းသတင်း

နိုင်ငံတော်နှင့် ပြည်သူ့အကြား ယုံကြည်မှုနှင့် နားလည်မှုဖြင့် ဟန်ချက်ညီညီ ဆောင်ရွက်

ရှေ့ဖုံးမှ

ရှေးယခင်မှစ၍ လက်ခံထားသော ဒီမိုကရေစီ၏အရေးကြီးသောသဘောစရိုက်လက္ခဏာမှာ ညီမျှမှုနှင့်လွတ်လပ်မှုပင်ဖြစ်ပါသည်။ ဒီမိုကရေစီကို ကျင့်သုံးသောနိုင်ငံတော်၏ အမြင့်ဆုံးအာဏာသည် ပြည်သူများကပိုင်ဆိုင်ကြသဖြင့် ပြည်သူများ၏စည်းစနစ်ရှိစွာ ပါဝင်ဆောင်ရွက်မှုသည် အလွန်အရေးကြီးသော အချက်တစ်ချက်ပင်ဖြစ်ပါသည်။

ဒီမိုကရေစီနှင့်အညီ အုပ်ချုပ်မှုဆိုသည်မှာ အများပြည်သူတို့၏ဘဝတွင် ရွေးချယ်နိုင်မှုများစွာရှိစေရန် ဆောင်ရွက်ပေးနိုင်ရေးနှင့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအစရှိသည်တို့ပါဝင်သည့် ပြည်သူတို့၏ လိုအပ်ချက်များနှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းဆောင်ကြဉ်းပေးနိုင်သည့် စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းစဉ်များကိုဆောင်ရွက်ပေးခြင်းသာ ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပြည်သူအကြား အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုတို့ဖြင့် ဟန်ချက်ညီညီ ဆောင်ရွက်ရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီဆီသို့ ခိုင်မာသောဆုံးဖြတ်ချက်၊ ရည်မှန်းချက်ဖြင့် လျှောက်လှမ်းခဲ့သည့် သုံးနှစ်တာကာလအတွင်း သိသာထင်ရှားသည့် အောင်မြင်မှုများရရှိခဲ့ပြီးနောက် ယခုအခါ ဒီမိုကရေစီအတွက် အခြေခံအုတ်မြစ်ခိုင်မာလာစေရန်ရည်ရွယ်သည့် တတိယအဆင့် အရှိန်အဟုန်မြင့်တင်မှု (Third Wave) ကို ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်တော်နှင့်အတူ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များမှာ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်နေကြသူများအနေနှင့် နိုင်ငံရေးဖြေလျှော့မှုများနှင့် နိုင်ငံရေးယဉ်ကျေးမှုသစ်များ အသက်ဝင်ရှင်သန်ရေးတို့ကို ခိုင်မာသည့်သန္ဓေဌာန်ချ ဆောင်ရွက်နေခြင်းသည် ပြည်သူလူထုတစ်ရပ်လုံးအကျိုးခံစားရခြင်းကို အဓိကထားသည့် နိုင်ငံရေးစေတနာမှန်သက်သက်ဖြင့်သာ လုပ်ဆောင်နေခြင်း ဖြစ်ပါသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင်တွေ့ကြုံနေကြရသည့် စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် လူငယ်များပါဝင်ဆောင်ရွက်ရမည့် အရေးပါသည့်အခန်းကဏ္ဍကို မီးမောင်းထိုးဖော်ပြရန်ရည်သန်ကာ ယခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့၏ ဦးတည်ချက်အဖြစ် "ဒီမိုကရေစီဖော်ဆောင်ရေး လူငယ်များပိုင်ဝန်းဆောင်ရွက်ပေး"၊ "Engaging Youth on Democracy" ဟူသောခေါင်းစဉ်ဖြင့် ကျင်းပရခြင်းဖြစ်ပါသည်။ ကမ္ဘာ့လူဦးရေ၏ငါးပုံတစ်ပုံမှာ အသက် ၁၅ နှစ်မှ ၂၅ နှစ်အတွင်းရှိသော လူငယ်များဖြစ်ပါသည်။ လူငယ်များသည် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးများအတွက် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နေသည်ဖြစ်ရာ လူငယ်ဦးရေ ၁၆ သန်းရှိသော ကျွန်တော်တို့နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများသည် အဆိုပါလူငယ်များအပေါ်တွင် မျှားစွာတည်မီနေပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်ဒီမိုကရေစီတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များ စွမ်းရည်ပြည့်ဝစွာ ပါဝင်ဆောင်ရွက်နိုင်ရန် ကင်းထောက်အဖွဲ့များ ဖွဲ့စည်းလေ့ကျင့်ပေးခြင်းနှင့် ဘက်စုံထူးချွန်သော ကျောင်းသားလူငယ်လူရွယ်များကို စခန်းသွင်းလေ့ကျင့်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် တတိယအဆင့်အရှိန်အဟုန်မြင့်တင်မှုလုပ်ငန်းစဉ်တွင်လည်း လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ထည့်သွင်းအကောင်အထည်ဖော်လျက်ရှိပါသည်။ ဒီမိုကရေစီအလေ့အကျင့်ဖြစ်သောအစုအဖွဲ့ဖြင့် စုပေါင်း ဆောင်ရွက်တတ်ခြင်း၊ တာဝန်သိမှု၊ ကိုယ်တိုင်တာဝန်ယူမှုများဖြင့် လူ့အဖွဲ့အစည်းအကျိုးကို ဝိုင်းဝန်းဆောင်ရွက်တတ်ခြင်းတို့ကိုလည်း လူငယ်ထုအတွင်းထွန်းကားလာစေရန် ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။

တိုင်းရင်းသားပြည်သူ့အပေါင်းတို့ခင်ဗျား-

ယနေ့ကျင်းပသည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခါသမယတွင် မြန်မာ့လူငယ်ထုများအပါအဝင် ပြည်သူတစ်ရပ်လုံးက ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ထောင်နေချိန်တွင် အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ သဘောထားကြီးမှုများအခြေခံ၍ ပွင့်လင်းစွာ ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်ကြရန်နှင့် ဒီမိုကရေစီအရေးတွင် လူငယ်များပါဝင်နိုင်ရေးတို့ကိုလည်း တိုးမြှင့်လုပ်ဆောင်သွားကြပါရန် အားပေးတိုက်တွန်းလိုက်ရပါသည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရှေ့မန်းခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ လာအိုနိုင်ငံသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၄

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရှေ့မန်းခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပမည့် အာဆီယံပါလီမန်များ၏(၃၅)ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရှေ့မန်း ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဗိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Nilahath SAYARATH နှင့် ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာဝုံ)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးလှမြင့်ဦး၊ ဒေါက်တာစိုးရင်၊ ဦးဇော်မြင့်ဖေ၊ ဦးညွှန့်တင်၊ ဦးခင်မောင်ရီ၊ ဦးဝင်းသန်း၊ ဦးညွှန့်လှိုင်၊ ဒေါ်ရီရီမြင့်၊ ဒေါ်မြင့်မြင့်စန်း၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများလိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီးများနှင့် ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်များ နယူးယောက်မြို့တွင်ကျင်းပမည့် မြန်မာ့ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဖိုရမ်သို့ သွားရောက်ဆွေးနွေးမည်

ရန်ကုန် စက်တင်ဘာ ၁၄

အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးမှုဆိုင်ရာ ခြေလှမ်းသစ်တစ်ရပ်အဖြစ် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံအရောက် ဖိတ်ခေါ်နိုင်ရန် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ စက်တင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိကျင်းပသွားမည့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဖိုရမ် (Myanmar Investment Outreach Forum) ကို သမ္မတရုံးဝန်ကြီးဌာနက ဦးဆောင်၍ ပြည်ထောင်စုဝန်ကြီးများ၊ စီးပွားရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်များပါဝင်သည့် အဖွဲ့ဝင် (၇၃)ဦးဖြင့် သွားရောက်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖိုရမ်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ အခန်းကဏ္ဍ(၇)ခုကို ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ရာ မြန်မာနိုင်ငံနှင့်ပတ်သက်သော ရှုမြင်သုံးသပ်မှုများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ဘဏ္ဍာရေးနှင့်ငွေကြေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍ စသည့် ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို အဓိကထားဆွေးနွေးသွားရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အဆိုပါဖိုရမ်သို့သမ္မတရုံးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် US-Asean Business Council၊ Burma Border Projects၊ US Chamber of Commerce၊ Myanmar American Chamber၊ Myanmar Tourism Marketing Committee၊ Asia Development Bank၊ CSIS၊ USTOA တို့မှ တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်သည်။

ထို့အပြင် စွမ်းအင်နှင့် ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန် ရေနံနှင့် သဘာဝဓာတ်ငွေ့ စွမ်းအင်နှင့်သတ္တုတူးဖော်ရေးလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များလည်း ဆွေးနွေးကြမည်ဖြစ်သည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် KBZ Group၊ SP၊ Herzfeld Rubin Meyer & Rose၊ KWR International၊ Duane Mor- ris၊ Tractus Asia၊ MSP/CAT၊ MPRL၊ Parami၊ Energy၊ City Mart၊ Delco Mining၊ MAP CO၊ Shwe Taung၊ UMG၊ Telenor Group၊ Lat War Group၊ Supreme Group၊ Golden Rock Capital၊ MCB၊ Solimar International နှင့် Myanmar Airways International စသည့်လုပ်ငန်းများမှ တာဝန်ရှိသူများ လိုက်ပါဆွေးနွေးကြမည်ဖြစ်သည်။

အမေရိကန်နိုင်ငံ သာမက အနောက်နိုင်ငံများ၏ စီးပွားရေးဆိုင်ရာအချက်အချာ ဒေသဖြစ်သော နယူးယောက်မြို့တွင် ဆွေးနွေးမည့် အဆိုပါစီးပွားရေးဖိုရမ်သည် မြန်မာနိုင်ငံကို အာရှနိုင်ငံများကြားရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းအကောင်းဆုံးနိုင်ငံအဖြစ် ဖော်ထုတ်ပြသသွားမည့် အစီအစဉ်လည်းဖြစ်သည်။ အဆိုပါအစီအစဉ်ကို နိုင်ငံတော်သမ္မတရုံးနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့ပူးပေါင်းကာ မြန်မာနိုင်ငံမှ ကုမ္ပဏီများနှင့် နိုင်ငံတကာ ဆက်သွယ်ရေးဆိုင်ရာ အကြံပေးအဖွဲ့အစည်းဖြစ်သည့် Peninsula Press တို့ပူးပေါင်းစီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကချင်ပြည်နယ်အတွင်း ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

မြစ်ကြီးနား စက်တင်ဘာ ၁၄

ကချင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီစီးပွားရေး အထူးစမ်းသပ်မှုဇုန်ပါတီကော်မတီအတွင်းရေးမှူး၊ ရွှေလီစီးပွားရေးအထူးစမ်းသပ်မှုဇုန် စီမံခန့်ခွဲရေးကော်မတီအုပ်ချုပ်ရေးမှူး၊ တယ်ဟုန်ပြည်နယ်ခွဲပါတီအတွင်းရေးမှူး မစ္စတာဝမ်ကျွင့်ချန် ခေါင်းဆောင်သည့်အဖွဲ့ဝင် ၁၉ ဦးတို့သည် စက်တင်ဘာ ၁၃ ရက်ညနေ ၄ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ကချင်ပြည်နယ်အတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ အဆင့်မြှင့်တင်ဆောင်ရွက်ရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် မူးယစ်ဆေးဝါးပယောက်ရေးကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်စည်စီးဆင်းမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် တရားမဝင်ကုန်သွယ်မှုများ ပယောက်စေရေးတို့အတွက် ရွှေလီ-ဗန်းမော်ကားလမ်းနှင့် လွယ်ဂျယ်- မိုးမောက်ကားလမ်း ဖောက်လုပ်နိုင်ရေးတို့ကို နှစ်ဖက်အဖွဲ့များက အပြန်အလှန်ဆွေးနွေးကြသည်။ **(ယာဝုံ)**

(ပြည်နယ် ပြန်/ဆက်)

နိုင်ငံတကာသတင်း

အီရတ်ရှိ အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်ရာတွင် သြစတြေးလျက တပ်ဖွဲ့ဝင် ၆၀၀ စေလွှတ်၍ ပါဝင်မည်

ဆစ်ဒနီ စက်တင်ဘာ ၁၄

အီရတ်နိုင်ငံရှိ အစ္စလာမ္မစ် နိုင်ငံတော်(အိုင်အက်စ်)စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းခြင်း မပြုမီ အရှေ့အလယ်ပိုင်းသို့ တပ်ဖွဲ့ဝင် ၆၀၀ စေလွှတ်သွားမည်ဖြစ်ကြောင်း သြစတြေးလျအစိုးရက ပြောကြားလိုက်သည်။

အဆိုပါတပ်ဖွဲ့ဝင်များအား အမေရိကန်အစိုးရ၏ မေတ္တာရပ်ခံချက်အရ ကနဦးအနေဖြင့် ယူအေအီးနိုင်ငံသို့ စေလွှတ် သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် တိုနီအက်ဘော့တ်က ပြောကြားလိုက်သည်။

အာရပ် ၁၀ နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၄၀ နီးပါးက အဆိုပါ အစ္စန်းရောက်များအား ကိုင်တွယ်ရန် အမေရိကန် ဦးဆောင်သော ညွှန့်ပေါင်းတပ်တွင် ပါဝင်တိုက်ခိုက်သွားရေး လက်မှတ်ရေးထိုးထားကြသည်။

ပြင်သစ်နိုင်ငံက တနလ်းနေ့တွင် ဒေသဆိုင်ရာလုံခြုံရေးထိပ်သီး အစည်းအဝေးတစ်ရပ်ကျင်းပသွားမည်ဖြစ်သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် အိုင်အက်စ်တို့အား ချေမှုန်းရေး ထောက်ခံမှုရရှိရန် ကြိုးပမ်းသည့်အနေဖြင့် လေးရက်ကြာ အရှေ့အလယ်ပိုင်း ခရီးစဉ်အပြီး စနေနေ့နှောင်းပိုင်းက ပါရီမြို့သို့ ရောက်ရှိလာသည်။

လွန်ခဲ့သော သီတင်းပတ်က အမေရိကန်သမ္မတဘားရက်အိုဘားမားသည် အီရတ်နှင့်ဆီးရီးယားတို့ရှိ အဆိုပါစစ်သွေးကြွအုပ်စုကို ချေမှုန်းရန် မဟာဗျူဟာတစ်ရပ် ချပြဆွေးနွေးခဲ့သည်။

အီရတ်နိုင်ငံအတွင်း လုံခြုံအေးချမ်းမှု ပြန်လည်ရရှိရေး စစ်ရေးအရ အကူအညီပေးရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သြစတြေးလျဝန်ကြီးချုပ်ကတနင်္ဂနေနေ့တွင် ပြောကြားလိုက်သည်။ သြစတြေးလျတပ်ဖွဲ့နှင့်အတူ အဆိုပါ စစ်ရေးပူးပေါင်းမှုတွင် တိုက်လေယာဉ်ရှစ်စင်း ပါဝင်မည် ဖြစ်ကြောင်း သိရသည်။

(ဘီဘီစီ)

ဆော်ဒီသံရုံး ဘဂ္ဂဒက်၌ပြန်ဖွင့်မည်

ရီယာ့ဒ် စက်တင်ဘာ ၁၄

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် သံရုံးပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီးရုံးက ပြောသည်။

ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီး မင်းသား ဆော့ဒ်အယ်လ်ဖိုင်ဆယ်နှင့်အီရတ်နိုင်ငံခြားရေးဝန်ကြီးတို့ ယခုနှစ်စောပိုင်းက ဆော်ဒီအာရေဗျ ပင်လယ်နီဆိပ်ကမ်း၌ တွေ့ဆုံဆွေးနွေးပွဲအပြီး အဆိုပါဆုံးဖြတ်ချက်ထွက်ပေါ်လာခြင်းဖြစ်ကြောင်း ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ အိုစမာနုဂါလီက စနေနေ့တွင်ပြောသည်။ "မင်းသား ဆော့ဒ်နှင့် အယ်လ်ဂျဖရီတို့ရဲ့တွေ့ဆုံမှုဟာ ဘဂ္ဂဒက်မှာ ဆော်ဒီသံရုံးပြန်ဖွင့်ဖို့ ဖြစ်လာဖွယ်ရှိပါတယ်" ဟု ၎င်းက ထပ်လောင်းပြောဆိုသည်။ **(ဘီဘီစီ)**

ဖိလစ်ပိုင် စက်လှေတိမ်းမှောက်မှု ၂၉ဦးပျောက်ဆုံးနေ

မနီလာ စက်တင်ဘာ ၁၄

ဖိလစ်ပိုင်အလယ်ပိုင်း လေတေးပြည်နယ် ကမ်းလွန်၌ ခရီးသည် စ၄ဦးပါ စက်လှေတစ်စင်း စနေနေ့ကတိမ်းမှောက်ခဲ့ရာ ၂၉ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း တနင်္ဂနေနေ့က သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအေဂျင်စီက ပြောခဲ့သည်။ ခရီးသည် စ၄ဦးအနက် ၅၅ဦး ကယ်တင်နိုင်ခဲ့ပြီး ကယ်ဆယ်ရေးနှင့်ရှာဖွေရေးလုပ်ငန်းများကို ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့နှင့် ဆူရီဂေါမြို့ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့က လုပ်ဆောင်နေဆဲဖြစ်ကြောင်း အမျိုးသားသဘာဝဘေးလျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ပြောခဲ့သည်။

အဆိုပါ စက်လှေသည် လေတေးတောင်ပိုင်း လီလောင်းမှ ထွက်ခွာလာပြီး ဆူရီဂေါမြို့ လီပါတိုဆိပ်ကမ်း၌ ဆိုက်ကပ်မည်ဖြစ်သည်။ စက်လှေအမှူထမ်းများနှင့် ခရီးသည် ၃၂ဦးတို့သည် Maharlika-4 ဖြင့် Lipato ဆိပ်ကမ်းသို့ ည ၁၁နာရီက ရောက်ရှိခဲ့သည်။ အလားတူ MV Lara Venture သင်္ဘောက ၁၈ ဦးကို ကယ်ဆယ်ခဲ့ပြီး MT Martin က အခြားငါးဦးကို ကယ်တင်ခဲ့ကြသည်။ **(ဆင်ဟွာ)**

ပါလက်စတိုင်းကလေး ထောင်ပေါင်းများစွာ ကျောင်းမတက်နိုင်သေး

ဂါဇာ စက်တင်ဘာ ၁၄

မကြာမီက အစ္စရေးတို့၏ ထိုးစစ်အတွင်း ဂါဇာကမ်းမြောင်ဒေသ၌ ထိခိုက်ပျက်စီးမှုများကြောင့် ကျောင်းများပျက်စီးသွားခဲ့ရာ ထောင်ပေါင်းများစွာသော ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရောက်နိုင်ခြင်း မရှိသေးကြောင်း လူသားကယ်ဆယ်ရေးနှင့်ဖွံ့ဖြိုးရေးအေဂျင်စီက ပြောသည်။ ကျောင်းသား ကျောင်းသူ ၉၆၀၀ ခန့် ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတို့၏ ထိုးစစ်အတွင်း နေအိမ်ဆုံးရှုံးသွားသော မိဘများကြောင့် ကျောင်းမတက်နိုင်သေးကြောင်း၊ ဒုက္ခသည်စခန်းအတွင်း ကျောင်းသုံးကျောင်း ဖွင့်လှစ်သွားရန် စီစဉ်နေကြောင်း ပါလက်စတိုင်းဆိုင်ရာ ကုလသမဂ္ဂ အေဂျင်စီက ပြောသည်။ **(ပရက်စ်တီဗီ)**

ဆီးရီးယားလေကြောင်းတိုက်ခိုက်မှု စစ်သွေးကြွများ ၅၀ သေဆုံး

ဒမတ်စကတ် စက်တင်ဘာ ၁၄

ဆီးရီးယားအရှေ့ပိုင်း ဒီယာအယ်လ်ဇော်ပြည်နယ်ရှိ လေ့ကျင့်ရေးကျောင်းကို ဆီးရီးယားတပ်ဖွဲ့က လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ အိုင်အက်စ်စစ်သွေးကြွ ၅၀ ခန့် သေဆုံးခဲ့ကြောင်း ရုပ်သံလိုင်းတစ်ခုက ထုတ်လွှင့်ခဲ့သည်။

ဆီးရီးယားလေကြောင်းတပ်ဖွဲ့ဝင်များသည် ဒီယာအယ်လ်ဇော်ပြည်နယ်အနောက်ပိုင်း ကျေးလက်ဒေသရှိ တာဘာရီမြို့၌ အိုင်အက်စ်စစ်သွေးကြွများ အသုံးပြုနေသည့် လေ့ကျင့်ရေးစခန်းကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသော်လည်း အသေးစိတ်ဖော်ပြခဲ့ခြင်း မရှိပေ။

ၜင်းတို့သည် မြောက်ပိုင်းရှိ အယ်လ်ကွက်ကွာပြည်နယ်နှင့် ဒီယာအယ်လ်ဇော်ပြည်နယ်များရှိ အိုင်အက်စ်တို့နေရာများကို လေကြောင်းတိုက်ခိုက်မှု ကြိမ်ဖန်များစွာပြုလုပ်ခဲ့သည်။ အဆိုပါဒေသများ၌ ကာလကြာရှည်စွာ ဖြစ်ပွားခဲ့သော ပဋိပက္ခကြောင့် အိုင်အက်စ်စစ်သွေးကြွ များစွာကျဆုံးခဲ့သည်။

အိုင်အက်စ်တို့က ဆီးရီးယားနှင့် အီရတ်နိုင်ငံ နေရာအတော်များများ၌ အစ္စလာမ္မစ် နယ်မြေတည်ထောင်မည်ဟု မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့ခြင်းသည် ဒေသတွင်း နိုင်ငံရေးဆိုင်ရာ ပထဝီအနေအထားကို ခြိမ်းခြောက်လျက်ရှိသည်။

စစ်သွေးကြွ ၃၀၀၀၀ ကျော် ပါဝင်ပြီး အဘူဘာခါအယ်ဘဂ္ဂဒီ ခေါင်းဆောင်သည့် အိုင်အက်စ်အုပ်စု၏ ရည်မှန်းချက်မှာ အီရတ်နှင့်ဆီးရီးယား၌ အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရန်ဖြစ်ပြီး အခြားသောအာရပ်နိုင်ငံများအထိ နယ်မြေချဲ့ထွင်သွားရန်ဖြစ်သည်။ **(ဆင်ဟွာ)**

ပြန်ပေးဆွဲခံရသည့် ဗြိတိန်နိုင်ငံသားတစ်ဦးအား အိုက်အက်စ်စစ်သွေးကြွများက ခေါင်းဖြတ်ကွပ်မျက်

လန်ဒန် စက်တင်ဘာ ၁၄

အိုင်အက်စ် အစ္စန်းရောက်များက ပြန်ပေးဆွဲထားသော ဗြိတိန်နိုင်ငံသားတစ်ဦးဖြစ်သည့် ဒေးဗစ်ကော်သရုန်းဟိုင်းနက်စ်အား ခေါင်းဖြတ်ကွပ်မျက်သည့် ဗီဒီယိုမှတ်တမ်းခွေထုတ်ပြန်လိုက်သည်။

အမေရိကန် သတင်းထောက်နှစ်ဦးဖြစ်သည့် ဂျိမ်းစ်ဖိုလေးနှင့် စတီဗင်ဆော့လော့ဖ်တို့အား ခေါင်းဖြတ်ကွပ်မျက်သည့် ဗီဒီယိုမှတ်တမ်းခွေများ ထွက်လာပြီးနောက် အဆိုပါ ဗြိတိန်နိုင်ငံသားတစ်ဦးကို သတ်ဖြတ်သည့် ဗီဒီယိုမှတ်တမ်းခွေကို စနေနေ့ကထုတ်ပြန်ခဲ့သည်။

အဆိုပါ ဗီဒီယိုအခွေ၌ မျက်နှာဖုံးစွပ် စစ်သွေးကြွတစ်ဦးထွက်ပေါ်လာပြီး "အမေရိကန်၏ မဟာမိတ်များ ထံသို့ သဝဏ်လွှာတစ်စောင်ပေးပို့ခြင်း"ဟူ၍ စာတန်းဖော်ပြသည်။ ၎င်းက စစ်သွေးကြွများကို ဦးဆောင်တိုက်မည့် အမေရိကန်ဦးဆောင်သည့် ညွှန့်ပေါင်းအဖွဲ့တွင် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းပါဝင်မှုအပေါ် လက်တုံ့ပြန်သောအားဖြင့် ယင်းကဲ့သို့ ခေါင်းဖြတ်ကွပ်မျက်လိုက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

"ဒီ ဗြိတိန် အမျိုးသားကတော့ ဒေးဗစ်ကင်မရွန်းက အိုင်အက်စ်စစ်သွေးကြွကိုတိုက်ခိုက်ဖို့ ကာ့ဒ်တိုက်ခိုက်ရေးသမားတွေကို လက်နက်ပေးဖို့ ကတိပြုလိုက်တဲ့အတွက် ပြန်လည် အသက်ပေးဆပ်လိုက်ရပါပြီ" ဟု အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသော ၎င်းစစ်သွေးကြွက ပြောသည်။

အဆိုပါ ဗြိတိန်နိုင်ငံသားသည် စကော့တလန် ပတ်သ်မြို့မှဖြစ်ပြီး အသက် ၄၄နှစ်အရွယ်ရှိ ကလေးနှစ်ဦး၏ဖခင်ဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်နှစ်က အီရတ်နိုင်ငံ၌ အဖမ်းခံရခြင်းဖြစ်သည်။ **(ပရက်စ်တီဗီ)**

နိုင်ဂျီးရီးယားကျေးလက်ဈေးအတွင်း ဘိုကိုဟာရမ်စစ်သွေးကြွများ ဝင်တိုက်၍ လူအများအပြားသေဆုံး

ဘော်နီ စက်တင်ဘာ ၁၄

နိုင်ဂျီးရီးယားနိုင်ငံ မိုင်ဒူဂူရီမြို့အရှေ့မြောက်ပိုင်း ဈေးတစ်ဈေးအပြင်ဘက်၌ တက်ဖရီဘိုကိုဟာရမ်စစ်သွေးကြွများ တိုက်ခိုက်မှုကြောင့် လူအများအပြားသေဆုံးသွားကြောင်း သတင်းများ၌ ဖော်ပြသည်။

ဘော်နိုပြည်နယ်၏ မြို့တော်မှ ၁၂ ဒသမ ၅ မိုင်အကွာ အင်နွဂန်းကျေးရွာရှိဈေးကို သေနတ်သမား ၅၀ ခန့်က မော်တော်ဆိုင်ကယ်များဖြင့် ဝင်ရောက်လာပြီး တိုက်ခိုက်ခဲ့ကြောင်း ဒေသခံများက စနေနေ့တွင် ပြောသည်။

ဘိုကိုဟာရမ်စစ်သွေးကြွများက ဈေးအတွင်းဝင်ပြီး တရစပ်ပစ်ခတ်သွားကြောင်း၊ သေဆုံးသူများပြားကြောင်း၊ သေဆုံးသူများအား အတည်မပြုနိုင်သေးကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

နိုင်ဂျီးရီးယားအစိုးရတပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုက်ခိုက်ရေးသမားများက ၎င်းအကြမ်းဖက်သမားများအား ပြန်လည်ပစ်ခတ်ခဲ့ကြောင်းဖြင့်လည်း သတင်းများက ဆိုသည်။

"အစိုးရတပ်ဖွဲ့ဝင်တွေနဲ့ အရပ်သားတွေက ဒါဇင်နဲ့ချီတဲ့ ဘိုကိုဟာရမ် တိုက်ခိုက်ရေးသမားတွေကို အောင်မြင်စွာ တိုက်ထုတ်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် သူတို့ထဲက အများစုကတော့ ချုံပုတ်တွေထဲ ပြေးဝင်ထွက်ပြေးလွတ်မြောက် သွားကြပါတယ်"ဟု မိုင်ဒူဂူရီမြို့မှ ထွက်ပြေးလာသူ ဒေသခံတစ်ဦးဖြစ်သည့် တာနီ မူဂိုနီက ပြောသည်။

အဆိုပါတိုက်ခိုက်မှုသည် နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များက ကွန်ဒူဂါမြို့ မြောက်ပိုင်း၌ ဘိုကိုဟာရမ်စစ်သွေးကြွ ၈၀ ကျော်ကို သုတ်သင်ချေမှုန်းပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

(ပရက်စ်တီဗီ)

ပဲခူးတွင်လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

ပဲခူး စက်တင်ဘာ ၁၄

လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ ဆုပေးပွဲနှင့် ပြပွဲအခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ပဲခူးမြို့ မြို့တော်ခန်းမ၌ အစီအစဉ် (၉)ရပ်ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်နှင့် ဒုဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးအေးဝင်း၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသန်းဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ စုစုပေါင်း ၄၇၀ ခန့် တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်းများကို ဟောပြောခဲ့သည်။ ယင်းနောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူ ကျောင်းသား ကျောင်းသူများကို ဆုချီးမြှင့်ခဲ့ပြီး ပန်းချီ၊ ပိုစတာ ပြခန်းအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သန့်စင်**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်း လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ၊ ဆုပေးပွဲနှင့် ပြပွဲအခမ်းအနားတွင် တက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား အားပေးစကား ပြောကြားစဉ်။

အရှိန်လွန်ကား ခြံစည်းရိုးကျော်ကျ

ဟားခါး စက်တင်ဘာ ၁၄

ဟားခါးမြို့ ဈေးသစ်ရပ်ကွက် ပိုလ်ချုပ်လမ်းမကြီးပေါ်တွင် စက်တင်ဘာ ၁၂ ရက်ည ၁၁ နာရီ မိနစ် ၂၀ ခန့်က ခဲရောင်စူးပါကာစတန်ကားတစ်စီး အရှိန်လွန်ကာ ပလက်ဖောင်းနှင့် ခြံစည်းရိုးကျော်၍ နှစ်ထပ်အိမ်ဝရန်တာတိုက်မှု ဖြစ်ပွားသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ ယာဉ်မောင်း မောင်ဗန်ဘွေကျဲအို(၂၁ နှစ်) မြို့သစ်ရပ်ကွက် နေသူသည် ပိုလ်ချုပ်လမ်းအတိုင်း အရှေ့မှ အနောက်သို့ ၂၁/...ခဲ ရောင် စူးပါကာစတန်မော်တော်ယာဉ်ကို မောင်းနှင်လာစဉ် လမ်းဆုံ အရောက်၌ လမ်း၏ညာဘက်သို့ အရှိန်လွန်ကာ ပလက်ဖောင်း၊ ခြံစည်းရိုးနှင့် နှစ်ထပ်အိမ်အပေါ်ထပ် ဝရန်တာတို့ကို ထိခိုက်မှုဖြစ်ပွားခြင်း ဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းနှင့်အတူ ပါလာသူတစ်ဦးတို့မှာ ထိခိုက်ဒဏ်ရာရမှုမရှိသော်လည်း ကားရှေ့မှန်များ ပျက်စီးခဲ့ပြီး ခြံစည်းရိုးနှင့် နေအိမ်အပေါ်ထပ်ဝရန်တာများ ပျက်စီးခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုနှင့် ပတ်သက်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ မောင်ဗန်ဘွေကျဲအိုကို ဟားခါးမြို့ မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀၀ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၄

စက်တင်ဘာ ၁၂ ရက်က မူးယစ်တပ်ဖွဲ့စု (၁၀၄) နေပြည်တော် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ၃၁ လမ်း၊ ၈၂×၈၃ လမ်းကြား၊ ဝိတိရိယဟိုတယ်ရှေ့ ရောက်ရှိလာသော ထွန်းဝေဆိုသူကို ရှာဖွေရာ ၄င်းကိုင်လာသော ပလတ်စတစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀၀ သိမ်းဆည်းရမိသဖြင့် ထွန်းဝေ(ခ)အဖြူ (၅၂နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ညီမဖြစ်သူအား စနောက်သူနှင့် စကားများရန်ဖြစ်ရာမှ ဓားဖြင့်ထိုးခံရ၍သေဆုံး

ရန်ကုန် စက်တင်ဘာ ၁၄

အင်းစိန်မြို့နယ်နေ ဦးဝင်းမြင့်သည် စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲက နေအိမ်တွင်ရှိနေစဉ် အင်းစိန်မြို့နယ် ကမ်းနားအနောက်ရပ်ကွက် အောင်ဇေယျအိမ်ရာ ဈေးလမ်းတွင် အတူနေသားဖြစ်သူ မှန်ကြီး(ခ)မင်းထွဋ်(၄၄ နှစ်)မှာ ခိုက်ရန်ဖြစ်ပွားကြောင်း ကြားသိရသဖြင့် သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ ထိုသို့သွားရောက်ကြည့်ရှုရာ သားဖြစ်သူမှန်ကြီး(ခ)မင်းထွဋ်တွင် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရကြောင်း၊ ပတ်ဝန်းကျင်အားမေးမြန်းရာ သားဖြစ်သူ မှန်ကြီး(ခ)မင်းထွဋ်က ညီမဖြစ်သူအား တစ်လမ်းတည်းနေ စိန်လှိုင်(၂၆နှစ်)က စနောက်သဖြင့် စကားများရန်ဖြစ်ကြစဉ် စိန်လှိုင်က ဓားဖြင့်ထိုးခဲ့၍ ဒဏ်ရာရသေဆုံးခြင်းဖြစ်ကြောင်းသိရပြီး စိန်လှိုင်အား အရေးယူပေးရန် တိုင်တန်းခဲ့ကြောင်း သိရသည်။

ဖခင်ဖြစ်သူ ဦးဝင်းမြင့်၏ တိုင်တန်းချက်အရ စိန်လှိုင်ကို အင်းစိန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူကာ ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(လ/ဝ၃၄)

ပြည်တွင်းသတင်း

မြေကြီးများရောင်းချပေးမည်

နေပြည်တော် စက်တင်ဘာ ၁၄

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနပိုင် မန္တလေးတိုင်းဒေသကြီး နတ်ရောကန်ငါးလုပ်ငန်းစခန်းအား နိုင်ငံတကာအဆင့်မီနည်းပညာဖြင့် ငါးမွေးမြူထုတ်လုပ်နိုင်ရန်အတွက် ကန်များ ပြင်ဆင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် ကန်တူးဖော်ခြင်းမှ ထွက်ရှိလာသော မြေကြီးများကို အခြားသောနေရာများတွင် မြေဖို့ခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်းများဆောင်ရွက်ရန် ဝယ်ယူလိုခြင်းရှိပါက ရောင်းချပေးသွားမည်ဖြစ်ပြီး မှာယူလိုသူများအတွက် ဖုန်း ၀၆၇-၄၀၈၀၅၉၊ ၀၆၇-၄၀၈၄၇၆၊ ၀၉-၂၀၀၀၄၄၂ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မသန့်ရှင်းသည့်အစားအစာ စားမိခဲ့ရာမှ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွား

ဗန်းမောက် စက်တင်ဘာ ၁၄

ကသာခရိုင် ဗန်းမောက်မြို့နယ် မံထုံကျေးရွာအုပ်စု တာမကျိုင်းကျေးရွာ ဥပုသ်ဇရပ်တွင် စက်တင်ဘာ ၁၀ ရက်က စုပေါင်းချက်ပြုတ်စားသောက်ရာမှ အစားအစာ မသန့်ရှင်းခဲ့သည့်အတွက် အမျိုးသား(ကိုးလသားကလေးတစ်ဦးပါ) ၁၄ ဦး၊ အမျိုးသမီး ၂၇ ဦး စုစုပေါင်း ၄၁ ဦး ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခဲ့သည်။

ဗန်းမောက်မြို့နယ် မံထုံကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဒေါ်ခင်လဲ့ရီက တာမကျိုင်းကျေးရွာစာကြည့်တိုက်၌ လူနာ ၄၁ ဦးအနက် လူနာ ၁၁ ဦးကို ဆေးသွင်းကုသပေးခဲ့ပြီး စက်တင်ဘာ ၁၂ ရက်တွင် လူနာခြောက်ဦးကို ဆက်လက်ဆေးသွင်းကုသပေးခဲ့သဖြင့် အခြေအနေမှာ စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရသည်။

အဆိုပါတာမကျိုင်းကျေးရွာသို့ စက်တင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီက ဗန်းမောက်မြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် ဗန်းမောက်မြို့နယ် ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန်တို့ပါဝင်သော ပူးပေါင်းအဖွဲ့က ကွင်းဆင်းသွားရောက်၍ လိုအပ်သောကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

ထီလုံကျေးရွာဘုန်းကြီးကျောင်း၌ မီးလောင်မှုဖြစ်ပွား

လှိုင်းဘွဲ့ စက်တင်ဘာ ၁၄

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအုပ်စု ထီလုံကျေးရွာမြောက်ပိုင်းရပ်ကွက် ဘုန်းကြီးကျောင်းတွင် စက်တင်ဘာ ၁၃ရက် နံနက် ၁ နာရီ မိနစ် ၄၀ က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ထီလုံကျေးရွာမြောက်ပိုင်းရပ်ကွက် ကျောင်းထိုင်ဆရာတော် သတင်းသုံးတော်မူသော နှစ်ပေါင်း ၂၀၀ သက်တမ်းရှိ အရှေ့ကျောင်းတိုက်တွင် ရှင်ခေမာစာရ(ပထမဝါ) အသက် ၁၀ နှစ်သည် ဖယောင်းတိုင်မီးပူဇော်ရာ ဖယောင်းတိုင်မီးလဲကျရာမှ ဖယောင်းပုဆိုးမီးစွဲလောင်ပြီး အခင်းကြမ်းခင်းကို ကူးစက်လောင်ကျွမ်းခဲ့သည်။

မီးလောင်ရာသို့ လှိုင်းဘွဲ့မြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ သန္ဓေတပ်ဖွဲ့ဝင် ၁၁ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ ဘားအံမီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ မီးသတ်စက်ယာဉ်တစ်စီး၊ သန္ဓေတပ်ဖွဲ့ဝင် ၁၂ ဦးနှင့် ကျေးရွာလူထုက ပိုင်းဝန်းဇြမ်းသတ်ခဲ့ရာ နံနက် ၃ နာရီခွဲတွင် မီးညွှန့်ကျိုးသွားခဲ့ပြီး နံနက် ၅ နာရီတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်ကျွမ်းရာတွင် ပေ(၉၀×၈၀)သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ် ကျောင်းတစ်ကျောင်း၊ ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၄၅ သိန်းခန့်၊ ထိခိုက်ဒဏ်ရာမရရှိကြောင်းနှင့် မီးပေါ်ဆသူ ရှင်ခေမာစာရကို ထီလုံရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကရင်ပြည်နယ်ဝင်တန်းအောင်မြင်ပြီးသူများ ကျောင်းပိတ်ရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)Y.W.C.A ဘိုကလေးရွှေလမ်း
Ph: 202046,392048,256954
Basic English Speaking
10-11:30 (Mon – Thurs) 22 Sep
3:30 - 5 (Mon – Thurs) 29 Sep
1 - 4:00 (Sat + Sun) 5 Oct
1 - 2:30 (Mon – Thurs) 6 Oct
Basic Four Skills English
7:30-10:30 (Sat + Sun) 14 Sep
7:30 - 9 (Mon – Thurs) 15 Sep
9 - 12:00 (Sat + Sun) 21 Sep
1 - 4:00 (Sat + Sun) 21 Sep
1 - 2:30 (Mon – Thurs) 29 Sep
3:30 - 5 (Mon – Thurs) 1 Oct
Basic Grammar
7:30-10:30 (Sat + Sun) 13 Sep
9 - 12:00 (Sat + Sun) 5 Oct
Pre-Intermediate (4 Skill English)
10-11:30 (Mon – Thurs) 22 Sep
1 - 4:00 (Sat + Sun) 27 Sep
9 - 12:00 (Sat + Sun) 5 Oct
Intermediate (Academic English)
7:30 - 9 (Mon – Thurs) 16 Sep
10-11:30 (Mon – Thurs) 22 Sep
Vocab Enrichment
10-11:30 (Mon – Thurs) 8 Sep
7:30 - 9 (Mon – Thurs) 15 Sep
Basic Writing
10 - 11:30 (Mon – Thurs) 13 Oct
1 - 4:00 (Sat + Sun) 26 Oct
Intermediate Writing
12 - 3:00 (Sat + Sun) 18 Oct
လှည်းတန်းကျောင်းခွဲ
ဦးတွန်းတင်မြတ်သမ်း အမှတ် ၅ (H-1) နတ်ကောင်းလမ်း (လှည်းတန်းယဉ်တိုက်)
Ph: 01-503472, 09 73001453 တွင် မှတ်ပုံတင်ရန်သတင်းများ
Basic English Speaking
7:30-10:30 (Sat + Sun) 14 Sep
1 - 2:30 (Mon – Thurs) 22 Sep
7:30 - 9 (Mon – Thurs) 29 Sep
5 - 7:30 (Mon – Thurs) 29 Sep
Pre-Intermediate
3:30 - 5 (Mon – Thurs) 29 Sep
5 - 7:30 (Mon – Thurs) 13 Oct
Basic Grammar
12 - 3:00 (Sat + Sun) 19 Oct
Basic Four Skills English
3:30 - 5 (Mon – Thurs) 29 Sep
5 - 7:30 (Mon – Thurs) 6 Oct
7:30 - 9 (Mon – Thurs) 21 Oct
Intermediate
7:30-10:30 (Sat + Sun) 20 Sep
IELTS (Preparation)
1 - 3:30 (Mon – Thurs) 1 Sep
1 - 4:30 (Sat + Sun) 25 Oct
IELTS Exam Practice
3:30 - 5 (Mon – Thurs) 8 Sep
IELTS (Speaking)
1 - 2:30 (Mon – Thurs) 22 Sep
IELTS (Reading)
10 - 12:00 (Mon – Thurs) 6 Oct
IELTS (Writing)
10-12:00 (Sat + Sun) 4 Oct

23
ဗသလာ
(ဝါစီးပါးရောင်းကုန်)
ပတင်းသီးတင်းရွက်၊ ပဲအမျိုးမျိုး ဂဏန်း၊ ငါး ကြက်သား
သိုးသား ဆီတက်သားနှင့် အမဲသားတို့တွင် အနှစ်အရသာ
အကွက် ဖြည့်ကြွက်နိုင်ပါသည်။
ဈေးနှုန်း - ၈၀ - ဘုတိန်း ၂၂ ရောင်းလေ့ကျင့်ရေး ရေနောက်ကြိုးပမ်းမှုနှင့် ရေ ဘုတ်ရောင်းကြ

GRADE-8
အဌမတန်း အင်္ဂလိပ်စာ ဝတ္ထုချုန်
ကျူးလွန်မှုမပြုမီ ရှင်းလင်းကျွမ်းကျင်ရေး
ဦးစိန်ဝင်း
Essays & Letters
Verb Forms, Word Forms, Vocabulary
ဆွတ်ခူး
ဝတ္ထုချုန် (ဝတ္ထုချုန်) ဈေးတိုက်
Ph: 01-253143, 09 73023336

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နဲ့ (၂၀၁၄)သန်းခေါင်စာရင်းရလဒ်များ

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

လွန်ခဲ့တဲ့ရက်က သတင်းစာထဲမှာ မကြာသေးမီက ဆောင်ရွက်ခဲ့တဲ့ (၂၀၁၄) သန်းခေါင်စာရင်း ရေ့ပြေးရလဒ်များကို နိုင်ငံတော်အစိုးရက ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အခုလိုရလဒ်များ ကြေညာတာကို ကြားရတော့ ကျွန်တော်အလွန်ဝမ်းသာရပါတယ်။ နှစ်ပေါင်း ၃၀ မျှော်လင့်ခဲ့တဲ့ လူဦးရေစာရင်းအတိအကျ သိရတော့မှာမို့ ကြိုဆိုနေမိပါတယ်။ နောက်ဆုံးလုပ်ခဲ့တဲ့ သန်းခေါင်စာရင်းက ၁၉၈၃ ခုနှစ်။ အဲဒီအချိန်ကစပြီး အခုနှစ်ပေါင်း ၃၀ ကျော်မှ တစ်ကြိမ်လုပ်ဖြစ်တာ။ ၁၉۹၃ ခုနှစ်၊ ၂၀၀၃ ခုနှစ်နဲ့ ၂၀၁၃ ခုနှစ်တွေမှာ မလုပ်နိုင်ခဲ့ဘူး။ အခုလို ဆောင်ရွက်နိုင်တာဟာ အောင်မြင်မှုတစ်ရပ်ပါ။

မြန်မာနိုင်ငံရဲ့ သန်းခေါင်စာရင်းကို ပြိတိသျှကိုလိုနီလက်ထက် (၁၈၉၁ ခုနှစ်)မှာ ပထမအကြိမ် ဆောင်ရွက်ခဲ့တယ်။ သီပေါမင်းပါတော်မူပြီး ခြောက်နှစ်အတွင်း လုပ်ဖြစ်တာ။ ဒါ့ကြောင့် ၁၉၀၁ ခုနှစ်၊ ၁۹၁၁ ခုနှစ်၊ ၁۹၂၁ ခုနှစ်နဲ့ ၁۹၃၁ ခုနှစ်တို့မှာ ၁၀ နှစ်တစ်ကြိမ် သန်းခေါင်စာရင်းတွေ လုပ်ဖြစ်ခဲ့တယ်။ ၁۹၄၁ ခုနှစ် သန်းခေါင်စာရင်းက ဒုတိယကမ္ဘာစစ်ကြောင့် တစ်ဝက်တစ်ပျက် လုပ်ခဲ့ရတာဖြစ်တယ်။ လွတ်လပ်ရေးရပြီး ၈းနှစ်အကြာ ၁۹၅၃ ခုနှစ်မှာ စပြီး သန်းခေါင်စာရင်းကို လုပ်ခဲ့တယ်။ ဒါကြောင့် ၁۹၆၃ ခုနှစ်၊ ၁۹۷၃ ခုနှစ်နဲ့ ၁۹၈၃ ခုနှစ် သုံးကြိမ်တိတိလုပ်ဖြစ်ခဲ့တယ်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ရှေ့ပြေးရလဒ်တွေကို ထုတ်ပြန်ပြီးတော့ ဂျာနယ်တွေမှာ ပုံစံမျိုးစုံနဲ့ ဝေဖန်နေကြတာ၊ ဆွေးနွေးနေကြတာ တွေ့လိုက်ရပါတယ်။ ဝမ်းသာရမယ့်အစား ပြစ်တင်ဝေဖန်မှုတွေကို ကြားရလို့ အံ့သြမိပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံရဲ့ လူဦးရေဟာ အရင်တုန်းကခန့်မှန်းထားခဲ့သလို သန်း ၆၀ ကျော် မဟုတ်ဘဲ ၅၁ သန်းသာရှိတဲ့ကိစ္စ။ ၁၀ သန်းတောင် ကွာဟနေတာကို မယုံကြည်တဲ့မျက်စိနဲ့ ပြောဆိုနေကြတာ တွေ့ရပါတယ်။

အမှန်တော့ သန်း ၆၀ ကျော်ရှိမယ်လို့ တစ်ချိန်လုံး ပြောနေကြတာက ၁۹၈၃ ခုနှစ် သန်းခေါင်စာရင်းရလဒ်ကို အခြေခံပြီး ခန့်မှန်းထားတဲ့ ကိန်းဂဏန်းတစ်ခုဖြစ်တာကို မေ့နေကြပြီ။ ၁۹၈၃ ခုနှစ်မှာ ရှိတဲ့လူဦးရေကို အခြေခံပြီး ခန့်မှန်းမွေးနှုန်းကိုပေါင်း၊ ခန့်မှန်းသေဆုံးမှုနှုန်းကို နုတ်ပြီး တွက်ချက်ခဲ့တာဖြစ်တယ်။ အခုတော့ သန်း ၆၀ ကျော်က အစစ်အမှန်၊ သန်း ၅၀ ကျော်ဟာ မဖြစ်နိုင်ဘူး၊ ယုတ္တိမရှိဘူးဆိုပြီး မျက်စိမှိတ်ပြီး ငြင်းခုံနေကြတာ တွေ့ရတယ်။

အရင်တစ်ပတ်က ထုတ်လုပ်တဲ့ ရှေ့ပြေးအစီရင်ခံစာထဲမှာ စုစုပေါင်း လူဦးရေက ၅၁၄၁၉၄၂၀၊ အမျိုးသားက ၂၃၈၂၁၁၇၆ ဦးနဲ့ အမျိုးသမီးက ၂၆၅၂၈၂၄၄ ဦးဖြစ်ပြီး စုစုပေါင်းအိမ်ထောင်စု ၁၀၈၈၉၃၄၈ စု ရှိကြောင်း ဖော်ထုတ်ခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးရဲ့ လူဦးရေဟာ စုစုပေါင်း လူဦးရေရဲ့ ၁၄ ဒသမ ၃ ရာခိုင်နှုန်းဖြစ်ပြီး ကယားပြည်နယ်က လူဦးရေအနည်းဆုံး ဒေသ ၀ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ကျား/မ အချိုးကို သုံးသပ်ရာမှာ တစ်နိုင်ငံလုံးမှာ အမျိုးသမီး ၁၀၀ ရှိတိုင်း အမျိုးသား ၈၂ ဦးရှိပြီး ကချင်ပြည်နယ်မှာ အမျိုးသမီး ၁၀၀၊ အမျိုးသား ၁၀၈ ဦး ရှိနေတာ တွေ့ရပါတယ်။

မြို့နေလူဦးရေဟာ စုစုပေါင်း လူဦးရေရဲ့ ၂၉ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားပြီး ရန်ကုန်တိုင်းဒေသကြီးမှာ ၇၀ ဒသမ ၁ ရာခိုင်နှုန်းရှိပါတယ်။

လူဦးရေသိပ်သည်းမှုအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတို့မှာ သိပ်သည်းမှုများနေပြီး အနည်းဆုံးက ချင်းပြည်နယ်နဲ့ ကချင်ပြည်နယ်တို့ ဖြစ်ပါတယ်။

အိမ်ထောင်စုဦးရေအရ ပျမ်းမျှခြင်းအားဖြင့် ၄ ဒသမ ၄ ဦး ရှိကြောင်း ဖော်ပြထားပါတယ်။

အခုလို ပမာဏရှေ့ပြေးသန်းခေါင်စာရင်းကို အခြေခံပြီး လုပ်စရာတွေ အများကြီးရှိပါတယ်။ လူဦးရေကိုအခြေခံပြီး လိုအပ်တဲ့စီမံကိန်းတွေ၊ အစီအစဉ်တွေကို ယခင်ကထက် ပိုမိုတိတိကျကျဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ အရင်တုန်းက လူဦးရေ သန်း ၆၀ လို့ ခန့်မှန်းတွက်ချက်မှုအစား အခုလို ၅၁ သန်းကျော်လို့ ကိန်းဂဏန်းနဲ့ တိတိကျကျလိုအပ်တဲ့ အစီအစဉ်တွေကို ဖော်ထုတ်သွားနိုင်မှာဖြစ်ပါတယ်။

သန်းခေါင်စာရင်းရှေ့ပြေးရလဒ်တွေဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီးအတွက် အလွန်အရေးပါလှပါတယ်။ ဥပမာအားဖြင့် ယခင်ကသန်း ၆၀ ကို အခြေခံထားတဲ့ တစ်ဦးကျဝင်ငွေ ကိန်းဂဏန်းဟာ ရရှိလာတဲ့ရလဒ်ကိုအခြေခံပြီး ပြန်လည်တွက်ချက်ရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် တိုင်းပြည်ဝင်ငွေဟာ ၁၀၀၀ ဖြစ်ပြီး လူဦးရေခန့်မှန်းမှုဟာ ၂၀၀ ဖြစ်ရင် တစ်ဦးကျဝင်ငွေဟာ တစ်ဦးတစ်ယောက်အတွက် (၅)ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် လူဦးရေဟာ ၂၀၀ အစား ၁၀၀ ဖြစ်ရင် တစ်ဦးကျ ဝင်ငွေဟာ (၅)အစား (၁၀) ဖြစ်သွားမှာဖြစ်တယ်။ ဒါကြောင့်လည်း သန်း ၅၀ ရှိကြောင်း သိရတဲ့ အချိန်မှာ တစ်ဦးကျဝင်ငွေခန့်မှန်းမှုတွေကို ပြင်သွားရမှာ ဖြစ်ပါတယ်။ ယခင်က တစ်ဦးကျဝင်ငွေထက် ပိုများလာတယ်ဆိုတာကို လက်ခံရမှာ ဖြစ်ပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် တစ်နေ့က ရန်ကုန်မြို့မှာ အလုပ်ရုံဆွေးနွေးပွဲ တစ်ခု လုပ်ဆောင်ခဲ့ပါတယ်။ ဒီဆွေးနွေးပွဲမှာ တက်ရောက်လာတဲ့သူတွေက သန်းခေါင်စာရင်းရှေ့ပြေးရလဒ်အကြောင်းဆွေးနွေးခဲ့ကြတယ်။ ကျွန်တော်လည်း တတ်စွမ်းသမျှဖြေရှင်းပေးပါတယ်။ ဒီအကြောင်းစဉ်းစားလိုက်ရင် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅ နှစ်လောက်က အခြေအနေကို ပြန်ပြီးသတိရမိပါတယ်။

လူဦးရေကိုအခြေခံပြီး လိုအပ်တဲ့စီမံကိန်းတွေ၊ အစီအစဉ်တွေကို ယခင်ကထက် ပိုမိုတိတိကျကျဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ အရင်တုန်းက လူဦးရေ သန်း ၆၀ လို့ ခန့်မှန်းတွက်ချက်မှုအစား အခုလို ၅၁ သန်းကျော်လို့ ကိန်းဂဏန်းနဲ့ တိတိကျကျ လိုအပ်တဲ့ အစီအစဉ်တွေကို ဖော်ထုတ်သွားနိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော့်ကို ကျန်းမာရေးဝန်ကြီးဌာနမှာ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးပြီး ဝန်ကြီးဖြစ်တဲ့ဆရာကြီး ဦးဖေသိန်းက မေးခဲ့တဲ့မေးခွန်းကို သတိရမိပါတယ်။ ကျန်းမာရေးကဏ္ဍမှာ ဘယ်ကိစ္စကို အာရုံစိုက်သင့်သလဲဆိုပြီး မေးပါတယ်။ ကျွန်တော်ကလည်း ချက်ချင်းပဲ ဆရာကြီး လူဦးရေကိစ္စဟာ ပမာနကျတဲ့ကိစ္စ၊ဒါကြောင့် ဒါကိုအာရုံစိုက်စေချင်တယ်လို့ ပြန်ဖြေဖြစ်တယ်။

ဒီတုန်းက ကျွန်တော်တို့နိုင်ငံမှာ မွေးနှုန်းကမြင့်တယ်၊ ဒီအတိုင်းမွေးနှုန်းတွေမြင့်နေရင် လူဦးရေတိုးနှုန်းဟာ များလာမယ်။ လူဦးရေအဆမတန်များရင် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍအသီးသီးအတွက် ဆက်စပ်မှုတွေရှိနိုင်တယ်။ ဒါကြောင့် တရုတ်နိုင်ငံတို့၊ အိန္ဒိယနိုင်ငံတို့မှာ ကျင့်သုံးနေကြတဲ့ မိသားစုစီမံကိန်းအစီအစဉ်တွေ လုပ်စေချင်တယ်လို့ အကြံပေးခဲ့တယ်။ ကျွန်တော့်ရဲ့အကြံပေးချက်ကို ခိုင်လုံတဲ့စာရင်းအင်းသက်သေအထောက်အထား၊ ကွန်ပျူတာတွက်ချက်မှုတွေကို အခြေခံပြီး လူကြီးတွေကို တင်ပြခဲ့တယ်။ အမျိုးသားကျန်းမာရေးကော်မတီမှာ ဒီအကြောင်းကို တင်ပြခဲ့ပြီး မြန်မာပြည်မှာ လူဦးရေစီမံခန့်ခွဲမှုအစီအစဉ်၊ နိုင်ငံရေးယဉ်ကျေးမှုဓလေ့ထုံးစံနဲ့ ကိုက်ညီအောင် စတင်ပြီး ဆောင်ရွက်ခဲ့တယ်။ ဒါကြောင့်လည်း မွေးနှုန်းတွေဟာ လျော့လာခဲ့ပါတယ်။

နိုင်ငံတစ်နိုင်ငံအတွက် Optimum Population Size အကောင်း လူဦးရေ ပမာဏဆိုတာမရှိပါဘူး။ ကိုယ့်နိုင်ငံရဲ့ အခြေအနေပေါ်မူတည်ပြီး တာဝန်ရှိတဲ့ နိုင်ငံတော်အစိုးရတွေက လူဦးရေစီမံကိန်းတွေ ဖော်ထုတ်ခဲ့ကြပါတယ်။ ဥပမာ တစ်ချိန်က တရုတ်နိုင်ငံမှာ One-Child Policy ကို ကျင့်သုံးလာခဲ့တယ်။ မိသားစုတစ်စုမှာ ကလေးတစ်ဦးသာ မွေးခွင့်ပြုခဲ့တယ်။ အုပ်ချုပ်ရေးနည်းတွေကို တင်းတင်းကျပ်ကျပ် ကျင့်သုံးခဲ့တယ်။ ဒါပေမယ့် တရုတ်လူမျိုးတို့ရဲ့ ယဉ်ကျေးမှုအရ သားဆုပန်တာမို့ သန္ဓေဟာ အမျိုးသမီးဖြစ်ရင် ကိုယ်ဝန်ဖျက်ချမှုတွေ များခဲ့တယ်။ ဒါကြောင့်လည်း Missing girls လို့ခေါ်တဲ့ ပျောက်ဆုံးသွားတဲ့ ကလေးမများဆိုတဲ့ အယူအဆကို စီးပွားရေးပညာရှင် အမတရာဆင်းက ဖော်ထုတ်ခဲ့တယ်။ ကျား/မ အချိုးမှာ အမျိုးသားတွေ များနေတာ တွေ့ခဲ့ရတယ်။

ရှေ့ပြေးရလဒ်မှာ မပါပေမယ့် ၂၀၁၅ ခုနှစ် မှာ ကိန်းဂဏန်းအပြည့်အစုံရတော့မှာမို့ ကျွန်တော်က အထူးမျှော်လင့်နေပါတယ်။ အထူးသဖြင့် အသက်အပိုင်းအခြားအလိုက် လူဦးရေစာရင်းဟာ နိုင်ငံဖွံ့ဖြိုးမှုအတွက် အလွန်အရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။ သက်နုလူဦးရေရှိတဲ့နိုင်ငံမှာ လူဦးရေအခွင့်အရေး Demographic Opportunity ရှိတယ်လို့ ပညာရှင်များက သုံးသပ်ပါတယ်။ လူဦးရေမှာ အသက်အရွယ်နုငယ်တဲ့ လူတွေများရင် နိုင်ငံအတွက် စီးပွားရေးဖွံ့ဖြိုးမှုမှာ အထောက်အကူဖြစ်ပါတယ်။ ယခုအချိန်မှာ ဥရောပနဲ့ ဂျပန်နိုင်ငံမှာ သက်ကြီးလူဦးရေရဲ့ဆိုးကျိုးကို ခံစားနေရတာကို တွေ့နိုင်ပါတယ်။ အလုပ်လုပ်မယ့်သူတွေနည်းပြီး မှီခိုသူတွေများလာတာမို့ နိုင်ငံရဲ့ စီးပွားရေးကိုလည်း ထိခိုက်ပါတယ်။ မြန်မာနိုင်ငံရဲ့ အသက်နု လူဦးရေအခွင့်အရေးကို ထိထိရောက်ရောက် ယူနိုင်ဖို့ လိုအပ်နေပါတယ်။

ကျွန်တော်က လူတစ်မျိုးပါ။ ဖန်ခွက်တစ်ခွက်ထဲမှာ ရေတစ်ဝက်ပြည့်တယ်လို့ အမြဲမြင်တတ်တယ်။ မကောင်းတာ မမြင်နိုင်တဲ့အကျင့်ပါ။ အလားတူ ကျွန်တော်တို့နိုင်ငံအတွက် အကောင်းမြင်ဝါဒတွေ ကြီးထွားရှင်သန်စေချင်ပါတယ်။ ။

ကြံစိုက်တောင်သူများ မကြာခင်ငွေရှင်ကြတော့မည်

ဖြူး စက်တင်ဘာ ၁၄

၂၀၁၃-၂၀၁၄ ခုနှစ် ကြံစိုက်ပျိုးရာသီတွင် ဖြူးမြို့နယ် ဇေယျဝတီဆင်ဖြူတော်အဆင့်မြင့် သကြားစက်၏ ကြံစိုက်ပျိုးမှု ဇုန်နယ်မြေများဖြစ်သည့် ကျောက်ကြီးမြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်များရှိ ကြံတောင်သူများက တွက်ခြေကိုက်ကြသဖြင့် ယမန်နှစ်ကထက် ကြံစိုက်ဧကများ တိုးချဲ့စိုက်ပျိုးခဲ့ကြရာ ယခုနှစ်တွင် ကြံစိုက်ဧကပေါင်း ၉၈၀၀ ကျော် စိုက်ပျိုးခဲ့ကြသည်။ **(အပေါ်ပုံ)**

ယခုနှစ် မိုးရာသီတွင် မိုးဦး၊ မိုးလယ်များ၌ မိုးခေါင်ခဲ့ပြီး မိုးရွာသွန်းမှု နည်းပါးခဲ့သော်လည်း ကြံစိုက်ခင်းများမှာ လုံးဝထိခိုက်ပျက်စီးမှုမရှိကြဘဲ အားလုံးနီးပါး ဖြစ်ထွန်းအောင်မြင်လျက် ရှိကြပြီး များမကြာမီအချိန်တွင် ဇေယျဝတီဆင်ဖြူတော် အဆင့်မြင့်သကြားစက်မှ ကြံတစ်တန်လျှင် အခြေခံစျေးနှုန်းကျပ်သုံးသောင်းနှုန်းဖြင့် ဝယ်ယူတော့မည်ဖြစ်၍ ကြံစိုက်တောင်သူများ မကြာခင် ငွေရှင်ကြတော့မည်ဖြစ်သည်။

ထို့ပြင် ဇေယျဝတီဆင်ဖြူတော် သကြားစက်မှ ကြံတောင်သူများ၏ လိုအပ်ချက်များကို စဉ်ဆက်မပြတ် ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသဖြင့် ကြံတောင်သူများ ဝမ်းသာပီတိဖြစ်လျက်ရှိကြသည်။ ယခုနှစ် ကြံဝယ်ယူရေးရာသီတွင် သကြားစက်သို့ ကြံစိုက်ခင်းများမှ ကြံများသယ်ယူပို့ဆောင်ပေးကြမည့်မော်တော်ယာဉ်ပိုင်ရှင်များကိုလည်း ယာဉ်ပြင်ဆင်ခအဖြစ် ယာဉ်ကြီးတစ်စီးလျှင် ငွေကျပ်သုံးသိန်းနှင့် ယာဉ်လတ်တစ်စီးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် မကြာမီ ကြိုတင်ထုတ်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြူး-မြင့်ဦး

ပြန်လည်အခြေချပြောင်းရွှေ့လိုသည့် မိသားစုဝင်များ နေရပ်ပြန်နိုင်ရေးဆောင်ရွက်

လွယ်ဂျယ် စက်တင်ဘာ ၁၄

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ပေါ်ရှိ ခေတ္တနယ်မြေတိမ်းရှောင်စခန်း (IDP) များမှ မိမိနေရပ်ထံ ပြန်လည်အခြေချပြောင်းရွှေ့လိုသည့် မိသားစုများ၏ နေအိမ်အခြေအနေများကို စာရင်းပြုစုခြင်းအား မိုးမောက်မြို့နယ် အုပ်ချုပ်ရေးမှူးဦးပီတာဒွဲလ၊ မိုးမောက်မြိုနယ် ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးလဇိန်ဘာရန်၊ လွယ်ဂျယ်မြို့ အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးအောင်နှင့် ဌာနဆိုင်ရာများ၊ IDP စခန်းတာဝန်ခံများသည်စက်တင်ဘာ ၁၀ ရက်က မိုးမောက်မြို့နယ် စိန်လုံကျေးရွာ၊ ပန်မူကျေးရွာနှင့် စိန်ကမ္ဘာကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ စာရင်းပြုစုခြင်းကို စိန်လုံကျေးရွာ အိမ်ထောင်စုခြောက်အိမ်၊ ပန်မူကျေးရွာ အိမ်ထောင်စု တစ်အိမ်နှင့် စိန်လုံကမ္ဘာကျေးရွာ အိမ်ထောင်စု ၂၆ အိမ်တို့ကို ပြန်လည်အခြေချပြောင်းရွှေ့နိုင်ရန်အတွက် အခြေခံစာရင်းအချက်အလက်များ ပြုစုပြီး ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်သတင်းထောက်များ လှုမှုကူညီရေးအဖွဲ့ သို့ ပီရိုနှင့် ငွေလျှာ်ခိန်း

ရန်ကုန် စက်တင်ဘာ ၁၄

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လှုမှုကူညီရေးအဖွဲ့သည် လစဉ် လဆန်း ၇ ရက်နေ့တိုင်း ရန်ကုန်မြို့ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် အစည်းအဝေးကျင်းပလျက်ရှိသည်။

စက်တင်ဘာ ၇ ရက်က ကျင်းပသော လပတ်အစည်းအဝေးတွင် အဖွဲ့အတွက် လိုအပ်လျက်ရှိနေသော ငွေကျပ် ၁၂၀၀၀၀ တန် ပီရိုတစ်လုံးကို တာမွေမြို့နယ် သမိန်ဗရမ်းလမ်းနေ ဦးတင်ဝင်း-ဒေါ်တင်တင်ငွေး (နေဝန်းနီပရိဘောဂ)က လည်းကောင်း၊ ကျန်းမာရေးနာရေးတို့တွင် ထောက်ပံ့ကူညီနိုင်ရန်အတွက် သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက်နေ ဦးသိန်း-ဇော်ဦး-ဒေါ်ရူပါကျော်(သရဖူ သစ်နှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)က လျှာ်ခိန်းသောငွေကျပ် တစ်သိန်းကို အလျှောရှင်ကိုယ်စား သန်လျင်မြို့နယ် သတင်းထောက် ဦးသန်းဝင်း (တည်လေး)က ပေးအပ်လျှာ်ခိန်းရာ အဖွဲ့နာယကများ၊ ဥက္ကဋ္ဌဦးစီးဝင်းနှင့် အမှုဆောင်များက လက်ခံယူခဲ့သည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ပြည်တွင်းသတင်းနှင့် ကြေငြာ

လူငယ်များအနေဖြင့် စွမ်းအားများအသုံးချ၍ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်များတွင် တတ်စွမ်းသည့်နေရာမှ ပူးပေါင်းပါဝင်ရန်လို

မော်လမြိုင် စက်တင်ဘာ ၁၄

စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက မွန်ပြည်နယ်ရှိ လူငယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့်မော်လမြိုင်မြို့၊ ပြည်နယ်ခန်းမ၌ကျင်းပသည့် လူငယ်နှင့် ငြိမ်းချမ်းရေးဖိုရမ်အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတက်ရောက်၍ လက်ရှိဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့်စပ်လျဉ်းပြီး အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက မြန်မာနိုင်ငံ၏လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်အခြေအနေများကို ယနေ့ပြုလုပ်သည့် လူငယ်နှင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဝေဋ္ဌချင်ပါကြောင်း၊ အဝိုးရကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်များ၊ နိုင်ငံရေးအင်အားစုများ၊ လက်နက်ကိုင်မဟုတ်သည့် တိုင်းရင်းသားကိုယ်စားလှယ်များအပြင် ပါဝင်သင့်၊ ပါဝင်ထိုက်သောသူများအားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲကြီးကို ၂၀၁၄ ခုနှစ်မကုန်ခင်တွင် စတင်နိုင်ရန် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဆန္ဒရှိပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လက်တွေ့အကောင်အထည်ဖော်ရာတွင် လူထုအခြေပြုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အလွန်ပင် အရေးကြီးပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများအတွက် ပြည်သူများ၏အသံကို နားထောင်နိုင်ရန် ယခုပြုလုပ်သည့် ငြိမ်းချမ်းရေးဖိုရမ်များတွင် လူထုအခြေပြုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း။

မြန်မာနိုင်ငံရှိ လူငယ်များ၏ သမိုင်းကိုကြည့်ပါက လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ ပြည်ထောင်စုမပြိုကွဲရေးနှင့် ဒီမိုကရေစီအရေးကြိုးပမ်းမှုတို့တွင် လူငယ်များသည် ရှေ့တန်းမှနေ၍အစဉ် တာဝန်ကျေခဲ့သည်မှာ သမိုင်းသက်သေပင်ဖြစ်ပါကြောင်း၊ လူငယ်များအနေဖြင့် မိမိတို့၏စွမ်းအားများကိုအသုံးချ၍ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်များတွင် တတ်စွမ်းနိုင်သည့် နေရာမှနေ၍ ပူးပေါင်းပါဝင်ရန်တိုက်တွန်းလိုပါကြောင်း၊ လက်ရှိမိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းငြိမ်းချမ်းရေး ဖြစ်စဉ်သည် မိမိတို့နိုင်ငံသား တစ်ဦးချင်းစီအတွက် အလွန်အရေးပါသောကိစ္စရပ်ဖြစ်ပြီး တိုင်းရင်းသားလူမျိုးမရွေး၊ နိုင်ငံသားအားလုံးနှင့်သက်ဆိုင်သော ကိစ္စဖြစ်ပါကြောင်း၊ ယနေ့ပြုလုပ်သည့် ငြိမ်းချမ်းရေးဖိုရမ်သို့ တက်ရောက်ကြသော မော်လမြိုင်နှင့် မွန်ပြည်နယ် ဒေသအသီးသီးမှ လူငယ်ခေါင်းဆောင်များ အနေဖြင့်လည်း ထိရောက်သော လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန်မျှော်လင့်ပါကြောင်း၊ မျိုးဆက်သစ်လူငယ်များ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်သွားရန်အသင့်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရာတွင် ဥပဒေကိုလေးစားလိုက်နာမှသာလျှင် ငြိမ်းချမ်းမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိမှသာလျှင် ပညာရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အေးချမ်းစွာလုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ လူငယ်များသည် နိုင်ငံ၏ မီးရှူးတန်ဆောင်ပင်ဖြစ်၍ မိမိတို့နိုင်ငံတွင် လူငယ်များ၏အင်အားကို လိုအပ်လျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီကဏ္ဍတွင် သာမက ယနေ့ဖိုရမ်မှလူငယ်များ၏ တွေ့ရှိချက်များဖြစ်သော မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဖိုရမ်တက်ရောက်လာ

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း မော်လမြိုင်မြို့၊ ပြည်နယ်ခန်းမ၌ကျင်းပသည့် လူငယ်နှင့်ငြိမ်းချမ်းရေးဖိုရမ်တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သောလူငယ်များက ဖိုရမ်မှရလဒ်များကို ဆွေးနွေးတင်ပြခဲ့ပြီး သိရှိလိုသည်များကို ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ်ထံသို့ မေးမြန်းခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ပညာရေးအကြံပေးအဖွဲ့ခေါင်းဆောင် ဒေါက်တာရင်ရင်နွယ်က မြန်မာနိုင်ငံ၏ပညာရေးကဏ္ဍာပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များကို အပိုင်းနှစ်ပိုင်းခွဲ၍ တင်ပြခဲ့သည်။

အဆိုပါအခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ ၊ လူငယ်ခေါင်းဆောင်များ၊ လူထုအခြေပြုအဖွဲ့အစည်း အသီးသီးမှကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများနှင့် စိတ်ပါဝင်စားသူလူငယ်များ တက်ရောက်ကြပြီး အခမ်းအနားကို ညနေ ၅ နာရီတွင် ရုပ်သိမ်းခဲ့သည်။

လက်ရှိ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ လူငယ်များသိရှိစေရန်အတွက် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC) ကကြီးမှူး၍ စက်တင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ မော်လမြိုင်မြို့ ပြည်နယ်ခန်းမနှင့် ကုန်သည်ကြီးများနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းတို့တွင် နှစ်နေရာခွဲ၍ လေးရက်ကြာ လူငယ်နှင့် ငြိမ်းချမ်းရေးဆိုင်ရာ သင်တန်းနှင့်ဖိုရမ်ကို ကျင်းပခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

ငါး၊ ပုစွန်စခန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနခွဲ စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက တနသ်ာရီ၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်၊ ကရင်၊ ရခိုင်ပြည်နယ်တို့ရှိ ငါး၊ ပုစွန်စခန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲသို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးတက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ဆွေးနွေးပွဲသို့ အောက်မြန်မာနိုင်ငံရှိ ရေချိုငါးလုပ်ငန်းစခန်းတာဝန်ခံ ၁၃ ဦး၊ ရေငန်ငါးလုပ်ငန်းစခန်းတာဝန်ခံတစ်ဦး၊ ရေချို/ရေငန် ပုစွန်စခန်းတာဝန်ခံငါးဦးတို့ တက်ရောက်ပြီး ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ငါး၊ ပုစွန်စခန်းများ လက်ရှိဆောင်ရွက်နေမှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အခြေအနေများကို သုံးသပ်နိုင်ရန် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏မူဝါဒသည် ပြည်သူများ စားနပ်ရိက္ခာဖူလုံပြီး ဘေးအန္တရာယ်ကင်းသော သားငါးများထုတ်လုပ်ရေးပင်ဖြစ်ပါကြောင်း၊ Inland ငါးလုပ်ငန်းသည် ငါး၊ ပုစွန်စခန်းများနှင့် သက်ဆိုင်ပြီး ထိထိရောက်ရောက် မလုပ်လျှင် ကျဆင်းမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစားသုံးမှု၊ ငါးအစာ ထုတ်လုပ်မှုတိုးတက်မှုများ ရှိနေပါကြောင်း။

ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပသို့တင်ပို့ရမည်ဖြစ်ကြောင်း၊ ငါးမြစ်ချင်း အသားခြစ်လုပ်ငန်းတွင် တစ်နေ့ကုန်ချိန်ပိသာ ၄၀၀၀၀ ခန့် ထုတ်လုပ်နေပါကြောင်း၊ ငါးမြင်းသားပေါက် ထုတ်လုပ်မှုကိုလုပ်သင့်ပြီး မူဝါဒမရှိဘဲ ရေရှည်လုပ်ဆောင်ခဲ့သောကြောင့် အင်းလေးကန်တွင် ငါးဖိန်းငါးမျိုးများ ရှားပါးပြန်းတီးလာကြောင်း၊ စခန်းများမူဝါဒရှိရမည်ဖြစ်ကြောင်း၊ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်မြစ်များတွင် ရှိသော ငါးမျိုးစိတ်များ လေ့လာသုတေသနပြုလုပ်ရမည်ဖြစ်ကြောင်း၊ ရွှံ့ကဏန်းသားဖောက်ခြင်း၊ ကဏန်းပျော့မွေးမြူခြင်းတို့ကို သုတေသနလုပ်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အောက်မြန်မာနိုင်ငံရှိ ငါး၊ ပုစွန်စခန်း ၁၉ ခုမှ စခန်းတာဝန်ခံများက မိမိတို့စခန်းအလိုက် ငါး၊ ပုစွန်သားပေါက်များထုတ်လုပ်ခဲ့မှု၊ လက်ရှိထုတ်လုပ်မှု၊ နောင်ကာလတွင် ဆက်လက်သားဖောက်ထုတ်လုပ်မည့် အစီအစဉ်များကို တင်ပြဆွေးနွေးခဲ့ပြီး တင်ပြဆွေးနွေးမှုများအပေါ် ဒုတိယဝန်ကြီးနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်းသိုမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေသားများပြိုကျသဖြင့် ရထားလမ်းပိုင်းပိတ်ထား

ကသာ စက်တင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေသားများ ပြိုကျသဖြင့် ရထားလမ်းပိုင်း ပိတ်ထားခဲ့ရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်ခန့်တွင် ဝန်းသိုမြို့နယ်အတွင်းရှိ ဘုံချောင်း ဘူတာနှင့် အင်းတော်မြို့နယ် မဲဇာ ဘူတာအကြား မိုင်တိုင်အမှတ် (၅၆၇/၁၄) နှင့်(၅၆၇/ ၁၅)အကြားတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရထားသံလမ်းအောက်ခြေ မြေသားများကို ရေတိုက်စားပြီး ရထားသံလမ်းအောက်ရှိ အလျား ၉ ပေ၊ အနံ ၁၀ ပေ၊ အနက် ၁၀ ပေခန့် မြေသားများ ပြိုကျသွားခဲ့ခြင်းကြောင့် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် လမ ၈၃ ဖြင့် ရထားလမ်းပိုင်းကို ပိတ်ထားခဲ့ကြောင်း သိရသည်။ အခင်းဖြစ်ပွားသည့်နေရာသို့ မဲဇာရုံပိုင်ကြီးနှင့် လမ်းပိုလ်ကြီးတို့ ဦးဆောင်သောအဖွဲ့သည် RGC ဖြင့် သွားရောက်ခဲ့ကြောင်း နမ်းခမ်းရထားသံလမ်း အင်ဂျင်နီယာဌာနမှ လမ်းပိုလ်လေး ဦးအောင်နိုင်ပါ လေးဦးအဖွဲ့မှာလည်း သွားရောက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

ကျောဖုံးမှ

ကြိုးစားယှဉ်ပြိုင်ဖို့ ပြင်ဆင်နေပါတယ်။ ကျွန်မကိုနားလည်ပြီး အားပေးကြပါလို့ ပရိသတ်ကြီးကိုပြောချင်ပါတယ်"ဟု Miss Grand Myanmar ၂၀၁၄ ဆုရှင် အမ်ဂျာဆိုင်းက ပြောသည်။ အဆိုပါပြိုင်ပွဲမှာ နိုင်ငံကိုယ်စားပြုအလှမယ်ပေါင်း ၉၈ ဦးခန့် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံတကာ အဆင့်မီ ပြိုင်ပွဲကြီးတစ်ခုဖြစ်ပြီး စက်တင်ဘာ ၁၇ ရက်တွင် လေ့ကျင့်မှုများ သွားရောက်ပြုလုပ်ရမည်ဖြစ်သည်။ ယမန်နှစ် ပြိုင်ပွဲသို့ မြန်မာကိုယ်စားပြုအလှမယ် ထားထက်ထက်က သွားရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး ပရိသတ်အများဆုံးမဲပေးသည့် ဆုကို ရရှိထားခဲ့သည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

လူ့အခွင့်အရေး၊ ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာ ကော်မရှင်၏လူ့အခွင့်အရေး၊ ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ ပတ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပလျက်ရှိသည်။

ယနေ့ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မကြာသေးမီ နှစ်များက ရာသီဥတု ပြောင်းလဲမှုအခြေအနေများ၏ အကျိုးဆက်အဖြစ် ဆင်းရဲနွမ်းပါးမှု၊ လူသားများ၏ လုံခြုံမှုနှင့် လူ့အခွင့်အရေးပြဿနာများ ကြုံတွေ့နေရသည်ကို တွေ့မြင်နေကြရကြောင်း၊ ထို့အတူ အာဆီယံဒေသသည် ကမ္ဘာ့အကြီးဆုံး အိန္ဒိယသမုဒ္ဒရာနှင့်ပစိဖိတ်သမုဒ္ဒရာတို့ကြားတွင် တည်ရှိသည့်အတွက် နိုင်ငံတကာပင်လယ်ရေကြောင်းသွားလာရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေး စသည့်ဒေသတွင်း စီးပွားရေးအခွင့်အလမ်းများကို ဆောင်ကြဉ်းနိုင်သည့် မဟာဗျူဟာမြောက် တည်နေရာတွင် တည်ရှိကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အလမ်းများရရှိခြင်းနှင့်အတူ ရာသီဥတု ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များကိုလည်း ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း။

နိုင်ငံတော် သမ္မတကလည်း (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကို အလေးထားဖော်ပြခဲ့ကြောင်း၊ ဒီရေတောများ ပြန်လည်စိုက်ပျိုးရေး ၊ ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးနှင့် ကမ်းခြေဒေသ၊ မြေနိမ့်ဒေသများတွင် မုန်တိုင်းနှင့်ရေလွှမ်းမိုးမှု၏ ဘေးအန္တရာယ်လျော့ပါးစေရေးတို့ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့်ရေရှည်စီမံချက်များချမှတ်၍ ပူးပေါင်းဆောင်ရွက်ရန်အဆိုပြုခဲ့ကြောင်း၊ ထို့အပြင် သဘာဝဘေးအန္တရာယ်ကြုံတင် သတိပေးစနစ်များ

နှင့်ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး၊ ရာသီဥတုဒဏ်ခံနိုင်သည့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးတို့အတွက် အာဆီယံဒေသအတွင်း သုတေသနဌာနများ ချိတ်ဆက်ထူထောင်နိုင်ရေးတို့ကိုလည်း အဆိုပြုခဲ့ကြောင်း။

ထို့ကြောင့် အာဆီယံအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာပေးလုပ်ငန်းများ၏ အရေးပါမှု သိရှိနားလည်သည့် အလျောက် ပြည်သူလူထုအကြား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပြည်သူလူထုက ပါဝင်ဆောင်ရွက်လာမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(အပေါ်ပို့)**

ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက လူဦးရေတိုးတက်လာမှုနှင့်အတူ စားနပ်ရိက္ခာထုတ်လုပ်မှု၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုများ အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့အတွက် မြေယာလိုအပ်ချက် ပိုမိုများပြားလာပါကြောင်း၊ သစ်တောပြန်းတီးမှု၊ သဲကန္တာရ ဖြစ်ထွန်းမှု၊ ရာသီဥတုပြောင်းလဲမှု၊ ရေထုညစ်ညမ်းမှုစသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ကြုံတွေ့နေရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ လိုက်လျောညီထွေရှိရေး အပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို အထူးအလေးထား ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ၂၀၁၁ ခုနှစ်မှစ၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဟန်ချက်ညီ ချိန်ညှိ ဆောင်ရွက်လျက်ရှိကြောင်း။

ရာသီဥတုပြောင်းလဲမှုအပေါ် အလေးထားဆောင်ရွက်လျက် အစိမ်းရောင် စီးပွားရေးလမ်းကြောင်းအား အထူးအလေးထား တိုးတက်မှုများ အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့အတွက် ပိုမိုများပြားလာပါကြောင်း၊ သစ်တောပြန်းတီးမှု၊ သဲကန္တာရ ဖြစ်ထွန်းမှု၊ ရာသီဥတုပြောင်းလဲမှု၊ ရေထုညစ်ညမ်းမှုစသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ကြုံတွေ့နေရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အာဆီယံပူးတွဲကြေညာချက်အား အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းပြုစုရေးဆွဲလျက်ရှိပြီး ၂၀၁၄ ခုနှစ်နိုဝင်ဘာလတွင် ကျင်းပမည့် အာဆီယံထိပ်သီးညီလာခံသို့ အဆိုပြု တင်သွင်းမည်ဖြစ်ပါကြောင်း၊ အာဆီယံ ထိပ်သီးညီလာခံ၏ အတည်ပြုချက်ရယူပြီးလျှင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ပီရူးနိုင်ငံ လီမာမြို့တွင် ကျင်းပမည့် UNFCC အဖွဲ့ဝင်နိုင်ငံများ၏ (၂၀) ကြိမ်မြောက် ညီလာခံသို့ အဆိုပြု တင်သွင်းမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေနှင့် "ASEAN Institute for Green Economy" ကို ရန်ကုန်မြို့တွင် ယခုနှစ်အတွင်း တည်ထောင်ရန် ကြိုးပမ်းလျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးကျော်တင့်ဆွေနှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီးကိုယ်စား မူဝါဒရေးရာ အကြံပေး မစ္စတာ သီအိုဒေါ ခရစ်စတန်စန် (Mr.Theodor Christensen) တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာ ကော်မရှင် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂရုံးမှ တာဝန်ရှိသူများ၊ သံအမတ်ကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲကို စက်တင်ဘာ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

❒ *ကျော်ဝိုး*

ပထမဆုံး ပြန်လည်ကစားသည့်ပွဲမှာပင် ရန်ပိုင်က ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အိမ်ကွင်းပရိသတ်၏ ကွင်းလုံးပြည့်အားပေးမှုနှင့်အတူ ရတနာပုံအသင်းမှာ နေပြည်တော်အသင်းကို ဖိအားပေးကစားခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် ရန်ပိုင်ကို လူစားလဲခဲ့ရသော်လည်း ရတနာပုံတိုက်စစ် ကျမသွားဘဲ နေပြည်တော်ဘက်ကို ဆက်လက် ဖိအားပေးကစားနိုင်ခဲ့သည်။ ချန်ပီယံဆုပြန်လည်ရရှိရေး စိတ်အားထက်သန်နေသည့် ရတနာပုံအသင်းမှာ ဒုတိယပိုင်းတွင်လည်း ဂိုးရရှိရေးကြိုးပမ်းခဲ့ပြီး ၇၅ မိနစ်တွင် ဖွန်ဆီကာက ဒုတိယဂိုး သွင်းယူခဲ့သည်။ ၈၅ မိနစ်တွင် နေဇော်အောင်က နေပြည်တော်အတွက် ချေပဂိုး တစ်ဂိုး ပြန်သွင်းခဲ့သည်။

ယခုရာသီတွင် ဗိုလ်စွဲခဲ့သည့် ရတနာပုံအသင်းမှာ ချန်ပီယံဆုသုံးကြိမ်ရရှိထားသည့် ရန်ကုန်အသင်းနှင့်အောင်မြင်မှု စံချိန်ခြင်းတူညီသွားခဲ့သည်။

ယခုပွဲမှာ မူလက ညနေ ၄ နာရီစတင်ရမည့်ပွဲ ဖြစ်သော်လည်း ဗထူးကွင်းအတွင်း ရေလျှံနေသောကြောင့် ယနေ့ ၆နာရီခွဲကျော်မှသာ စတင်နိုင်ခဲ့သည်။ ရတနာပုံ-နေပြည်တော်ပွဲကို မန္တလာသီရိကွင်းသို့ ပြောင်းရွှေ့ကျင်းပရန် စီစဉ်ခဲ့သော်လည်း အဆင်မပြေခဲ့သောကြောင့် ဗထူးကွင်းအတွင်းရေကျအောင် ပြုလုပ်ပြီးမှ ကစားခဲ့ရခြင်းဖြစ်သည်။

အောင်ဆန်းကွင်း ၌ ကစားသည့် ရန်ကုန်နှင့် ဆောက်သမ်းတို့ပွဲတွင် ရန်ကုန်က ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး **သုဝဏ္ဏကွင်း** ၌ ကစားသည့် မကွေးနှင့် GFA တို့ပွဲတွင် မကွေးက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပြည်သူ့ကရွေးချယ်ထားသော ပြည်သူတို့၏အ

**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိ
စပ်လျဉ်း၍ မြို့နယ်အဆင့်ကော်မတီဝင်များ၊ မြို့မိမြို့ဖ
ဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ပြည်ထော
အခြေအနေမျ
မင်းဘူးခရိုင်
တင်ပြစဉ်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဦးစီးသိန်းက နိုင်ငံတော်အစိုးရသည် ပြည်သူ့ကရွေးချယ်ထားသည့်အစိုးရဖြစ်သည့်အားလျော်စွာ ပြည်သူ့ဗဟိုပြုဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်သူ့အစိုးရသည် ပြည်သူ့အကျိုးစီးပွားအတွက် ဆောင်ရွက်ရမည်၊ ပြည်သူ့ဆန္ဒကိုဦးစားပေးရမည်၊ ပြည်သူတို့၏ သဘောထားများကို အထက်အောက် ညှိနှိုင်းဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ လိုအင်ဆန္ဒများနှင့် ဖြစ်နိုင်ခြေ၊ ဖြစ်နိုင်စွမ်းများကို ပေါင်းစပ်ပေးသည့် အုပ်ချုပ်ရေးစနစ်သည် ဒီမိုကရေစီစနစ်ပင်ဖြစ်ပါကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းဖြင့် ဒီမိုကရေစီစနစ်တည်ဆောက်၍မရနိုင်သဖြင့် ပြည်သူအားလုံးက ပါဝင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် ပြည်သူ့အစိုးရဖြစ်ရန် နိုင်ငံရေးစနစ်သာမက စီးပွားရေးစနစ်ကို ပြုပြင်ပြောင်းလဲရမည့်အပြင် အုပ်ချုပ်ရေးကဏ္ဍကိုပါ ပြုပြင်ပြောင်းလဲကြရမည်ဖြစ်ပြီး ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေရှိစေရန် အရာအားလုံးကို ပြုပြင်ပြောင်းလဲကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့အားလုံး၏ စိတ်နေစိတ်ထားကိုလည်း ပြုပြင်ပြောင်းလဲရမည်ဖြစ်ကြောင်း။

စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ပုဂ္ဂလိက
ရှေ့တင်ပေးရ
ပြုပြင်ပြောင်း
တွင် အဓိကအ
သည့်အစိုးရ
အုပ်ချုပ်ရေးစ
လွတ်လပ်စွာ
မည်၊ လွတ်လပ်
ပြောဆိုခွင့် ရှိ
အတူ အသိပည
ယှမ္မနှင့် တာ

"ငြိမ်းချမ်းရေးဟာ လူတို
ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလ

မော်လမြိုင် စက်တင်ဘာ ၁၄

မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းခဲ့သည့် အစိုးရသစ်လက်ထက် ၂၀၁၁ ခုနှစ် သြဂုတ်လ ၁၈ ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ယင်းသို့ အကောင်အထည်ဖော်သည့်အချိန်မှ စတင်၍ ယနေ့အချိန်ထိ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းသည် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ ဒုတိယ ဥက္ကဋ္ဌ အဖြစ်တာဝန်ယူပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိနေသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား နောင်လာမည့် မျိုးဆက်သစ်လူငယ်များ လက်ဆင့်ကမ်းသိရှိနိုင်စေရန်နှင့် အစိုးရသစ် ပြင်ဆင်ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးအတွက် အမွေကောင်းများကို လူငယ်များ သိရှိနားလည်၍ ငြိမ်းချမ်းရေးရေရှည်တည်တံ့အောင် တာဝန်ယူ ထိန်းသိမ်းသွားနိုင်ရန်တို့အတွက် စက်တင်ဘာ ၁၄ ရက်နေ့က မွန်ပြည်နယ်မော်လမြိုင်မြို့တွင် ကျင်းပနေသည့် လူငယ်နှင့် ငြိမ်းချမ်းရေးဖိုရမ်တွင် လူငယ်များနှင့် ပြည်ထောင်စုဝန်ကြီးတို့ အပြန်အလှန်တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်ထည်ဖော်ဆောင်ရွက်နေသော ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းအား မြန်မာ့သတင်းစဉ် သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး ။ လူငယ်တွေဟာ တိုင်းပြည်ရဲ့ငြိမ်းချမ်းရေး တည်ဆောက်မှု ဖြစ်စဉ်အပေါ်မှာ ဘယ်လောက်အထိ အရေးပါတယ်လို့ ထင်ပါသလဲ ခင်ဗျာ။

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း (ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ)

ဖြေ ။ အခုကတော့လူငယ်ပဲ။ နောင်တစ်ချိန်မှာ သူတို့တွေ လူကြီးတွေဖြစ်လာကြမှာ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ စနစ်က မျှားသောအားဖြင့် ခါးဆက်ပြတ်တယ်ပေါ့။ လူငယ်တွေကို စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ရမယ်။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဒီလူငယ်တွေဟာ တစ်ချိန်မှာ လူကြီးတွေ ဖြစ်လာမယ်။ ကျွန်တော်တို့တစ်တွေ ဟာလည်း

တစ်ချိန်မှာအ
တွေကိုပဲ လွှ
ဒါကြောင့်
အသိကို ပေး
အပစ်အခတ်
အပိုင်းတစ်ခုပဲ
ဟာ မိမိစိ
အဲ့ဒီလိုငြိမ်းချ
ကနေ နောက်
မယ်။ ဒီတော
အသိလေးရေ
လူတိုင်းမှာ တာ
ချင်လို့ လုပ်ပ
**မေး ။ လူငယ
ငြိမ်းချမ်းရေး
(MPC) ရဲ
စီစဉ်ဆောင်ရွ
တယ်ခင်ဗျာ။**
ဖြေ ။ ဒါက
စနစ်ဟောင်း
ဖောက်ထွက်
ရဲ့ဆန္ဒနဲ့ မလုပ်
ဒါတွေ လုပ်
ကို တင်ပြပါ
ဒါတွေကို ခွင့်
တို့ကလည်း လ

ဖျာပုံ၌ စေတနာ့ဝန်ထမ်းလူငယ်များအား ကယ်ဆယ်ရေးနှင့် သဘာဝဘေးလျော့ပါးရေးသင်တန်းပွင့်

ဖျာပုံ စက်တင်ဘာ ၁၄

ရောဝတီတိုင်းဒေသကြီးဖျာပုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ဖျာပုံခရိုင်အတွင်းရှိ ကျေးလက်နေပြည်သူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးနှင့် ဘေးကင်းလုံခြုံရေး၊ စီမံခန့်ခွဲမှုဆိုင်ရာများတွင် စွမ်းဆောင်ရည်မြင့်မားပြီး ကျွမ်းကျင်စွာ လုပ်ကိုင်ဆောင်ရွက်တတ်စေရန် ရည်ရွယ်လျက် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် ဆင့်ပွားသင်တန်းကို စက်တင်ဘာ ၅ ရက်မှ ၇ ရက်အထိ ဖျာပုံခရိုင် အမာမြို့နယ်ခွဲ ဒေးဒလူကျေးရွာအုပ်စု ကုလားထိပ်ကျေးရွာ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းသား သင်တန်းသူ ၃၀ အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များနှင့် ပြည်သူများ စုစုပေါင်း ၂၀၀ ကျော်တက်ရောက်ခဲ့သည့် အဆိုပါသင်တန်းတွင် ဖျာပုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်နှင့် သင်တန်းနည်းပြများက သဘာဝဘေးဆိုင်ရာ အသိပညာများဟောပြောဆွေးနွေး ဖြန့်ဝေပို့ချခဲ့ကြောင်း သိရသည်။

ဖျာပုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသည် သြဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာတွင်လည်း သဘာဝဘေးလျော့ပါးရေး ဆင့်ပွားသင်တန်း ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

သူဇာနွယ် (ဖျာပုံ)

လယ်ဝေးမြို့နယ် ပညာဒါန ရန်ပုံငွေပေးအပ်

လယ်ဝေး စက်တင်ဘာ ၁၄

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကျွန်းကုန်းကျေးရွာရှိ ပညာဒါနရန်ပုံငွေအဖွဲ့မှ ပညာသင်ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၁၄ ရက်နံနက် ၉ နာရီက ကျွန်းကုန်းအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။ **(အပေါ်ပို့)**

အခမ်းအနားတွင် လယ်ဝေးမြို့နယ် လက်ထောက်မြို့နယ်ပညာရေးမှူး ဆရာကြီးဦးမြင့်ဆွေနှင့် ဆရာကြီး ဦးဝင်းမြင့်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းယု၊ ပညာဒါနရန်ပုံငွေအဖွဲ့နာယက ဦးဘတင့် (လွတ်လပ်ရေးမော်ကွန်းဝင်)တို့က အမှာစကားပြောကြားပြီး ပညာဒါနရန်ပုံငွေအဖွဲ့နာယက ဦးဘတင့်က ပညာဒါနရန်ပုံငွေ ပညာသင်ထောက်ပံ့ငွေကျပ် ၂၇၅၀၀၀ကို ကျောင်းအုပ် ဆရာမကြီးထံပေးအပ်ကာ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **ကိုကိုရွှေ**

✱ *ကျော်ဝိုး*

ချောင်းကိုဖြတ်ကာ ရွှေပေါက္ကံမြို့မှတစ်ဆင့် ရန်ကုန်မြို့တွင်းသို့ မော်တော်ယာဉ်များမောင်းနှင်သွားလာနိုင်မည်ဖြစ်သည်။ နေ့စဉ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မှ ရန်ကုန်မြို့တွင်းသို့ အလုပ်လုပ်ကိုင်ရန် မော်တော်ယာဉ်စီးပြီး သွားရသူများအတွက် အဆင်ပြေစေမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တံတားများ တည်ဆောက်ခဲ့ရာတွင် ၂၀၁၃ ခုနှစ်က ဆိတ်ကြီးခနောင်တို့ ကြိုးတံတားကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ရာ ခရီးသွားပြည်သူများ အတွက် ခရီးသွားလာရေးနှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေစေခဲ့သည်။

ယခုရွှေပေါက္ကံ- ဒဂုံမြို့သစ်(အရှေ့ပိုင်း) တံတားကို ရေးနှစ်အတွင်း စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁

ပြည်တွင်းသတင်း

ပြည်သူ့ကရွေးချယ်ထားသည့်အစိုးရသည် ပြည်သူနှင့်နီးကပ်စွာတွေ့ဆုံပြီး ပြည်သူတို့၏အခက်အခဲများကို ဖြေရှင်းပေးရန်လိုအပ်

နေပြည်တော် စက်တင်ဘာ ၁၄

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့က နိုင်ငံတော်၏ လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ မြို့နယ်အဆင့်ကော်မတီဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံရှင်းလင်းပွဲကို ယနေ့နံနက် ၈နာရီခွဲတွင် မင်းဘူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့က နိုင်ငံတော်၏ လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ မြို့နယ်အဆင့် ကော်မတီဝင်များ၊ မြို့မိ မြို့ဖများအား တွေ့ဆုံရှင်းလင်းပွဲကို မင်းဘူးခရိုင် အစည်းအဝေးခန်းမ၌ကျင်းပရာ ပွင့်ဖြူမြို့နယ် အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဖိုးပါ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းက နိုင်ငံတော်အစိုးရသည် ပြည်သူ့ကရွေးချယ်ထားသည့်အစိုးရဖြစ်သည့်အားလျော်စွာ ပြည်သူ့ဗဟိုပြုဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်သူ့အစိုးရသည် ပြည်သူ့အကျိုးစီးပွားအတွက် ဆောင်ရွက်ရမည်၊ ပြည်သူ့ဆန္ဒကိုဦးစားပေးရမည်၊ ပြည်သူတို့၏ သဘောထားများကို အထက်အောက် ညှိနှိုင်းဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ လိုအင်ဆန္ဒများနှင့် ဖြစ်နိုင်ခြေ၊ ဖြစ်နိုင်စွမ်းများကို ပေါင်းစပ်ပေးသည့် အုပ်ချုပ်ရေးစနစ်သည် ဒီမိုကရေစီစနစ်ပင်ဖြစ်ပါကြောင်း၊ လုပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းဖြင့် ဒီမိုကရေစီစနစ်တည်ဆောက်၍မရနိုင်သဖြင့် ပြည်သူ့အားလုံးက ပါဝင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် ပြည်သူ့အစိုးရဖြစ်ရန် နိုင်ငံရေးစနစ်သာမက စီးပွားရေးစနစ်ကို ပြုပြင်ပြောင်းလဲရမည့်အပြင် အုပ်ချုပ်ရေးကဏ္ဍကိုပါ ပြုပြင်ပြောင်းလဲကြရမည်ဖြစ်ပြီး ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေရှိစေရန် အရာအားလုံးကို ပြုပြင်ပြောင်းလဲကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့အားလုံး၏ စိတ်နေစိတ်ထားကိုလည်း ပြုပြင်ပြောင်းလဲရမည်ဖြစ်ကြောင်း။

စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ပုဂ္ဂလိကအခန်းကဏ္ဍကိုလည်း မြှင့်တင်ပေးရမည် ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် အဓိကအကျဆုံးသည် သန့်ရှင်းသည့်အစိုးရ၊ ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ပင်ဖြစ်ပါကြောင်း၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ရှိရမည်၊ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့် ရှိရမည်ဖြစ်ပြီး ၄င်းတို့နှင့်အတူ အသိပညာမြင့်မားမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့ပါ ယှဉ်တွဲပါလာရမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရသာမကပြည်သူလူထုပူးပေါင်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပြီး လူမှုရေးအဖွဲ့အစည်း (Civil Society) များသည်လည်း မဖြစ်မနေ ပါဝင်ကြရမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်သည့်အစိုးရအပါအဝင် ပြည်သူ့အားလုံးသည် တရားဥပဒေကို လေးစားလိုက်နာကြရမည် ဖြစ်ပါကြောင်း။

ပညာရေးကဏ္ဍတွင် အမျိုးသားပညာရည်မြင့်မားရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေများကို တိုးမြှင့်သုံးစွဲလျက်ရှိပြီး မူလတန်း၊ အလယ်တန်းပညာရေးကို အခမဲ့ပညာရေးစနစ်ကျင့်သုံးဆောင်ရွက်လျက် ရှိပါကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားပညာရေးဥပဒေကြမ်းကိုလေ့လာလျှင် တွေ့မြင်နိုင်ပါကြောင်း။

ကျန်းမာရေးကဏ္ဍတွင်လည်း နိုင်ငံတော်ဘဏ္ဍာငွေများ ပိုမိုတိုးမြှင့်သုံးစွဲလျက်ရှိပြီး ကျန်းမာရေးကဏ္ဍကိုလည်း ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် သန်းခေါင်စာရင်းကောက်ယူပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရရှိရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ရမည်ဖြစ်ပါကြောင်း။

ပြည်သူက ရွေးချယ်ထားသည့် အစိုးရသည် ပြည်သူနှင့်နီးကပ်စွာ တွေ့ဆုံပြီး ပြည်သူတို့၏အခက်အခဲများကို ဖြေရှင်းပေးရန် လိုအပ်ပါကြောင်း၊ တိုင်းပြည် တည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီနိုင်ငံတော်ဖြစ်လာရန် အနာဂတ်မျိုးဆက်သစ်များအတွက် အခြေခံအုတ်မြစ်ကောင်းများချမှတ်ပေးရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဗဟိုပြု အုပ်ချုပ်ရေးစနစ်ပြုပြင် ပြောင်းလဲရာတွင် ပီပြင်စွာပြောင်းလဲနိုင်ရန် ရပ်ကွက်၊ ကျေးရွာနှင့် မြို့နယ်အထောက်အကူပြု ကော်မတီများအပါအဝင် တက်ရောက်လာသည့် ပြည်သူများပါ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက မကွေးတိုင်းဒေသကြီးသည် ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့မြင်နေရပါကြောင်း၊ ထို့အတူ မိမိတို့နိုင်ငံကိုလည်း နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရန် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း။

စိုက်ပျိုးထုတ်လုပ်မှု အတန်အသင့် တိုးတက်လာသည်ကို ရောင့်ရဲမနေဘဲ ပိုမိုဖွံ့ဖြိုးတိုးတက်သည့်အခွင့်အလမ်းကို ရှာဖွေကြရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲရာတွင် ပြည်သူနှင့်ရင်နှီးစွာ တွေ့ဆုံပြီး တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ အမြင်ချင်းဖလှယ်ရေးသည် အရေးကြီးပါကြောင်း၊ လိုအပ်မှုဆန္ဒများနှင့် တာဝန်ပေးခံုင်းစေ၍ တာဝန်ယူမှုများတွင် အမြင်မတူပါကြောင်း၊ ထို့ကြောင့် အမြင်ဖလှယ်ရေးသည် အရေးကြီးပါကြောင်း၊ အမြင်တူညီနိုင်ရန် ပေါင်းစပ်ညှိနှိုင်းကြရမည်ဖြစ်ပါကြောင်း။

တစ်အိမ်ထောင်ချင်း၊ တစ်ဦးချင်းဝင်ငွေတိုးတက်လာရန် ဒေသတွင်းပူးပေါင်း တိုင်ပင်ဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းများတွင်လည်း အရေအတွက်သာမက ကုန်ထုတ်လုပ်မှုတိုးတက်ရန် လိုအပ်ကြောင်း၊ ကုန်ကြမ်းနှင့် ကျွမ်းကျင်လုပ်သားများ ရရှိနိုင်ရန် ကူညီဖြည့်ဆည်းပေးမည် ဖြစ်ပါကြောင်း။

လူ၊ ငွေကြေး၊ ပစ္စည်းများကို ထိရောက်စွာ စီမံခန့်ခွဲရန်နှင့် အသိပညာ၊ အတတ်ပညာနှင့် နည်းပညာ ကျွမ်းကျင်သည့် လူစွမ်းအားအရင်းအမြစ်များရရှိရေးသည် အရေးကြီးပါကြောင်း၊ မြို့ပြ၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရန် မြို့မိ မြို့ဖများ၊ ဌာနဆိုင်ရာများ ပေါင်းစပ်ဆောင်ရွက်ရေးသည် အရေးကြီးပါကြောင်း၊ ပြည်သူ့ဗဟိုပြုစနစ်ဖွံ့ဖြိုးရန်၊ ပြည်သူ့ပါဝင်သည့် စီမံခန့်ခွဲမှု ပုံသဏ္ဌာန်ကို လက်တွေ့ကျကျ ကူးပြောင်းရန် လိုအပ်ပါကြောင်း၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် ဌာနဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍများဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးပါကြောင်း။

မြို့ပြ စီမံကိန်းရေးဆွဲရာတွင် သက်ဆိုင်ရာအစိုးရ၊ သက်ဆိုင်ရာလွတ်တော်သို့တင်ပြပြီး အပိုင်းလိုက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အခြေခံအုတ်မြစ်ခိုင်မာမှုနှင့် လိုအပ်ချက်များကို စဉ်းစားဆောင်ရွက်ရန် လိုအပ်ပြီး အသိအမြင်ကြွယ်ဝရန်လည်း လိုအပ်ပါကြောင်း၊ ပြည်သူများနှင့်ထိတွေ့ဆွေးနွေးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ ဆွေးနွေးချက်များကို ပိုမိုကျယ်ပြန့်စွာ ဆက်လက်လုပ်ဆောင်ပေးရန် ဆွေးနွေးလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များမှ အထောက်အကူပြု ကော်မတီဥက္ကဋ္ဌများက မိမိတို့ ဒေသဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စု ဝန်ကြီးများက ပြန်လည်ဆွေးနွေးကြသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့မိ မြို့ဖများ၊ NGO အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပခုက္ကူမြို့၊ ပြည်သာယာခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်းတို့က ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပခုက္ကူခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့မိမြို့ဖများ၊ အထောက်အကူပြု ကော်မတီဥက္ကဋ္ဌများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား တွေ့ဆုံပြီး နိုင်ငံတော်၏ လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

" ငြိမ်းချမ်းရေးဟာ လူတိုင်းမှာတာဝန်ရှိတယ်၊ လူငယ်တွေကို အသိပေးချင်တယ် "

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်တွေ့ဆုံခြင်း

အင်တာဗျူး
ရဲခေါင်ညွှန့်
မြတ်သန္တာမောင်

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း (ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ)

မေး ။ အခုကတော့လူငယ်ပဲ။ နောင်တစ်ချိန်မှာ ပြည်သူတို့တွေ လူကြီးတွေဖြစ်လာကြမှာ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ စနစ်က များသောအားဖြင့် ဒီလိုပဲ ဖြစ်ဆက်ပြတ်တယ်ပေါ့။ လူငယ်တွေကို စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ရမယ်။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဒီလူငယ်တွေဟာ တစ်ချိန်မှာ လူကြီးတွေ ဖြစ်လာမယ်။ ကျွန်တော်တို့တစ်တွေ ဟာလည်း

ဖြေ ။ ။ အခုကတော့ လူငယ်ပဲ။ နောင်တစ်ချိန်မှာ ကျွန်တော်တို့ ကြီးပြင်းလာမယ်။ ဒီလူငယ်တွေကိုပဲ လွှဲပေးခဲ့ရမယ်။

ဒါကြောင့် ဒီလူငယ်တွေကို ငြိမ်းချမ်းရေးဆိုင်ရာ အသိကို ပေးနေတာ။ အခုကျွန်တော်တို့ လုပ်နေတဲ့ အပစ်အခတ်ရပ်စဲရေးဆိုတာက ငြိမ်းချမ်းရေးရဲ့ အစိတ်အပိုင်းတစ်ခုပဲဖြစ်တယ်။ အခုလုပ်နေတဲ့ ငြိမ်းချမ်းရေးဟာ မိမိစိတ်ထဲမှာ ပထမဦးဆုံးငြိမ်းချမ်းရမယ်။ အဲ့ဒီလိုငြိမ်းချမ်းသွားပြီးရင် မိသားစု၊ အိမ်နီးနားချင်းကနေ နောက်တိုင်းပြည်နဲ့ ကမ္ဘာကြီးအထိ ငြိမ်းချမ်းမယ်။ ဒီတော့လူငယ်တွေအတွက် ငြိမ်းချမ်းရေးဆိုတဲ့ အသိလေးရအောင်လုပ်ပေးတာ။ ငြိမ်းချမ်းရေးအတွက် လူတိုင်းမှာ တာဝန်ရှိတယ်ဆိုပြီး လူငယ်တွေကို အသိပေးချင်လို့ လုပ်ပေးတာ ဖြစ်ပါတယ်။

မေး ။ လူငယ်နဲ့ ငြိမ်းချမ်းရေးဖိုရမ်ကို မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC) ရဲ့ ဦးဆောင်မှုနဲ့ လုပ်တာလား။ ဘယ်လို စီစဉ်ဆောင်ရွက်ခဲ့သလဲဆိုတာလေး ပြောပြပေး စေချင်ပါတယ်ခင်ဗျာ။

ဖြေ ။ ဒါကနှစ်ပိုင်းရှိပါတယ် ။ MPC ဆိုတာက စနစ်ဟောင်းထဲကနေ ဖောက်ထွက်တာပါ။ ဒီလိုမျိုး ဖောက်ထွက်တဲ့ အခါကျတော့ တချို့ကိစ္စတွေမှာ MPC ရဲ့ဆန္ဒနဲ့ မလုပ်ရင်မဖြစ်လို့ လုပ်တာရှိပါတယ်။ ဒါပေမယ့် ဒါတွေ လုပ်တာတွေအားလုံးကို နိုင်ငံတော်သမ္မတကြီးကို တင်ပြပါတယ်။ နိုင်ငံတော်သမ္မတကြီးကလည်း ဒါတွေကို ခွင့်ပြုတဲ့အတွက် ဒီလိုလုပ်တာပါ။ ကျွန်တော်တို့ကလည်း လုပ်ချင်တယ်။ သမ္မတကြီးကလည်း ခွင့်ပြု

မေး ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာကော အလားတူ လူငယ်ဖိုရမ်တွေလုပ်ဖို့ အစီအစဉ်ရှိပါသလား။

ဖြေ ။ ရှိပါတယ်။ အဓိကကတော့ Conflict (ပဋိပက္ခ) ဧရိယာတွေမှာ ဦးစားပေးပြီး စလုပ်နေပါတယ်။ အဲဒါပြီးရင် ကျန်တဲ့တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာပါ ဆက်လုပ်သွားဖို့ရှိပါတယ်။

မေး။ လက်ရှိ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက်ဆောင်ရွက်နေမှုအပေါ်မှာ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ အောင်မြင်တယ်လို့ ပြောနိုင်ပါပြီလား။ အောင်မြင်တယ်ဆိုရင် ဘယ်လို အချက်တွေနဲ့ ဘယ်လိုစံနှုန်းတွေကိုကြည့်ပြီး ပြောနိုင်တာလဲဆိုတာ ဖြေကြားပေးစေလိုပါတယ်ခင်ဗျာ။

ဖြေ ။ ကျွန်တော်တို့ အခု ငြိမ်းချမ်းရေးကို လုပ်နေတာက လက်တန်းလုပ်နေတာ မဟုတ်ပါဘူး။ အားလုံးက တကယ့်ကို စနစ်တကျတွက်ချက်ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ အခု ကျွန်တော်တို့ဆီမှာရှိနေတဲ့ ပညာရှင်တွေကို ပြန်ကြည့်ရင် ကမ္ဘာနဲ့ချီပြီး အတွေ့အကြုံ ရှိတဲ့သူတွေ ပါဝင်ဆောင်ရွက်နေတာပါ။ ဥပမာ အားဖြင့် ဒေါက်တာ မင်းဇော်ဦးတို့ဆိုရင် conflict ဘာသာရပ်၊ security ဘာသာရပ်နဲ့ ဒေါက်တာတွဲ့ရတယ်။ ဦးကျော်ရင်လှိုင် တို့ဆိုရင်လည်း Political science နဲ့ ဒေါက်တာတွဲ့ရထားတာ။ အဲဒီတော့ ဒီငြိမ်းချမ်းရေး ဖြစ်စဉ်တစ်ခုလုံးက စနစ်တကျ လုပ်

ရတဲ့ ပြည်သူနှင့်ရင်နှီးစွာ တွေ့ဆုံပြီး တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ အမြင်ချင်းဖလှယ်ရေးသည် အရေးကြီးပါကြောင်း၊ လိုအပ်မှုဆန္ဒများနှင့် တာဝန်ပေးခံုင်းစေ၍ တာဝန်ယူမှုများတွင် အမြင်မတူပါကြောင်း၊ ထို့ကြောင့် အမြင်ဖလှယ်ရေးသည် အရေးကြီးပါကြောင်း၊ အမြင်တူညီနိုင်ရန် ပေါင်းစပ်ညှိနှိုင်းကြရမည်ဖြစ်ပါကြောင်း။

တစ်အိမ်ထောင်ချင်း၊ တစ်ဦးချင်းဝင်ငွေတိုးတက်လာရန် ဒေသတွင်းပူးပေါင်း တိုင်ပင်ဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းများတွင်လည်း အရေအတွက်သာမက ကုန်ထုတ်လုပ်မှုတိုးတက်ရန် လိုအပ်ကြောင်း၊ ကုန်ကြမ်းနှင့် ကျွမ်းကျင်လုပ်သားများ ရရှိနိုင်ရန် ကူညီဖြည့်ဆည်းပေးမည် ဖြစ်ပါကြောင်း။

လူ၊ ငွေကြေး၊ ပစ္စည်းများကို ထိရောက်စွာ စီမံခန့်ခွဲရန်နှင့် အသိပညာ၊ အတတ်ပညာနှင့် နည်းပညာ ကျွမ်းကျင်သည့် လူစွမ်းအားအရင်းအမြစ်များရရှိရေးသည် အရေးကြီးပါကြောင်း၊ မြို့ပြ၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရန် မြို့မိ မြို့ဖများ၊ ဌာနဆိုင်ရာများ ပေါင်းစပ်ဆောင်ရွက်ရေးသည် အရေးကြီးပါကြောင်း၊ ပြည်သူ့ဗဟိုပြုစနစ်ဖွံ့ဖြိုးရန်၊ ပြည်သူ့ပါဝင်သည့် စီမံခန့်ခွဲမှု ပုံသဏ္ဌာန်ကို လက်တွေ့ကျကျ ကူးပြောင်းရန် လိုအပ်ပါကြောင်း၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် ဌာနဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍများဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးပါကြောင်း။

မြို့ပြ စီမံကိန်းရေးဆွဲရာတွင် သက်ဆိုင်ရာအစိုးရ၊ သက်ဆိုင်ရာလွှတ်တော်သို့တင်ပြပြီး အပိုင်းလိုက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အခြေခံအုတ်မြစ်ခိုင်မာမှုနှင့် လိုအပ်ချက်များကို စဉ်းစားဆောင်ရွက်ရန် လိုအပ်ပြီး အသိအမြင်ကြွယ်ဝရန်လည်း လိုအပ်ပါကြောင်း၊ ပြည်သူများနှင့်ထိတွေ့ဆွေးနွေးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ ဆွေးနွေးချက်များကို ပိုမိုကျယ်ပြန့်စွာ ဆက်လက်လုပ်ဆောင်ပေးရန် ဆွေးနွေးလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များမှ အထောက်အကူပြု ကော်မတီဥက္ကဋ္ဌများက မိမိတို့ ဒေသဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စု ဝန်ကြီးများက ပြန်လည်ဆွေးနွေးကြသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့မိ မြို့ဖများ၊ NGO အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပခုက္ကူမြို့၊ ပြည်သာယာခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်းတို့က ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပခုက္ကူခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့မိမြို့ဖများ၊ အထောက်အကူပြု ကော်မတီဥက္ကဋ္ဌများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား တွေ့ဆုံပြီး နိုင်ငံတော်၏ လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

ကြီးခနောင်တို
ားပြည်သူများ
ားလုပ်ငန်းများ

အဆင်ပြေစေခဲ့သည်။

ယခုရွှေပေါက္ကံ- ဒဂုံမြို့သစ်(အရှေ့ပိုင်း) တံတားကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း အပြီးတည်ဆောက်မည်ဖြစ်ရာ စီးပွားရေးမြို့တော် ရန်ကုန်ကိုဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုပေးနိုင်တော့မည် ဖြစ်သည်။

(မြန်မာ့အလင်း)

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ပြည်တွင်းသတင်း

● ရှေ့ဖိုးမှ

Sumitomo ကုမ္ပဏီများနှင့် ပူးပေါင်းကာ ဝန်ဆောင်မှုများ မြှင့်တင်ခဲ့ပြီး ယခုဂျပန်အစိုးရမှ ထပ်မံကူညီထောက်ပံ့မှုများ ပေးအပ်သွားရန် စီစဉ်ခြင်းဖြစ်ကြောင်း ဂျပန်သံရုံး တာဝန်ရှိသူထံမှ သိရှိရသည်။

"ဆက်သွယ်ရေး ကွန်ရက်လိုအပ်သလို တစ်နိုင်ငံလုံးကို ဖြန့်ကြက်သွားဖို့ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဝန်ဆောင်မှုတွေကိုလည်း မြှင့်တင်ပေးပြီး သက်သာတဲ့နှုန်းထားတွေကို ဖန်တီးသွားမယ်။ ပြိုင်ဆိုင်မှုတွေအကြား တရားမျှတစွာနဲ့ ယှဉ်ပြိုင်သွားမှာဖြစ်ပြီး အဓိကရည်ရွယ်ချက်ကတော့ လူတိုင်းဆက်သွယ်ရေးစနစ်နဲ့ အကျိုးဝင်စေဖို့ဖြစ်ပါတယ်။ ဂျပန်အစိုးရက ထောက်ပံ့လာခဲ့ရင်လည်း ဆက်သွယ်ရေး အခြေခံအဆောက်အအုံ လိုအပ်တဲ့နေရာတွေကို ရွေးချယ်ပြီး ဖြည့်တင်းပေးသွားမှာ ဖြစ်ပါတယ်"ဟု ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းက ပြောကြားသည်။

လိုအပ်ချက်များအရ ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ရန်ကုန်- မန္တလေး လမ်းမကြီး တစ်လျှောက် လိုအပ်နေသေးသည့် နေရာများအား ပထမဆုံး ဆက်သွယ်ရေးကွန်ရက်များ တပ်ဆင်မည်ဖြစ်ကြောင်းသိရသည်။

လက်ရှိတွင် မြန်မာ့ဆက်သွယ်ရေးမှ အမှတ်တံဆိပ် အသစ်မိတ်ဆက်ထားခဲ့ပြီး ဂျပန်ကုမ္ပဏီများနှင့် ပူးပေါင်းကာ ဆက်သွယ်မှုအဆင့် မြှင့်တင်ခြင်း၊ နိုင်ငံတကာ ဆက်သွယ်ရေးကဏ္ဍ တိုးချဲ့ခြင်း၊ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းများကို စက်တင်ဘာ ၁ ရက်မှ စတင်အကောင်အထည်ဖော်နေပြီး အမ်ပီတီ၏ ဝန်ဆောင်မှုများ အကြောင်းကို လူမှုကွန်ရက်တွင် စတင်လွှင့်တင်ခြင်း၊ ငွေဖြည့်အထူး စျေးနှုန်းများ ပေးအပ်ခြင်းများကို ပြုလုပ်လျက်ရှိသည်။

ဂျပန်ကုမ္ပဏီများ အနေဖြင့် မြန်မာ့ဆက်သွယ်ရေးနှင့် ပူးပေါင်းရန် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ခန့် ရင်းနှီးမြှုပ်နှံသွားရန် ရည်ရွယ်ကြောင်း သိရသည်။

လက်ရှိတွင် ရန်ကုန်စျေးကွက်အတွင်း အမ်ပီတီဆင်းကတ်များကို စျေးနှုန်းမြှင့်ရောင်းချနေမှုများ ရှိနေပြီး အော်ရီဒူးလ်မြန်မာဆင်းကတ်များမှာ အရောင်းပါးကြောင်း၊ အောက်တိုဘာ ၅ ရက်မတိုင်မီကာလ ယခုလ ကုန်ရက်များအတွင်း တယ်လီနောမြန်မာမှ ဆင်းကတ်များ စတင်ရောင်းချမည်ဆိုခြင်းကြောင့် ဝယ်ယူရန် စောင့်ဆိုင်းသူ များပြားလျက်ရှိကြောင်း မိုဘိုင်းဖုန်းအရောင်းဆိုင်များမှ သိရသည်။ **(မြန်မာ့အလင်း)**

❍ ရှေ့ဖိုးမှ

အခြေအနေတွေကို ရဟတ်ယာဉ်သုံးစင်းက ရာသီဥတုကြည်လင်တာနဲ့ မပြတ်တမ်းထောက်လှမ်း လိုက်ပါပေးနေပါတယ်။ အဓိကကတော့ ရာသီဥတုကြောင့်ဖြစ်ပါတယ်။ ရဟတ်ယာဉ်နဲ့ ရှာဖွေဖို့ဆိုတာ အခုလိုကြမ်းတမ်းတဲ့ ရာသီဥတုအခြေအနေမှာ အခက်အခဲရှိနေပါတယ်" ဟု ထူးဖောင်ဒေးရှင်းမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

တရုတ်နိုင်ငံမှ ကောင်းကင်ပြာ (BSR)အဖွဲ့ခေါင်းဆောင် မစ္စတာ အန်းရှောက်ဟွာက "ရာသီဥတုက ကျွန်တော်တို့ကို တားဆီးထားတယ်။ ဘယ်လိုလမ်းကြောင်းနဲ့ တောင်ခြေကို ချဉ်းကပ်ရမလဲဆိုတာ စီစဉ်နေပါတယ်။ ကျွန်တော့်အထင်ပြောရရင် ဝေဟင်ရှာဖွေရေးထက် ခြေလျင်ခရီးကိုပဲ အားကိုးရမယ့်အနေအထားမှာရှိတယ်။ လက်ရှိမှာ ကျွန်တော်တို့အတွက် အရေးကြီးဆုံးက တောင်ခြေရင်းကို ရောက်ဖို့ပါပဲ" ဟု ဖြေကြားသည်။

" ရက်ကလည်း ကြာလာတော့ စိတ်ပူနေရပါတယ်။ အခက်အခဲက တောင်ခြေကို တိုက်ရိုက်ရောက်ဖို့ မလွယ်ကူတာကြောင့်ပါ။ ဒီမှာ ရာသီဥတုက အလွန်ဆိုးရွားနေတယ်။ မြေပြင်ကို ရဟတ်ယာဉ်ပေါ်ကနေ ကြည့်ရင် ဘာမှမမြင်ရလောက်အောင် မြူတွေကာဆီးပြီး မှုန်ဝါးနေတာကြောင့် ကယ်ဆယ်ရေးအဖွဲ့တွေ နေရာချထားဖို့ ညှိနှိုင်းနေရတယ်။ မြေပြင်အဖွဲ့သုံးဖွဲ့ကတော့ အခြေစိုက်စခန်းနဲ့ နီးစပ်တဲ့နေရာကို ပိုပြီး မြန်မြန်ရောက်သွားနိုင်တယ်" ဟု ထူးဖောင်ဒေးရှင်းမှ တာဝန်ရှိသူ

ပျောက်ဆုံးနေသည့် တောင်တက်သမားများ ရှာဖွေရေးအတွက် ပန်နန်းဒင်ဌ် (BSR)အဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းနေမှုကို တွေ့ရစဉ်။

တစ်ဦးက ဖြေကြားသည်။

လက်ရှိတွင် ဒေသခံများ ဦးဆောင်သည့် မြေပြင်ကယ်ဆယ်ရေးအဖွဲ့မှာ တဟွန်းဒမ်းရွာမှ ထွက်ခွာ၍ ရှာဖွေကယ်ဆယ်ရေးများ လုပ်ဆောင်လျက်ရှိသည်။

"တရုတ်က ကယ်ဆယ်ရေးအဖွဲ့ဝင်တွေက အခုကနေစပြီး ထွက်ခွာချင်နေကြပြီ၊ ဒါပေမယ့် တောင်ခြေရောက်ဖို့ပေးရမယ့်အချိန်နဲ့ ပြန်ပြီးတွက်ဆနေကြရတယ်။ ရာသီဥတုကောင်းတာနဲ့ ရဟတ်ယာဉ်တွေနဲ့ သွားရရင် ပိုကောင်းမယ်လို့လည်း ထင်မြင်မိတော့ ညှိနှိုင်းနေတယ်။ မနက်ဖြန် ရာသီဥတုကောင်းပါစေလို့ ဆုတောင်းရမယ်"ဟု လိုက်ပါသွားသူ သဘာဝခေါ်သံ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးက ပြန်လည် ဖြေကြားသည်။

"သူတို့တွေမှာ နှစ်ပတ်ကျော် အတွက် ရိက္ခာတွေတော့ ပါသွားကြတယ်။ အန္တရာယ်မရှိဘူးဆိုရင် ရိက္ခာအတွက်က နောက်သုံးရက်လောက် ထိန်းထားနိုင်မယ်လို့ ထင်ပါတယ်။ ရာသီဥတုက အခုနှစ်ရက်အတွင်း အလွန်ဆိုးရွားပြီး မြူတွေက ပူတာအိုကျော်တာနဲ့ များနေတာ။ ပန်နန်းဒင် ရောက်အောင်တောင် ရဟတ်ယာဉ်တွေ သတိထားသွားရတယ်။ မြို့နယ်ခွဲအနီးအနားအထိတော့ ရသေးတယ်။ ဒါပေမယ့် တောင်ခြေနဲ့အလှမ်းဝေးနေသေးတယ်"ဟု ကောင်းကင်ပြာအဖွဲ့မှ တာဝန်ရှိသူက သူ့အမြင်ကို ပြောပြသည်။

ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ အချိန်တွင် ရဟတ်ယာဉ်မှူးဦးမြတ်ထွန်းလွင်နှင့် ဦးရဲမြင့်တို့ မောင်းနှင်သော ရဟတ်ယာဉ်နှစ်စင်းသည် ထူးကုမ္ပဏီမှ ဦးမျိုးမင်းစိုးလိုက်ပါလျက် ရိက္ခာများတင်ဆောင်ပြီး ပူတာအိုမြို့မှ ပန်နန်းဒင်မြို့သို့ ထွက်ခွာခဲ့သည်။ အဆိုပါ ရဟတ်ယာဉ်နှစ်စင်းသည် ယနေ့နံနက် ၆ နာရီ မိနစ် ၂၀ အချိန်က တဟွန်းဒမ်းရွာမှ ထွက်ခွာလာသော ဦးဇော်ဇင်ခိုင်ပါ တောင်တက်သမား ခြောက်ဦးကို ပန်နန်းဒင်မှ တင်ဆောင်လာခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ အချိန်တွင် ပူတာအိုမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း ဒေသခံသတင်းအရင်း အမြစ်များထံမှ သိရှိရသည်။

ခါကာဘိုရာဇီတောင်တက်အဖွဲ့မှ ပျောက်ဆုံးနေသည့် တောင်တက်သမားနှစ်ဦးအား ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၄

ကချင်ပြည်နယ် မြောက်ဖျားပိုင်းဒေသရှိ အမြင့် ၅၈၁ မီတာမြင့်သော ခါကာဘိုရာဇီတောင်သို့တက်ရောက်ရန် တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းအဖွဲ့မှအဖွဲ့ခေါင်းဆောင် ဦးအောင်မြင့်မြတ် အပါအဝင် တောင်တက်အဖွဲ့ဝင် ရှစ်ဦးသည် ဩဂုတ် ၁ ရက်တွင် ပူတာအိုမှ ထွက်ခွာခဲ့သည်။ တောင်တက်အဖွဲ့သည် စခန်းအဆင့်ဆင့်ကို ဖြတ်ကျော်၍ အခြေပြုစခန်း (Base Camp)သို့ရောက်ရှိရာအဖွဲ့ဝင် ခြောက်ဦးသည် အခြေပြုစခန်းတွင် အခြေပြုခဲ့ပြီး ဦးအောင်မြင့်မြတ်နှင့် ဦးဝေယံမင်းသူတို့နှစ်ဦးက တောင်ထိပ်သို့ ဆက်လက်တက်ရောက်ခဲ့သည်။

ဦးအောင်မြင့်မြတ်တို့နှစ်ဦးသည် ဩဂုတ် ၃၁ ရက်ညနေ ၄ နာရီက ခါကာဘိုရာဇီတောင်ထိပ်သို့ရောက်ရှိ၍ နိုင်ငံတော်အလံအား အောင်မြင်စွာ စိုက်ထူနိုင်ခဲ့ပြီး ၄င်းမှ အခြေပြုစခန်းသို့ ပြန်လည်ထွက်ခွာရာ ညနေ ၅ နာရီခန့်တွင် ဆက်သွယ်မှု စတင်ပြတ်တောက်ခဲ့သည်။

အခြေပြုစခန်းတွင်ကျန်ရှိခဲ့သော တောင်တက်အဖွဲ့ဝင်ခြောက်ဦးသည် တောင်ထိပ်သို့ တက်ရောက်ခဲ့သော တောင်တက်အဖွဲ့ဝင် နှစ်ဦးနှင့် ဆက်သွယ်မှုမရရှိတော့ဘဲ စက်တင်ဘာ ၃ ရက်အထိ စောင့်ဆိုင်းပြီးနောက် ပြန်လည်ထွက်ခွာခဲ့ရာ တဟွန်းဒမ်းကျေးရွာသို့ စက်တင်ဘာ ၉ ရက်တွင် ပြန်လည်ရောက်ရှိခဲ့သည်။

တောင်တက်အဖွဲ့ဝင်နှစ်ဦး ပျောက်ဆုံးမှုအား သိလျှင်သိချင်း စက်တင်ဘာ ၄ ရက် နံနက် ၇ နာရီက ရှာဖွေကယ်ဆယ်ရေးနှင့်ဆက်သွယ်ရေး အထောက်အကူပေးနိုင်ရေးအတွက် နောင်မွန်းတွင် ရောက်ရှိနေသော နယ်မြေခံတပ်မှ တပ်ဖွဲ့တစ်ဖွဲ့အား ပန်နန်းဒင်သို့စေလွှတ်ခဲ့သည်။ စက်တင်ဘာ ၆ ရက်တွင် တပ်မတော် ရဟတ်ယာဉ်တစ်စင်းကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပူတာအိုသို့စေလွှတ်ခဲ့သည်။

ရာသီဥတုကောင်းမွန်ချိန် စက်တင်ဘာ ၁၁ ရက်တွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် နယ်မြေခံတပ်မှ ဆက်သွယ်ရေးစစ်သည်များ၊ လေယာဉ်ဆီ၊ စားနပ်ရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်၍ ပူတာအိုမှ ပန်နန်းဒင်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။ စက်တင်ဘာ ၁၂ ရက်တွင် တပ်မတော် Y-8 သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြင့်လည်း လေယာဉ်ဆီများ၊ ကယ်ဆယ်ရေးအထောက်အကူပစ္စည်းများနှင့် စားနပ်ရိက္ခာများကို ရန်ကုန်မှ ပူတာအိုသို့ ပို့ဆောင်ပေးခဲ့သည်။ စက်တင်ဘာ ၁၃ ရက်တွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ စားနပ်ရိက္ခာများ တင်ဆောင်၍ ပူတာအိုမှ ပန်နန်းဒင်သို့ ထပ်မံပို့ဆောင်ခဲ့သော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် ဆင်းသက်၍ မရသဖြင့် ပူတာအိုသို့ ပြန်လည်ဆင်းသက်ခဲ့ရသည်။

ယနေ့ နံနက် ၁၀ နာရီတွင် ရှာဖွေကယ်ဆယ်ရေးနှင့် ဆက်သွယ်ရေးအထောက်အကူဆောင်ရွက်လျက်ရှိသော နယ်မြေခံတပ်နှင့် အခြေပြုစခန်း (Base Camp) မှ ပြန်လည်ထွက်ခွာလာသည့် တောင်တက်အဖွဲ့ဝင် ခြောက်ဦးတို့သည် ဂဝိုင်ရွာမြောက်ဘက် လေးမိုင်ခန့်အကွာတွင် ပူးပေါင်းနိုင်ခဲ့ပြီး အဆိုပါ တောင်တက်အဖွဲ့အား လုံခြုံစိတ်ချရသော ပန်နန်းဒင်သို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိသည်။

ပျောက်ဆုံးနေသည့် တောင်တက်သမား နှစ်ဦးကို ရှာဖွေတွေ့ရှိရေးအတွက် တပ်မတော်အနေဖြင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ သဘာဝခေါ်သံ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ တောင်တက်အဖွဲ့ဝင်များ၊ ထူးဖောင်ဒေးရှင်းနှင့် ထူးကုမ္ပဏီများအုပ်စုမှ တာဝန်ရှိသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နယ်မြေခံကျွမ်းကျင်သူများနှင့်ပူးပေါင်း၍ သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်၊ သယ်ယူပို့ဆောင်ရေးလေယာဉ်နှင့် နယ်မြေခံတပ်များအား အသုံးပြုကာ ရှာဖွေကယ်ဆယ်ရေး၊ ဆက်သွယ်ရေးနှင့် အထောက်အကူပစ္စည်းများ ထောက်ပံ့ပို့ဆောင်ရေးတို့တွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

ချန်ပီယံဝမ်း အားကစားပစ္စည်းဆိုင် မီးလောင်မှုဖြစ်ပွား

ရန်ကုန် စက်တင်ဘာ ၁၄

ပန်းဘဲတန်းမြို့နယ် အမှတ် (၂) ရပ်ကွက်(၂၅)လမ်း အလယ်ဘလောက် သိမ်ကြီးစျေး(C)ရုံ အပြင်ဘက်တန်း ဆိုင်ခန်းအမှတ်(C/၄၀) ပိုင်ရှင် ဦးစိုးမြင့်၏ ချန်ပီယံဝမ်း အားကစားပစ္စည်းဆိုင်၏ ထပ်ခိုး ပေါ်တွင် စက်တင်ဘာ ၁၄ ရက် ညနေ ၅ နာရီ မိနစ် ၅၀ ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ တာဝန်ရှိသူတစ်ဦး၏ ဖုန်းဖြင့် သတင်းပေးချက်အရ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ အောက်မြန်မာပြည် ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့် ဦးဆောင်သော မီးသတ်ယာဉ် ၁၁ စီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီးဖြင့် ဗြိမ်း သတ်ခဲ့ရာ မီးမှာ ညနေ ၆ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှု ဖြစ်ပွားရခြင်း အကြောင်းရင်းမှာ ဆိုင်မျက်နှာကြက်တွင် တပ်ဆင်ထားသော ၆၀ ဝပ် မီးလုံးအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားရခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် အားကစားပစ္စည်းအချို့ဆုံးရှုံးခဲ့ကြောင်း မီးငြိမ်းသတ်ရေးတွင် ပါဝင်ခဲ့သူတစ်ဦး၏ ပြောပြချက် အရသိရသည်။ **သတင်းနှင့်ဓာတ်ပုံ(ကိုကြီးတင်)**

ပြည်တွင်းသတင်းနှင့်ကြေငြာ

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၄

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂေါ်တမ်မုခိုပါဒါယသည် စက်တင်ဘာ ၁၂ ရက် မွန်းတည့် ၁၂ နာရီက ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် မော်တော်ယာဉ်ထုတ်လုပ်သည့် လုပ်ငန်းများ ထပ်မံတိုးချဲ့တည်ဆောက်ခြင်းနှင့် အထည်အလိပ်လုပ်ငန်းများတွင် စက်မှုဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်ရေး၊ ရခိုင်ပြည်နယ် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ပုဏ္ဏားကျွန်းစက်မှုဇုန်တို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးဆိုင်ရာ အထောက်အပံ့များ ကူညီပံ့ပိုးပေးရေးနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လက်တွန်းထွန်စက်နှင့် စက်ကိရိယာပြင်ဆင်မှုသင်တန်းပွင့်

ကသာ စက်တင်ဘာ ၁၄

ကသာခရိုင်သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီမှ ကြီးမျှားဖွင့်လုစ်သော လက်တွန်းလယ်ထွန်စက်နှင့် စက်ကိရိယာပြင်ဆင်မှုသင်တန်းဖွင့်ပွဲကို ကသာမြို့နယ် သမဝါယမအသင်းစုတွင် စက်တင်ဘာ ၁၃ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကသာခရိုင်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ဦးမျိုးသိန်းက အမှာစကားပြောကြားပြီး အဆိုပါသင်တန်းတွင် လက်တွန်းလယ်ထွန်းစက်နှင့် ထွန်စက်ကြီးများ အထိ မောင်းနှင်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများကို စာတွေ့၊ လက်တွေ့ဖြင့် စနစ်တကျသင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များထဲမှ သမဝါယမလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီက ထောက်ပံ့ငွေကျပ် ရှစ်သိန်းဖြင့် သင်တန်းကို သင်တန်းသား ၅၀ တက်ရောက်၍ ၀ါးရက်ကြာ ဖွင့်လုစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၁၄

တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများအပြီး အမျိုးသား အားကစားပွဲတော်ကြီးကို နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြောကြားသည်။

"တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲတွေကတော့အောက်တိုဘာလမှာ ပြီးမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲတွေအပြီး နှစ်လလောက်တော့ အနားပေးမယ်။ ဆီးဂိမ်းပြိုင်ပွဲကြီးလိုကြီးကျယ်ခမ်းနားတဲ့ အားကစားပြိုင်ပွဲတစ်ရပ်ကိုတော့ လာမယ့် ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းလောက်မှာ ကြီးကျယ်ခမ်းနားစွာ ကျင်းပသွားဖို့ စီစဉ်နေပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲ၌ ပြောကြားခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ အားကစားဝန်ကြီးဌာနမှ ဦးဆောင်ကာ ရွက်ပုန်းသီးအားကစားသမားများ ပေါ်ထွက်လာရေးအတွက် အားကစားပြိုင်ပွဲအမျိုးမျိုး ကျင်းပပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၌ ကျင်းပသော အားကစားပြိုင်ပွဲသည် ရှစ်ခုမြောက်ကျင်းပသည့် ပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူများ ကိုယ်လက်ကျန်းမာကြံ့ခိုင်ရေးနှင့် ရွက်ပုန်းသီးအားကစားသမားများ ပေါ်ထွန်းလာရေး ယခုနှစ်မှစတင်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ သက်ဆိုင်ရာဒေသ အစိုးရအဖွဲ့များနှင့် ပူးပေါင်းကာ အားကစားပြိုင်ပွဲအမျိုးမျိုး ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

ကြံတိုင်းအောင်

ရန်ကုန်အနောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးလွင်၊ ကြည့်မြင်တိုင်မြို့နယ် လဝကဦးစီးမှူး ဦးကျော်ကျော်ဦးနှင့်အဖွဲ့က မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် စက်တင်ဘာ ၁၂ ရက်က ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းအောက်ရုံ အလတ်ချောင်းမှ အသက် ၁၀ နှစ်၊ အသက် ၁၈ နှစ်ပြည်သူများကို နေ့ချင်းပြီး မှတ်ပုံတင်များ ပြုလုပ်ပေးခဲ့စဉ်။ ဘော်ဂါသွေး

လူကုန်ကူးမှု တိုက်ဖျက်ရေးဟောပြော

တောင်ငူ

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ပြပွဲအခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက တောင်ငူမြို့၊ ခပေါင်းခန်းမ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် တောင်ငူခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်က အမှာစကားပြောကြားပြီး၊ ခရိုင်ဥပဒေအရာရှိ ဦးစောဒိန္ဒိုက "လူကုန်ကူးသူမှန်သမျှ စုပေါင်းကာကွယ်တိုက်ဖျက်ကြ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပညာရေးမှူး ဦးစံကျော်က " လူကုန်ကူးမှုတိုက်ဖျက်ရေး ပိုင်းဝန်းကူညီဆောင်ရွက်ပေး"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ကျန်းမာရေး ဦးစီးမှူးဒေါက်တာဒေါ်ခင်စန်းမြင့်က "လူသားအချင်းချင်း စာနာလို့ လူကုန်ကူးမှုတိုက်ဖျက်စို့" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောခဲ့သည်။

ဆက်လက်၍ ခရိုင်အဆင့် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း ၊ ပိုစတာပြိုင်ပွဲ ဆုရရှိသူများအား ဆုများပေးအပ်ခဲ့ကာ ပြပွဲအား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **မောင်ရွှေဝင်း (ပြည်)**

စလင်း

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းက အမှာစကားပြောကြား၍ စလင်းမြို့မရဲစခန်း စခန်းမှူး ဒုရဲမှူး ဝင်းတင်က လူကုန်ကူးမှုတိုက်ဖျက်တားဆီးရေးဆိုင်ရာကိစ္စများအား ရှင်းလင်းပြောကြားပြီး ဆုရကျောင်းသား ကျောင်းသူများအား မကွေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ဦးဝင်းမြင့်နှင့် မြို့နယ်ပညာရေးမှူး ဦးသန်းလှတို့က ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၉၊ မြေကွက်အမှတ် ၃၆၀၊ အကျယ်အနံ(ပေ (၄၀×၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ကေရှိ ဒေါ်လှမြင့် (SRM-051197)၁၂/သကတ(နိုင်)၀၉၁၉၀၅ အမည်ပေါက် ပါမစ်မြေကွက်နှင့် မြေကွက်အမှတ် ၃၆၁၊ အကျယ်အနံ: ပေ (၄၀×၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ကေရှိ ဦးသန်းဆွေ J/RGM-022392 အမည်ပေါက် ပါမစ်မြေကွက် စုစုပေါင်းမြေကွက်နစ်ကွက်အား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝဏ္ဏ ၁၂/ဥကတ(နိုင်)၁၃၅၂၇၁ထံမှ ကျွန်ပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်မွန်မွန်ချို LL.B (အထက်တန်းရှေ့နေ) စဉ်-၂၃၂၉၉
ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၄၂၁၀၃၆၀၃

မွေးသက္ကရာဇ်အမှန်

ဦးတင်ဝင်း၏သမီး အောင်ကောင်းစံ ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(B)မှ မယွန်းပန်းအိမ်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၁၂-၁၉၉၇ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ရန်ကုန်မြို့၊ အထက (၄) မရမ်းကုန်း၊ နဝမတန်း (E)တွင် ပညာသင်ကြားနေသော ဦးဇော်မျိုးဟန်၏သား မောင်လွင်ထူးဟန်အား ယနေ့မှစ၍ မောင်လင်းထက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်လင်းထက်နိုင်**

CLAIMS DAY NOTICE

M.V PAGUA VOY : NO (012)

Consignees of cargo carried by M.V PAGUA VOY: NO (012) are here by notified that the vessel will arrive on about 17-9-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from (08:00) AM to (11:20) AM and (12:00) NOON to (4:00) PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(A_4)မှ မသကြီန်အေး၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းလေး ၉/တကန(နိုင်)၁၁၄၇၀၉ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(A_4)မှ မောင်ကောင်းမြတ်သူ၏ ဖခင် ဦးမောင်ဝင်း(ခ)ဦးဝင်း ၉/တကန(နိုင်)၁၀၆၅၅၂သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

[illegible]

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၊ နေဝင်းရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၇၁၃) နေ ဦးသန်းလှိုင်+ ဒေါ်ဝေဒေသလှိုင်တို့၏သမီးဖြစ်သူ မောင်စည်သူဟိန်း (ခ) မောင်ဟိန်းကိုကိုသည် မိဘများ၏ ဘိုးဆုံးမူကို လက်ခံခြင်းမရှိသော မိဘများ စိတ်ဆင်းရဲခံအောင် အကြိမ်ကြိမ်ပြုလုပ်နေသည်နှင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက် ပါသည်။ နောက်နောင်တွင် မောင်စည်သူဟိန်း (ခ) မောင်ဟိန်းကိုကိုနှင့် ပတ်သက်သည့် ပြဿနာကိစ္စအတွေ့အကြုံအားလုံးကို မိဘများမှ ရင်ခံတာဝန်ယူမည်မဟုတ်ပါ ကြောင်း၊ အသိပေးကြေငြာလိုက်ပါသည်။

ဒေါ်ဘေဘေလှိုင် (၇/ပန(နိုင်)၁၇၈၇၅၅)၏လွှဲတော်လည်းမိုးကြားဆောက်အရေ

ဒေါ်ဘီဘီမော
အရေးကြီးတော်ရှေ့နေ (စဉ်-၉၁၇၇)
အမှတ်(၇၃၇) တနောင်းမင်းသားကြီးလမ်း
ဗိုလ်တစ်ဆယောင်းအပိုင်း(၁)မျက်နှာပြင်၊ ပြည်မြို့။

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်တွင်းသတင်းနှင့်ကြေငြာ

ကမ္ဘာ့ရွှေဈေး၊ မြန်မာ့ရွှေဈေး ဆက်တိုက်ကျဆင်းလာ

ဓာတ်ပုံ-ဘော်ဂါသွေး

ရန်ကုန် စက်တင်ဘာ ၁၄

စက်တင်ဘာ ၁ ရက်က မြန်မာ့ရွှေဈေးမှာ အခေါက်ရွှေ(အပိုင်း) တစ်ကျပ်သားလျှင် ငွေကျပ် ၆၆၉၇၀၀ ဖြစ်နေခဲ့ပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၈၈ ရှိနေခဲ့သည်။

နောက်ရက်များ၌ ဈေးမှာ တဖြည်းဖြည်း ကျဆင်းလာခဲ့ပြီး စက်တင်ဘာ ၁၂ ရက်တွင် မြန်မာ့ရွှေဈေးကွက်၌ တစ်ကျပ်သားလျှင် ငွေကျပ် ၆၅၄၂၀၀ အထိ ကျဆင်းသွားခဲ့ပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၃၃ အထိ ထိုးကျသွားခဲ့သည်။ ၁၂ ရက်အတွင်း တစ်ကျပ်သားကို ငွေကျပ် ၁၅၀၀၀ နီးပါးကျဆင်းသွားခဲ့ပြီး ကမ္ဘာ့ရွှေဈေးမှာ ၅၅ ဒေါ်လာခန့် ပြုတ်ကျသွားခဲ့သည်ကို ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းရုံး မှတ်တမ်းအရ လေ့လာတွေ့ရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံးသို့ စက်တင်ဘာ ၁၂ ရက်က ရောက်ရှိခဲ့ရာ ရုံးခန်းအတွင်း အပိုင်းရွှေ(မီးကင်းအခေါက်ရွှေ)ဈေးကွက်မှာ ရောင်းသူ ဝယ်သူတို့၏အသံများဖြင့် ဝေစည်နေခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင် ဦးအေးချို(စမ်းချောင်း)က ကမ္ဘာ့ရွှေဈေး၊ မြန်မာ့ရွှေဈေး ဆက်တိုက်ကျဆင်းလာမှုအပေါ် သုံးသပ်ရှင်းပြခဲ့သည်။

"လက်ရှိ ရွှေဈေးကွက်အတွင်းမှာတော့ ဝယ်လိုအား၊ ရောင်းလိုအား မျှနေပါတယ်။ ကမ္ဘာ့ရွှေဈေး၊ မြန်မာ့ရွှေဈေးက လဆန်းပိုင်းကတည်းက ဆက်တိုက် ကျဆင်းလာခဲ့တယ်။ အကျဆက်တိုက်များလာတဲ့အတွက် အချိန်မရွေး ရွှေဈေးက ပြန်တက်လာနိုင်ပါတယ်"ဟု ဆိုခဲ့သည်။

မြန်မာ့ရွှေဈေးကို ကမ္ဘာ့ရွှေဈေး အမေရိကန်ဒေါ်လာ ပေါက်ဈေးနှင့် တွက်ပါက မြန်မာ့ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၅၀၀၀၊ ၆၀၀၀ ခန့် ပိုမြင့်တက်နေကြောင်း ၄င်းကဆိုသည်။ လက်ရှိအနေအထားတွင် ကမ္ဘာ့ရွှေဈေးမှာ သိသိသာသာခြားနားသွားသည်အထိ တက်လာနိုင်စရာအကြောင်းမရှိပါကြောင်း၊ ကမ္ဘာ့ရွှေဈေးသာ ယခုထက်ပိုကျလာပါက မြန်မာ့ရွှေဈေးမှာလည်း ပိုမိုကျဆင်းလာနိုင်ကြောင်း၊ လက်ရှိအနေအထားအရ ရွှေဝယ်ယူစုဆောင်းလိုသူများ အနေဖြင့် အကောင်းဆုံးအချိန်အခါ ပင်ဖြစ်သည်ဟု ရွှေဘုံသာလမ်း ရွှေဈေးကွက်အတွင်း ရွှေဝယ်စုသူတစ်ဦးက ထပ်ဆင့်ဆိုထားသည်။

လမ်းမတော်-လသာ ရွှေဘုံသာလမ်း ပိုလ်ချုပ်ဈေးရှိ ရွှေဆိုင်များမှာ အရောင်းအဝယ် အဝင်အထွက် ပုံမှန်ဖြစ်နေသည်ကို တွေ့ရှိရသည်။ လမ်းမတော်လမ်းထိပ် ရွှေဆိုင်ကြီး တစ်ဆိုင်မှ မိတ်ဆွေတစ်ဦးက "အခုအနေအထားမှာတော့ ရွှေဈေးကွက်က ပုံမှန်အနေအထား မှာရှိပါတယ်။ လာမယ့်သီတင်းကျွတ်ပွဲတော်အတွက်တော့ ရွှေဆိုင်တော်တော်များများက ဒီဇိုင်းဆန်းတွေနဲ့ ပြင်ဆင်မှုတွေ ရှိနေပါတယ်။ အဲဒီအခါ ဝယ်သူတွေအတွက် အလျှော့တွက်ကအစ လက်ဆောင်ပစ္စည်းတွေနဲ့ဖိတ်ခေါ်ကြမှာပါ" ဟု ပြောသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၄-၉-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	ကျပ်၆၅၁၀၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	ကျပ်၆၁၂၇၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	ကျပ်၆၅၀၅၅၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၁၀၀၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၄၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၃၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၃၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀-၁၅၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၈၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၉၀၀၀-၁၈၀၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူးငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၀-၉၈၉
ဥရောပ	တစ်ယူရို	၁၃၃၉-၁၃၄၆
စင်ကာပူ	တစ်ဒေါ်လာ	၇၈၀-၇၈၅
ထိုင်း	တစ်ဘတ်	၃၁.၅၆-၃၂
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅
တရုတ်	တစ်ယွမ်	၁၆၀-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၁၀-၃၁၂

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

တာမွေမြို့နယ်တွင် ငွေစက္ကူအတုများဖြင့် ဖမ်းဆီးရမိသူအား အရေးယူ

ရန်ကုန် စက်တင်ဘာ ၁၄

တာမွေမြို့နယ်တွင် စက်တင်ဘာ ၁၂ရက် ညပိုင်းက ငွေစက္ကူအတုများဖြင့် ဖမ်းဆီးရမိသူအား အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၂ ရက် ည ၉နာရီခွဲက တာမွေမြို့နယ် ကျောက်မြောင်း အထက်ရပ်ကွက် သင်ဟလမ်းထိပ်ရှိ ကွမ်းယာဆိုင်သို့ လူငယ်တစ်ဦးက ကျပ် ၁၀၀၀၀ တန် ငွေစက္ကူဖြင့် ကွမ်းယာ၊ ဆေးလိပ်တို့ ဝယ်ယူခဲ့ကြောင်း၊ ပိုင်ရှင်ကို ပြန်အမ်းပေးခဲ့ပြီးနောက် ကျပ် ၁၀၀၀၀ တန် ငွေစက္ကူကိုစစ်ဆေးရာ အတုဖြစ်ကြောင်း မသက်ာဖွယ်တွေ့ရှိရသဖြင့် ၄င်းလူငယ်ကို ကွမ်းယာဆိုင်ပိုင်ရှင်က တာမွေမြို့မရဲစခန်းသို့ ပို့အပ်ရန် ခေါ်ဆောင်လာစဉ် ရဲစခန်းအနီး အရောက် ၄င်းလူငယ်မှာ ထွက်ပြေးသွားခဲ့ကြောင်း ရဲစခန်းသို့အကြောင်းကြားခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်များက ရှာဖွေဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိသူ လူငယ်ကို စစ်ဆေးရှာဖွေရာ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်နေ ကြည်ဌေး(၂၈နှစ်)ဖြစ်ကြောင်း သိရပြီး ၄င်းထံမှ အကျဉ်းရာနှင့် နံပါတ်တူ ကျပ် ၁၀၀၀၀ တန် ငွေစက္ကူရှစ်ရွက်ကိုတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ၄င်းကို တာမွေမြို့မရဲစခန်းက ဗဟိုဘဏ်ဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူကာ စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လ/ဝင့**

စစ်မှုထမ်းဟောင်း သားသမီးများ ပညာသင်ထောက်ပံ့

မင်းလှ စက်တင်ဘာ ၁၄

မင်းလှမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ပေးအပ်သည့် ပညာသင်ထောက်ပံ့ကြေးအား ထပ်ဆင့်ပေးအပ်ပွဲကို စက်တင်ဘာ ၁၄ ရက်က ကျင်းပရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်၊ အရန်အဖွဲ့ဝင်နှင့် သားသမီးများ တက်ရောက်၍ ဥက္ကဋ္ဌ ဗိုလ်ကြီးမျိုးမြင့်(ငြိမ်း)က အမှာစကားပြောကြားကာ ကျောင်းသား ကျောင်းသူ ၆၅ ဦးအတွက် ငွေကျပ် ၉၈၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြိုးချို(အထက်မင်းလှ)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ဗလင်းတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ကံစကာင်း
PH-09-49300967
09-420185599

RUBY
519100
09-51-77212, 535100

အမည်ပြောင်း
ဦးစောမြင့်ထွန်း ၅/မရန(နိုင်)၀၈၃၃၅ ၏သား မန္တလေးမြို့၊ မြတ်ပါရမီ ပညာရှေ့ပြည် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မောင်အာကာ မြင့်ထွန်းအား ယနေ့မှစ၍ မောင်မြတ်သူရိန်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မြတ်သူရိန်**

အပူအပုပ်များပြီး ခေါင်းကိုက် ဇက်ကြောထိုး ညောင်းညာ မအီမသာ ခံစားနေရသူများအတွက် ဗိုက်မရစ် ဗိုက်မနာ ဝမ်းသွားအားရစေတဲ့ **စုစုအေးအောင်** ဝမ်းမှန်အကြောပြေ ဆေး။

ရွှေကြေးစည်မှ အင်းလေးမွဲ / ကျိုက္ကယ်ဆွမ်းမျှော်မွဲ သို့
Sep 27
Oct 3,4,5
01-2408660/372290 09-492282825 09421029191

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ် ကတ္တရာအိတ်ဖွင့်တင်ဒါအမှတ် (၃) ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အဖွဲ့များမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် ကတ္တရာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	**ပြည်နယ်**	**ပစ္စည်းအမျိုးအစား**	**အရေအတွက်**
(က)	ရှမ်း(တောင်)	ကတ္တရာ(၈၀/၁၀၀)	၃၆၀၉ တန်
(ခ)	ရှမ်း(မြောက်)	ကတ္တရာ(၈၀/၁၀၀)	၁၄၉၈ တန်
(ဂ)	ရှမ်း(အရှေ့)	ကတ္တရာ(၈၀/၁၀၀)	၆၀၂ တန်
		စုစုပေါင်း	**၅၇၀၉ တန်**
(ဃ)	**တင်ဒါပုံစံရောင်းချမည့်ရက် -**		၁၅-၁၀-၂၀၁၄ ရက်မှ ၂၀-၁၀-၂၀၁၄ ရက်အထိ နံနက် ၉း၀၀ နာရီမှ ၁၆း၀၀ နာရီ (ရုံးချိန်အတွင်း)
(င)	**တင်ဒါပုံစံရောင်းချမည့်နေရာ-**		အင်ဂျင်နီယာမှူးကြီးရုံး၊ တောင်ကြီးမြို့
(စ)	**တင်ဒါလျှောက်လွှာပိတ်ရက် -**		၂၁-၁၀-၂၀၁၄ ရက် မွန်းတည့် ၁၂း၀၀ နာရီ
(ဆ)	**တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့် - အချိန်**		၂၂-၁၀-၂၀၁၄ ရက် ၁၃း၀၀ နာရီ

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံးသို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၀၁၆၊ ၀၈၁-၂၁၂၁၆၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကတ္တရာတင်ဒါစီစစ်ရွေးချယ်ရေးကော်မတီ

STI
MYANMAR UNIVERSITY

ဘွဲ့ကြို နှင့် ဘွဲ့လွန် ပညာသင်ဆုလျှောက်လွှာခေါ်ယူခြင်း

၁။ STI Myanmar University မှ အောက်ဖော်ပြပါ အထူးပြုဘွဲ့ကြို နှင့် ဘွဲ့လွန်ပညာသင်ဆုများ ပေးအပ်မည်ဖြစ်ပါသည်။
(က) Master of Business Administration (MBA)
(ခ) Master of Financial Services (MFS)
(ဂ) Master of Education (MEd)
(ဃ) Bachelor of Business Administration (BBA)
• Management
(င) Bachelor of Engineering (BE)
• Civil and Architectural Engineering
• Electronic Engineering

၂။ ဘွဲ့ကြိုသင်တန်းများအတွက် အောက်ဖော်ပြပါ အချက်အလက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။
- တက္ကသိုလ်ဝင်တန်းစာမေးပွဲ သို့မဟုတ် GCE ထူးချွန်စွာအောင်မြင်ပြီးသူများ
- ခေါင်းဆောင်မှုစွမ်းရည်မြင့်ပြီး လူမှုရေးလုပ်ငန်းများတွင် စိတ်ဝင်စားသူများ

၃။ ဘွဲ့လွန်သင်တန်းများအတွက် အောက်ဖော်ပြပါ အချက်အလက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။
- ဘွဲ့တစ်ခုခုရရှိထားပြီး လုပ်ငန်းခွင်အတွေ့အကြုံ (၅)နှစ်ရှိသူများ
- ခေါင်းဆောင်မှုစွမ်းရည်ပြည့်ဝပြီး အောင်မြင်ရန်အလားအလာကောင်းရှိသူများ

၄။ စိတ်ပါဝင်စားသူများ STI Myanmar University ၌ လျှောက်လွှာများကို (၅)ရက်၊ အောက်တိုဘာလ နောက်ဆုံးထား၍ လာရောက်ထုတ်ယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက- STI Myanmar University
Building-10, MICT Park, Hlaing Campus, Hlaing Township, Yangon.
No (377), Upper Shwe Bon Thar Street, Pabedan Township, Yangon.
TEL : 507151/507152, 377968, 09250064451, 0931702299, 09420254872

သရဲနီ မန်ယူတို့ ရာသီသစ်မှာ နိုင်ပွဲစပြီ

သီဟ - ရေးသည်

မန်ချက်စတာ စက်တင်ဘာ ၁၄

ပရီမီယာလီဂ် ပွဲစဉ် (၄) တနင်္ဂနွေပွဲစဉ်ဖြစ်သည့် မန်ယူနှင့် ကျူပီအာတို့ အိုးထရက်ဖို့ဒ်၌ ကစားရာ မန်ယူက လေးဂိုး -ဂိုး မရှိဖြင့် အနိုင်ရပြီး ရာသီသစ်နိုင်ပွဲကို ဂိုးပြတ်ဖြင့် စတင်အနိုင်ယူလိုက်ပြီဖြစ်သည်။

မန်ယူအသင်းခေါင်းဆောင် ရွန်းနီတတိယဂိုး သွင်းယူစဉ်။

မန်ယူအသင်းတွင် ရွန်းနီ၊ ဗန်ပါစီနှင့် ယခုနှစ်ရာသီ၌ ခေါ်ယူထားသည့် ဒီမာရီယာ၊ ဟာရဲရား၊ ဒါလေဘလိုင်းနှင့် ရိုဂျိုတို့ပါဝင်ကစားပြီး ဒီမာရီယာ ခြေစွမ်းပြကစားနိုင်သည်ကို တွေ့ရသည်။ မန်ယူအသင်းအတွက် ဂိုးများကို ၂၄ မိနစ်တွင် ဒီမာရီယာ၊ ၃၆ မိနစ်တွင် ဟာရဲရားနှင့် ၄၄ မိနစ်တွင် ရွန်းနီတို့က ဂိုးသွင်းယူပေးပြီး ပထမပိုင်းအပြီး မန်ယူတို့သုံးဂိုးပြတ်ဖြင့်အနိုင်ရခဲ့သည်။

ကျူပီအာတွင် မန်ယူမှ ပြောင်းသွားသော ဖာဒီနန်ဝင်ကစားပြီး နည်းပြဟယ်ရီ ရက်နက် အနေဖြင့် မန်ယူကိုသူ၏အကောင်းဆုံးလူစာရင်းဖြင့် ယှဉ်ပြိုင်ခဲ့သော်လည်း မန်ယူကို မယှဉ်နိုင်ဘဲ မန်ယူ၏ ဖိကစားမှုကိုသာ ခံခဲ့ရသည်။ ဒုတိယပိုင်း ၅၈မိနစ်တွင် ဒီမာရီယာ၏ ပေးပို့မှုမှတစ်ဆင့် မာတာကစတုတ္ထဂိုးကို သွင်းယူပေးခဲ့သည်။ နည်းပြ စိတ်ကြိုက်မဖြစ်မှုကြောင့် အသင်း ပြောင်းနိုင်သည်ဟု နာမည်ထွက်နေသော မာတာမှာ ယခုပွဲတွင် ခြေစွမ်းပြကစားနိုင်သဖြင့် သူ၏နေရာအတွက် တည်မြဲနိုင်သည်ဟု ပြောရမည်ဖြစ်သည်။ ၆၆ မိနစ်တွင် မိုနာကိုမှပြောင်းရွှေ့လာသော ဖယ်လ်ကာအိုက ကျောနံပါတ် ၉ ဝတ်ဆင်ပြီး ဗလင်စီယာနှင့်အတူ လူစားဝင်ကစားသည်။ ၈၃ မိနစ်တွင် ဒါလေဘလိုင်း ကန်သွင်းမှုမှ ပြန်ကန်ထွက်လာသော ဘောလုံးကို ဖယ်လ်ကာအို ကန်သွင်းသော်လည်း ဂိုးသမားပြန်လည်ဖမ်းမိခဲ့သည်။ ပွဲပြီးသည်အထိ မန်ယူတို့ ဂိုးထပ်မံမသွင်းနိုင်ဘဲ လေးဂိုးပြတ်ဖြင့် ကျူပီအာကို နိုင်ခဲ့သည်။

ယခုနှစ်ရာသီအစတွင် ဆွမ်ဆီးကို နှစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးပြီး ဆန်းဒါးလန်းနှင့် ဘန်လေကို သရေသာ ကစားနိုင်ခဲ့သော မန်ယူတို့ ယခုပွဲတွင် ကျူပီအာကို ဂိုးပြတ်အနိုင်ရမှုဖြင့် ရာသီသစ်နိုင်ပွဲ စတင်ခဲ့ပြီဖြစ်သည်။ ယခုပွဲ အနိုင်ရမှုတွင် အသစ်ခေါ်ယူထားသော ဒီမာရီယာ၊ဟာရဲရား၊ဒါလေဘလိုင်းနှင့် ရိုဂျိုတို့ ခြေစွမ်းပြကစားနိုင်မှုက အဓိကကျပြီးမန်ယူတို့ ပရီမီယာလီဂ် ချန်ပီယံဆုအတွက် ဘယ်လောက်အထိ ကစားနိုင်မလဲဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

ဒီယေဂိုကော်စတာ ဟက်ထရစ် သွင်းယူ

ချယ်လ်ဆီးနှင့် ဆွမ်ဆီးတို့ ယမန်နေ့က ပရီမီယာလီဂ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြရာ ချယ်လ်ဆီးက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့ပြီး အဆိုပါပွဲ ချယ်လ်ဆီးတို့အနိုင်ရခြင်းသည် ယခုနှစ်ရာသီတွင် ရာနှုန်းပြည့် အစကောင်းမှုကို ဆက်ထိန်းထားနိုင်ခဲ့သည်။ ပွဲအစတွင် တယ်ရီ၏ ကိုယ့်ဂိုးကိုယ်သွင်းပေးမှုဖြင့် ဆွမ်ဆီးက ဦးဆောင်ဂိုးရရှိခဲ့သည်။ ပထမပိုင်း ၄၅ မိနစ်တွင် ကော်စတာက ချယ်လ်ဆီးအတွက် ချေပဂိုးသွင်းယူခဲ့သည်။ ချယ်လ်ဆီးအတွက် ဒုတိယနှင့် တတိယဂိုးများကိုလည်း ကော်စတာကပင် သွင်းယူပေးခဲ့သည်။ စတုတ္ထအနိုင်ဂိုးကို ရီမိက သွင်းယူခဲ့သည်။ ဆွမ်ဆီးအတွက် ဒုတိယဂိုးကို ရှီဗေးလ်က သွင်းယူခဲ့သည်။ ယင်းပြိုင်ပွဲအပြီး ချယ်လ်ဆီးက အမှတ်ပေးဇယားတွင် ဆွမ်ဆီးထက် သုံးမှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ကောင်းမြတ်သူ
စုစည်းသည်

ပြည်တွင်းသတင်းနှင့် ကြေးငြာ

ဥရောပပြည်တွင်းလီဂ် ပွဲစဉ်များ

အင်္ဂလန်ပရီမီယာလီဂ် ပွဲစဉ်(၄)		**စက်တင်ဘာ ၁၆**
ဟားလ်စီးတီး	- ဝက်စ်ဟမ်း	နံနက် ၁း၃၀
အီတလီစီးရီးအေ ပွဲစဉ်(၂)		**စက်တင်ဘာ ၁۷**
ဗီရိုနာ	- ပါလာမို	နံနက် ၁း၁၅
စပိန်လာလီဂါ ပွဲစဉ်(၃)		**စက်တင်ဘာ ၁۷**
အီဘာ	- ဒီပို့တီမို	နံနက် ၁း၁၅

စက်တင်ဘာ ၁၃/၁۷ ဂိုးရလဒ်များ

ဆောက်သမ်တန်	၄-၀	နယူးကာဆယ်
စတုတ်စီးတီး	၀-၁	လက်စတာ
ဆန်းဒါးလန်း	၂-၂	စပါး
ဝက်စ်ဘာရွန်း	၀-၂	အဲဗာတန်
လီဗာပူး	၀-၁	အက်စ်တွန်ဗီလာ
ရန်းနက်စ်	၁-၁	ပီအက်စ်ဂျီ
ဘတ်စ်တီယာ	၁-၁	လန်းစ်
မောင့်ပယ်လီယာ	၁-၀	လော်ရီယန့်
နီကစ်	၁-၀	မတ်ဇ်
ရီမ်းစ်	၂-၀	တူးလော့စ်
စိန့်အက်တီယန်	၁-၀	ကာဒီန်း
ပါဒါဘွန်း	၀-၀	ကိုလုံး
ဂလက်ဘတ်	၄-၁	ရှော်လ်ကေး
အမ်ပိုလီ	၀-၁	ရိုးမား
ဂျူဗင်တပ်စ်	၂-၀	အာဒီးနိစ်
ဘာစီလိုနာ	၂-၀	ဘီလ်ဘာအို
မာလာဂါ	၀-၀	လီဗန်တေး
ဆယ်လ်တာဗီဂို	၂-၂	ဆိုစီဒက်

အက်သလက်တီကို အဝေးကွင်း၌ ရီးရဲကိုနိုင်

အက်သလက်တီကို အသင်းသည် ပြီးခဲ့သည့်နှစ်က ချန်ပီယံလီဂ်ပိုလ်လုပွဲ ပြိုင်ဘက် ရီးရဲမက်ဒရစ်ကို အဝေးကွင်း၌ အနိုင်ကစားနိုင်ခဲ့သည်။ လက်ရှိ လာလီဂါချန်ပီယံ အက်သလက်တီကိုအသင်းသည် ထောင့်ကန်ဘောမှတစ်ဆင့် တီယာဂို၏ ခေါင်းတိုက်ဂိုးနှင့်အတူ ဘာနေဗျူးကို ဦးဆောင်ကစားခဲ့သည်။

သို့သော် ဒဏ်ရာရပြီး ပြန်ကစားလာနိုင်သည့် စီရိုနယ်ဒို့က ပယ်နယ်တီမှ ချေပဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် အက်သလက်တီကိုအသင်းသည် အိမ်ရှင်ရီးရဲမက်ဒရစ်၏ တိုက်စစ်ဆင်မှုကို ဟန့်တားနိုင်ပြီး တူရန်က ဒုတိယပိုင်း ၇၆ မိနစ်တွင် ဂိုးသွင်းလိုက်နိုင်၍ အက်သလက်တီကိုတို့ နိုင်ပွဲရခဲ့သည်။

ကြော်ငြာ



MPT ဟာ မြည်သူလူထုတစ်ရပ်လုံးအတွက် အကောင်းဆုံးဝန်ဆောင်မှုများကို
တစ်နိုင်ငံလုံးသို့ ဖြန့်ကြက်ပြည့်ဆည်းပေးနိုင်ပါတယ်။

www.mpt.com.mm | https://www.facebook.com/mptofficialpage

MPT
ရှေ့သို့လှမ်းချီမြန်မာပြည်

ပြည်တွင်းသတင်းနှင့် ကြေငြာ

စိုက်ပျိုးပိုလျှံရေများကို ထိန်းသိမ်းပြီး စိုက်ပျိုးရေအဖြစ် ပြန်လည်အသုံးချ

စဉ်ကိုင် စက်တင်ဘာ ၁၄

ကျောက်ဆည်ခရိုင်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ဇော်ဂျီမြစ်မှခွဲထွက်ကာ လယ်ယာစိုက်ခင်းများ စိုက်ပျိုးရေအဖြစ်ပေးဝေလျက်ရှိသည့် ဇီးတောမြောင်းနှင့် တမုတ်မြောင်းတို့မှ စီးဆင်းလာသော စိုက်ပျိုးရေပိုလျှံရေများကို စဉ်ကိုင်မြို့နယ် နန်းနီကျေးရွာအုပ်စုကွင်းတွင် ရေမြှင့်အဆောက်အအုံ ဆောက်လုပ်ထိန်းသိမ်း၍ လယ်မြေများအား စိုက်ပျိုးရေအဖြစ် ပြန်လည်ပေးဝေသောကြောင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပြီဖြစ်သည်။

ဇီးတောမြောင်းနှင့် တမုတ်မြောင်းတို့တစ်လျှောက်ရှိ ရေသောက်ဧကများ၏ ပိုလျှံရေများသည် ယင်းဝိုရိုးမှတစ်ဆင့် ပန်းလောင်မြစ်အတွင်း သို့စီးဆင်းသွားသဖြင့် ရေများဆုံးရှုံးပြီး စိုက်ပျိုးရေအခက်အခဲ ဖြစ်ခဲ့ရသည်။ ယခုအခါ ရေမြှင့်အဆောက်အအုံ တည်ဆောက်ပြီး အကျိုးရှိစွာ ပြန်လည်အသုံးချသောကြောင့် နန်းနီကျေးရွာရှိ တောင်သူများလုပ်ကိုင်လျက်ရှိသော ကွင်းအမှတ်(၉၉)မှ စိုက်ပျိုးမြေဧက ၃၅၀ ခန့်ကို နွေရာသီနှင့်မိုးရာသီပါသီးနှံမျိုးစုံ စိုက်ပျိုးနိုင်ပြီဖြစ်သဖြင့် တောင်သူများကျေနပ်အားရလျက်ရှိသည်။

"အရင်ကတော့ ရေထိန်းတံခါးရှိတယ်၊ ကြာလာတော့ ပျက်သွားတယ်၊ အခုကျွန်တော်တို့ဌာနကပဲ ရေမြှင့်အဆောက်အအုံ ဆောက်လုပ်ပြီး တောင်သူတွေ ရေလိုသလောက်ပေးနိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ နှစ်ရှည်ခံ အောင်လည်း ကျောက်ရိုးစီပြီး ဆောင်ရွက်ခဲ့ပါတယ်၊ ရေကိုလိုသလို ထိန်းလို့ရအောင် ရေမြှင့်အဆောက်အအုံရဲ့အပေါ်မှာရေတံခါးတွေတပ်ပြီး ထိန်းသိမ်းထားတယ်။ အရင်ကတော့ မိုးရာသီဆိုရေပေါ်ပြီး နွေရာသီရောက်ရင်ရေထိန်းမရှိလို့ စိုက်ပျိုးရေအပြည့်အဝမရဘူး၊ အခုတော့ နွေရောမိုးပါကြိုက်တဲ့သီးနှံကို စိုက်၊ စိုက်ပျိုးရေအပြည့်အဝပေးနိုင်တယ်"ဟု စဉ်ကိုင်မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းဝင်းက ပြောပြသည်။

အဆိုပါ စိုက်ပျိုးရေပိုလျှံရေများကို ယခင်ကရေထိန်းတံခါးတပ်ကာ တောင်သူများအကျိုးရှိအောင် ဆောင်ရွက်ခဲ့သော်လည်း နှစ်ကာလကြာမြင့်သောကြောင့် တောင်သူများ စိုက်ပျိုးရေလိုအပ်သလောက် ရေပေးဝေနိုင်ခြင်းမရှိသောကြောင့် ဆည်မြောင်းဦးစီးဌာနက ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တောင်သူများ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေ ဆောင်ရွက်နိုင်မည် ဖြစ်သောကြောင့် တောင်သူများက ဆောင်ရွက်ပေးခဲ့မှုများကို ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးမည်

သီပေါ စက်တင်ဘာ ၁၄

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိသီတဂူဆရာတော် ဒေါက်တာ ရှင်ဥာဏိသဿရ ဦးဆောင်လျှက်ဒုတိယ(ဗြောက်ပိုင်း)သီပေါမြို့မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တပညာသီရိအရှင်သူမြတ်၏ ကြီးကြပ်မှုဖြင့် (၂၁) ကြိမ်မြောက် မျက်စိဝေဒနာရှင်များကို စက်တင်ဘာ ၂၅ ရက်မှ ၂၈ ရက်အထိ သီပေါသီတဂူစက္ခုဒါနဆေးရုံ၌ အခမဲ့ခွဲစိတ်ကုသပေးမည်ဖြစ်၍ ဝေဒနာရှင်များအနေဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ကြပြီဖြစ်ကြောင်း မဟာမြတ်မုနိဘုရားကြီး ဆရာတော်က မိန့်ကြားသည်။

ထို့အပြင် ရပ်ဝေးကျေးလက်ဒေသများမှ လာရောက်ကုသကြသော ဝေဒနာရှင်များကို ဆရာတော်အရှင်ပညာသီရိက အိမ်အရောက်ခရီးစရိတ်နှင့် ထမင်းဟင်းများကို ပါဝင်ကုသိုလ်ယူလျှဒါန်းလိုပါက သီတဂူဒါနဆေးရုံ ဖုန်း-၀၉-၅၀၇၀၄၄ တို့ထံ ဆက်သွယ်လျှဒါန်းနိုင်ကြောင်း သိရသည်။

စိုင်း(သီပေါ)

(၇၅)နှစ်မြောက် ဆရာတော်ဦးဥတ္တမနေ့အခမ်းအနားပုဏ္ဏားကျွန်း၌ကျင်းပ

ပုဏ္ဏားကျွန်း စက်တင်ဘာ ၁၄

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့၏ ဧစေတီဘုရားဓမ္မာရုံကြီး၌ စက်တင်ဘာ ၉ ရက်က (၇၅)နှစ်မြောက်ဆရာတော်ဦးဥတ္တမနေ့အခမ်းအနားကျင်းပရာ ဆရာတော် သံဃာတော်များအားပင့်ဖိတ်ကာနေ့ဆွမ်း ဆက်ကပ်လှူဒါန်းပြီး အန္တရာယ်ကင်းပရိတ်တရားတော်များနာကြားခြင်း၊ လွမ်းသူပန်းခွေများချခြင်း၊ ဆရာတော်ကြီးအကြောင်း သိကောင်းစရာများကို ဟောပြောခြင်း၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲဆုရသူများကို ဆုချီးမြှင့်ခြင်း၊ ကျပန်းစကားပြောပြိုင်ပွဲများဖြင့် စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ စုံညီစွာတက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဆရာတော်သည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ကိုယ်ကျိုးမဖက် တိုင်းပြည်အတွက် အသက်ပေးပြီး နယ်ချဲ့အင်္ဂလိပ်တို့ကို ရဲရင့်သော သတ္တိနှင့် တော်လှန်ရေးမျက်စိကို ဖွင့်ပေးခဲ့သူအဖြစ် ထင်ရှားခဲ့သော အာဇာနည်သူရဲကောင်းတစ်ဦးဖြစ်ကြောင်း၊ ထိုခေတ်ကာလက အင်္ဂလိပ်မျက်နှာဖြူများကို မော်မကြည့်ဝံ့သောအချိန်မှာ မြန်မာဘုရင်ခံ ဆာရယ်ဂျီနယ်ဂရက်တောက်အားတိုင်းပြည်မှ ချက်ချင်းထွက်သွားရန် မောင်းထုတ်ခဲ့သူမှာ ဆရာတော်ဦးဥတ္တမပင်ဖြစ်ကြောင်း၊ မြန်မာကသာမက ကမ္ဘာကပင်အံ့ဩသြေးစားတန်ဖိုးထားခြင်းခံခဲ့ရသော အာရှနေဝန်းအဖြစ် အသိအမှတ်ပြုခံခဲ့ရသူ မျိုးချစ်အာဇာနည်တစ်ဦးဖြစ်သည်။

ဓညာ

ရန်ကုန်မြို့နေပြည်သူများ လျှပ်စစ်အန္တရာယ် အသိပညာတိုးပွားရေးလမ်းဘေးပိုစတာများ စိုက်ထူ

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်မြို့နေပြည်သူများ လျှပ်စစ်အန္တရာယ်အသိပညာ တိုးပွားရေးလမ်းဘေးပိုစတာများ စိုက်ထူ အသိပညာပေး ဆောင်ရွက်မှုများကို စက်တင်ဘာ ၁၀ ရက်မှ စတင်ပြီး စီမံချက်ချ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးအဖွဲ့မှ သိရသည်။

"ကျွန်တော်တို့ လျှပ်စစ်ဓာတ်အားပေးအဖွဲ့အနေနဲ့ အခုလိုပိုစတာတွေကို ရန်ကုန်မြို့တွင်းရှိ မြို့နယ်တိုင်းမှာ ပြည်သူ့ပညာပေးရေးလုပ်ငန်းအနေနဲ့ စိုက်ထူသွားမှာပါ။ တချို့ပြည်သူတွေက လျှပ်စစ်ကို နေ့တိုင်းထိတွေ့နေရပေမယ့် လျှပ်စစ်ရဲ့ အန္တရာယ်ကိုသိရှိလိုက်နာဖို့ အလွန်နည်းပါးပါတယ်"ဟု ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ မရမ်းကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းက ပြောသည်။

ရန်ကုန်မြို့တွင်း ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးကို ယခုနှစ်အတွင်း စီမံချက်ချ၍ အခြေခံကျောင်းများသို့ အသိပညာပေးဟောပြောခြင်း၊ ဆွေးမြည့်လျှပ်စစ်ဓာတ်ကြိုးများ လဲလှယ်တပ်ဆင်ပေးခြင်း၊ ဓာတ်ကြိုးနှင့် မလွတ်ကင်းသည့် အပင်များခုတ်လှဲပေးခြင်းတို့ကို ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးအဖွဲ့အနေဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုတစ်ဖန် စက်တင်ဘာ ၁၀ ရက်မှစတင်ပြီး ရန်ကုန်မြို့တွင်းရှိ ပြည်သူများ လျှပ်စစ်အန္တရာယ်ပညာတိုးပွားရေးအတွက် မြို့နယ်တိုင်းရှိ လမ်းဘေးပလက်ဖောင်းများ၌ ပိုစတာများ စိုက်ထူအသိပညာပေးခြင်း လုပ်ငန်းကို လုပ်ဆောင်ပေးနေပြီဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဖခင်အမည်မှန်
မော်လမြိုင်မြို့နယ်၊ အထက(ကော့ခမယ်) တက္ကသိုလ်ဝင်တန်း(C)မှ မအေးသဇင်သူ၏ ဖခင်အမည်မှန်မှာ ဦးမျိုးညွန့်. ၁၀/မဒန(နိုင်)၀၂၉၈၆၂ဖြစ်ပါကြောင်း။
ဦးမျိုးညွန့်.

မိခင်အမည်မှန်
မော်လမြိုင်မြို့နယ်၊ အထက (ကော့ခမယ်) တက္ကသိုလ်ဝင်တန်း(C)မှ မထက်မြတ်ကျော်၏ မိခင်အမည်မှန်မှာ ဒေါ်ချိုကြည် ၁၀/ကမရ(နိုင်)၀၆၀၈၇၃ ဖြစ်ပါကြောင်း။
ဒေါ်ချိုကြည်

ဖခင်အမည်မှန်
ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အိန္ဒိုးအထက ၈၀မတန်း(B)မှ နန်းခိုင်သဇင်ဖူးနှင့် စတုတ္ထတန်း(B)မှ စောပြည်ဖြိုးအောင်တို့၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစောကျော်အေးရွှေ ဖြစ်ပါကြောင်း။
ဦးစောကျော်အေးရွှေ ၃/ဘအန(နိုင်)၁၆၂၅၅၉

ဖခင်အမည်မှန်
နေပြည်တော်၊ အထက(၂)တပ်ကုန်း၊ တက္ကသိုလ်ဝင်တန်း(A_3)မှ မောင်မျိုးမင်းနိုင်၏ဖခင် ဦးဝင်းဘိုအား ဦးဝင်းဗိုလ် ၉/တကန(နိုင်)၀၈၃၃၈၃ဟု ပြောင်းလဲခေါ်ဆိုပါရန်။
ဦးဝင်းဗိုလ် ၉/တကန(နိုင်)၀၈၃၃၈၃

ဖခင်အမည်မှန်
နေပြည်တော်၊ အထက(၂)တပ်ကုန်း၊ တက္ကသိုလ်ဝင်တန်း(A_3)မှ မယုယမင်းဦး၏ ဖခင် ဦးမင်းဇော်အား ဦးမင်းဇော်ဦး ၉/တကန(နိုင်)၁၂၁၁၉၀ဟု ပြောင်းလဲခေါ်ဆိုပါရန်။
ဦးမင်းဇော်ဦး ၉/တကန(နိုင်)၁၂၁၁၉၀

ဖခင်အမည်မှန်
နေပြည်တော်၊ အထက(၂)တပ်ကုန်း၊ တက္ကသိုလ်ဝင်တန်း(A_3)မှ မယုယမင်းဦး၏ ဖခင် ဦးဌေးဝင်းကိုအား ဦးဌေးဝင်းဇော် ၉/ပမန(နိုင်)၀၈၃၂၂၀ဟု ပြောင်းလဲခေါ်ဆိုပါရန်။
ဦးဌေးဝင်းဇော် ၉/ပမန(နိုင်)၀၈၃၂၂၀

ဖခင်အမည်မှန်
ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အိန္ဒိုးအထက၊ အဌမတန်း (A) မှ နန်းသိန်းသန်းစုနှင့် ပဉ္စမတန်း (D)မှ စောအောင်မြင့်တို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစောဝေလင်း ဖြစ်ပါကြောင်း။
ဦးစောဝေလင်း ၃/ဘအန(နိုင်)၀၈၉၇၄၈

ဖခင်အမည်မှန်
မြတ်မြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း (E)မှ မဇာခြည်ဖြိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဝင်းဗိုလ် ဖြစ်ပါကြောင်း။
ဦးဝင်းဗိုလ် ၆/မအရ(နိုင်)၀၇၃၆၄၀

ဖခင်အမည်မှန်
ဟိုပန်မြို့၊ အထက၊ သတ္တမတန်းမှ မနန်းစုရည်နန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးစိုင်းသန်းစိန် ၁၃/လရန(နိုင်)၀၆၂၇၂၆ ဖြစ်ပါကြောင်း။
စိုင်းသန်းစိန် ၁၃/လရန(နိုင်)၀၆၂၇၂၆

တစ်ဦးတည်းဖြစ်ကြောင်း
'၀' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်၊ အထက၊ ဆဋ္ဌမတန်းနေ စိုင်းစံညွှန့်နှင့် တတိယတန်းနေ မမိုးသန္တာလင်းတို့၏ဖခင် ဦးအိုက်ဆမ် ၁၃/ဟပတ(နိုင်)၀၁၀၆၆၄၄ နှင့် ဦးအောင်မြင့်သည် တစ်ဦးတည်းဖြစ်သည်။
ဦးအိုက်ဆမ်(ခ)ဦးအောင်မြင့် ၁၃/ဟပတ(နိုင်)၀၁၀၆၆၄၄

အမည်မှန်
လားရှိုးမြို့၊ အလက (၇)၊ အဌမတန်း(B) မှ ဦးအိုက်ထွန်း၏သား စိုင်းခမ်းလင်း၏ အမည်မှန်မှာ စိုင်းခမ်းကျော်ဖြစ်ပါကြောင်း။
စိုင်းခမ်းကျော်

အမည်မှန်
လယ်ဝေးမြို့နယ် ရှားချောင်းကျေးရွာအုပ်စု၊ ရှားချောင်းကျေးရွာနေ ဦးသန့်ဇင်ထွန်း၏သမီး အထက (၂)တက္ကသိုလ်ဝင်တန်း (A)မှ မဆွေဇင်လင်း၏အမည်မှန်မှာ မဆွေဆွေလင်း ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
မောင်ထိန်လင်းအောင် တက္ကသိုလ်ဝင်တန်း (ဃ) အထက နတ်စင်ကုန်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်ရွှေ ၁၂/မဘန(နိုင်)၀၀၃၁၈၃ဖြစ်ပါသည်။
ဦးမြင့်ရွှေ

ဖခင်အမည်မှန်
နေပြည်တော်၊ တုပ်ကုန်းမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(A_1)မှ မောင်ဝေလျှိုဖြိုးနှင့် အထက(ခွဲ)ညောင်လှား ဆဋ္ဌမတန်း(A)မှ မောင်ဘက်ထင်လင်းစိုး၏ ဖခင်အမည်မှန်မှာ ဦးစိုး ၉/တကန(နိုင်)၁၁၃၇၄၉ ဖြစ်ပါကြောင်း။
ဦးစိုး ၉/တကန(နိုင်)၁၁၃၇၄၉

ဖခင်အမည်မှန်
ပြည်မြို့နယ်၊ ပဲခူးတိုင်း (အနောက်ပိုင်း) မြောက်နဝင်းရွာသစ်နေ မဟေမာန်ဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်ဌေး(ခ)ဦးရဲရွှေ ၇/ပမန(နိုင်)၀၆၆၉၀၇ ဖြစ်ပါကြောင်း။
ဦးဇော်ဌေး(ခ)ဦးရဲရွှေ

ဖခင်အမည်မှန်
မော်လမြိုင်မြို့နယ်၊ အထက (ကော့ခမယ်) တက္ကသိုလ်ဝင်တန်း(D)မှ မောင်ရွှင်ဝဏ္ဏ၏ ဖခင်အမည်မှန်မှာ ဦးဆန်းညွှန့်. ၁၀/မဒန(နိုင်)၁၂၆၀၂၂ ဖြစ်ပါကြောင်း။
ဦးဆန်းညွှန့်.

ဖခင်အမည်မှန်
မော်လမြိုင်မြို့၊ အထက (ကော့ခမယ်) တက္ကသိုလ်ဝင်တန်း(C)မှ မောင်မျိုးကျော်သူ၏ ဖခင်အမည်မှန်မှာ ဦးအောင်မိုး ၆/ထဝန(နိုင်)၀၂၀၂၄၇ ဖြစ်ပါကြောင်း။
ဦးအောင်မိုး

ဖခင်အမည်မှန်
မြိတ်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(F)မှ မောင်နိုင်ဝင်းထွန်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျင်ရှု ဖြစ်ပါကြောင်း။
ဦးကျင်ရှု ၆/တသရ(နိုင်)၀၁၇၇၅၈

ဖခင်အမည်မှန်
မုံရွာမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(B)မှ မစုကြည်မွန်၏ဖခင်အမည်မှန်မှာ ဦးစန်းဝင်း ဖြစ်ပါကြောင်း။
ဦးစန်းဝင်း

ဖခင်အမည်မှန်
မုံရွာမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(G)မှ မောင်ချစ်သူဖွေး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ညွှန့် ဖြစ်ပါကြောင်း။
ဦးခင်မောင်ညွှန့်

ဖခင်အမည်မှန်
ယင်းမာပင်မြို့နယ်၊ ဘန့်ဘွေးရွာ၊ တက္ကသိုလ်ဝင်တန်းမှ မဌေးစုခိုင်၏ အဌမတန်းမှ မောင်ဌေးဌေ၊ စတုတ္ထတန်းမှ မောင်ပြည်ဖြိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးပေါတာ(ခ)ဦးမြင့်စိုး ၅/ယမပ(နိုင်)၀၇၂၈၆၅ ဖြစ်ပါကြောင်း။

မိဘအမည်မှန်
နေပြည်တော်၊ အထက(၂)တပ်ကုန်း၊ တက္ကသိုလ်ဝင်တန်း(A_3)မှ မသဲစုလိုင်၏ မိဘ ဦးမောင်တင်မောင်အေး ၉/တကန(နိုင်)၀၃၇၇၆၂ နှင့် ဒေါ်ခင်မလွင် ၉/တကန(နိုင်) ၂၁၀၉၇၈ အား ဦးတင်အေး ၉/တကန(နိုင်) ၀၃၇၇၆၂ နှင့် ဒေါ်သေးသေး ၉/တကန(နိုင်)၂၁၀၉၇၈ဟု ပြောင်းလဲခေါ်ဆိုရန် ဖြစ်ပါသည်။

မိဘအမည်မှန်
နေပြည်တော်၊ အထက(၂)တပ်ကုန်း၊ တက္ကသိုလ်ဝင်တန်း(A_3)မှ ဓမ်ပေမအေး၏ မိဘအမည်မှန်မှာ ဦးဆန်းမြင့် ၉/တကန(နိုင်)၀၈၆၃၆၇နှင့် ဒေါ်စု ၉/တကန(နိုင်)၀၈၆၂၇၈ ကို ဦးမောင်ဆန်း ၉/တကန(နိုင်)၀၈၆၃၆၇ နှင့် ဒေါ်ငြိမ်းတင် ၉/တကန(နိုင်)၀၈၆၂၇၈ဟု ပြောင်းလဲခေါ်ဆိုရန်ဖြစ်ပါသည်။

အမည်ပြောင်း
မြိတ်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(C)မှ မောင်ထိုက်ဘုန်းလျှံအား မောင်ထိုက်ဘုန်းလျှံဟု ပြောင်းလဲခေါ်ပါရန်။
မောင်ထိုက်ဘုန်းလျှံ ၆/မမန(နိုင်)၂၀၈၈၆၁

အမည်ပြောင်း
တောင်ကြီးမြို့၊ အထက(၁၁) တက္ကသိုလ်ဝင်တန်းမှ မဖြူဖြူသိန်းအား ယနေ့မှစ၍ မဖြူဖြူသိမ့်ဟု ပြောင်းလဲခေါ်ပါရန်။
မဖြူဖြူသိမ့်

မိခင်အမည်မှန်
မော်လမြိုင်မြို့နယ်၊ အထက (ကော့ခမယ်) တက္ကသိုလ်ဝင်တန်း(B)မှ မန္တယ်နီလှိုင်၏ မိခင်အမည်မှန်မှာ ဒေါ်သန်းလှ ၁၀/မဒန(နိုင်)၀၄၉၁၈၉ ဖြစ်ပါကြောင်း။
ဒေါ်သန်းလှ

အမည်ပြောင်း
ဦးကျော်မြင့်ဦး၏သမီး မုံရွာမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(G)မှ မအေကသီကျော်အား ယနေ့မှစ၍ မအေကရီကျော်(ခ)မဇကရီကျော်ဟု ပြောင်းလဲခေါ်ပါရန်။
မအေကရီကျော်(ခ)မဇကရီကျော်

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဆေးဖက်လည်းဝင် စျေးကွက်သွင် ချဉ်စော်ခါးသီးအစွမ်း အံ့မခန်း

သတင်းဆောင်းပါး-
မိုးလွင်ဦး(လွှင်လင်)

ရှမ်းပြည်နယ် (တောင်ပိုင်း) လွှင်လင်ခရိုင် ပင်လုံမြို့၏ အနောက်မြောက်ဘက်ရှိ ဆနင်းတောင်တန်းမှ ကျူလင်းကျေးရွာ၊ ကောင်းဝိုကျေးရွာနှင့် လွှင်ဆိုင်ကျေးရွာများသည် ချဉ်စော်ခါးသီး အများဆုံးထွက်ရှိရာ ဒေသဖြစ်သည်။ ချဉ်စော်ခါးသီးသည် အေးမြသောရာသီဥတုကို ကြိုက်နှစ်သက်သောကြောင့် မျိုးစေ့ချ စိုက်ပျိုး၍လည်းကောင်း၊ ကိုင်းစိုက်၍လည်းကောင်း အလွယ်တကူစိုက်ပျိုးနိုင်သည်။မျိုးစေ့ချစိုက်ပျိုးပါက ငါးနှစ်သားတွင် အသီးစတင်သီးပြီး ကိုင်းစိုက်ပျိုးပါက သုံးနှစ်သားအရွယ်တွင် အသီးသီးသည်။ အဆိုပါကျေးရွာများ၌ မိမိတို့စိုက်ပျိုးခြံ၏ ဘေးပတ်ပတ်လည်တွင် စိုက်ပျိုးကြပြီး ဇူလိုင်နှင့် သြဂုတ်လများတွင် အသီးလှိုင်လှိုင်ပေါ်ကြောင်း ပင်လုံမြို့ရပ်ကွက် ၁ မှ တောင်သူ ဦးစိုင်းမြင့်နိုင်၏ ပြောကြားချက်အရ သိရသည်။

ချဉ်စော်ခါးသီး၏ အစွမ်းသတ္တိသည် ကျန်းမာရေးကို များစွာအထောက်အကူပြုနိုင်သည်။ချဉ်စော်ခါးသီးကို ပါးပါးလှီးဖြတ်ပြီး ရေနွေးပူပူဖြင့်စိမ်၍ (တစ်ရက်လျှင် တစ်ခွက်နှုန်း) သောက်ပါက ကိုယ်တွင်းရှိ အဆီဓာတ်များကို လျော့ကျစေနိုင်ပြီး ညောင်းညာကိုက်ခဲခြင်းကို ပြေလျော့စေခြင်း၊ သွေးသားလည်ပတ်မှုကောင်းမွန်စေခြင်း၊ ချဉ်စော်ခါးသီးနှင့် ကြက်သားရောရ၍ ချက်ပြုတ်စားပါက အမျိုးသမီးများအတွက် အမျိုးသမီးရောဂါများ သက်သာပျောက်ကင်းစေသည်။ ထို့အပြင် လေဖြတ်ခြင်း၊ လေဖြန်းခြင်းရောဂါများကို ကာကွယ်နိုင်ခြင်း၊ လေဖြတ်ရောဂါဝေဒနာရှင်များပင်သက်သာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်သည်။

ချဉ်စော်ခါးသီးသည် အခွံမှ အစေ့အထိ အလုံးစုံအသုံးဝင်သည်။ ချဉ်စော်ခါးသီးကို ပါးပါးလှီးဖြတ်၍

အချောက်လှန်းပြီးပါက ဟင်းရည်အဖြစ်လည်းကောင်း၊ ယိုထိုး၍လည်းကောင်း၊ ဆေးအဖြစ်ပိုင်စိမ်၍လည်းကောင်း အမျိုးမျိုးအသုံးပြုနိုင်သည်။ ချဉ်စော်ခါးသီးယို တစ်ပိသာလျှင် ငွေကျပ် ၆၀၀၀ ရောင်းချရကြောင်းနှင့် ချဉ်စော်ခါးသီးကို သုံးဆောင်မှီဝဲပြီးပါက ခြင်ဆေးခွေအနံ့နှင့် မတည့်ကြောင်း၊ ကိုယ်လက်နှင့် မျက်နှာများ ဖောရောင်လာကြောင်း ကိုယ်တွေ့ခံစားရသည့် ပင်လုံမြို့ရပ်ကွက် (၃)မှ တောင်သူ ဦးလုံးခေး ဆိုင်က ပြောပြသည်။

လွှင်လင်-ပင်လုံနှင့် အနီးအနားရှိ မြို့ရွာများတွင် အလုံးကြီးတစ်လုံး လျှင်ငွေကျပ် ၁၅၀ မှ ၂၀၀အထိ စျေးရရှိပြီး နယ်စပ်မြို့များတွင် (ဥပမာ-ကျိုင်းတုံ၊ တာချီလိတ်) အနာလွတ်အလုံးကြီး တစ်လုံးလျှင် ငွေကျပ် ၄၀၀အထိ ရောင်းချရကြောင်း၊ ယင်းအပြင် ချဉ်စော်ခါးသီးကို ပါးပါးလှီးဖြတ်ပြီး အခြောက်လှန်း၍ ရောင်းချပါက တစ်ပိသာလျှင် ငွေကျပ် ၁၀၀၀၀မှ ၁၂၀၀၀ အထိ စျေးရရှိပါကြောင်း၊ အလုံးကြီး ငယ်ရောရာဝယ်ယူ၍ အခြောက်လှန်းရန် တစ်ပိသာလျှင် ငွေကျပ် ၁၅၀၀ ပေးဝယ်ရကြောင်း၊ အသီး ခြောက်ပိသာလျှင် ခွဲခြမ်းအခြောက် တစ်ပိသာရရှိကြောင်း၊ မိသားစုတစ်ပိုင်တစ်နိုင် ဝင်ငွေရရှိကြောင်း ဦးမြင့်နိုင်က ဆက်လက်ပြောပြသည်။

ထို့ကြောင့် ချဉ်စော်ခါးသီးကို အလုံးလိုက်ဝယ်ယူပြီး ခွဲစိတ်အခြောက်လှန်းပါက အမြတ်ဝင်ငွေများစွာရရှိမည်ဖြစ်သည်။ မိသားစု တစ်ပိုင်တစ်နိုင်စီးပွားရေးမှ စျေးကွက်စီးပွားရေးထိုးဖောက်လာနိုင်မည်ဖြစ်သည်။ လက်ရှိ အခြေအနေတွင် ပင်လုံဒေသခံများသည် နည်းပညာနှင့် အရင်းအနှီးများ လိုအပ်ချက်ကြောင့် ကုန်ကြမ်းအဖြစ်သာ ထုတ်လုပ်နိုင်ရာ လိုအပ်ချက်များအား ကူညီပံ့ပိုးပေးနိုင်ပါက ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ကာ ဒေသထွက်ကုန် တစ်မျိုးအဖြစ် ထုတ်လုပ်နိုင်မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

သတင်းတိုများ

ခင်ဦး-ရေဦးလမ်း တိုးချဲ့ခြင်းလုပ်ငန်းစစ်ဆေး

ခင်ဦး စက်တင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦး-ရေဦးလမ်း မိုင်၁၂/၀ မှ ၁၃/၀ ထိ မူလကတ္တရာလမ်း အကျယ် ၁၂ ပေမှ အကျယ် ၁၈ ပေ၊ ကျောက်လမ်းတိုးချဲ့လျက်ရှိရာ ကျောက်တင်သွင်းခွင့်ကို ပြည့်ကုဋေကုမ္ပဏီမှ တင်ဒါရရှိပြီး လမ်းခင်းခြင်းလုပ်ငန်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလမ်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးရာဇာအေးနှင့် မြို့နယ် အရည်အသွေးစစ်ဆေးရေး ကော်မတီတို့က စက်တင်ဘာ ၉ ရက်က တင်ဒါကျောက်များ အရည်အသွေးပြည့်မီမှု ရှိ/မရှိ၊ လမ်းခင်းခြင်းလုပ်ငန်းကို တွက်ချက်ပုံအတိုင်း ဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် ခင်းကျင်းပြီးလမ်းပိုင်းမှ သုံးနေရာခန့်ကို ဖောက်ထုတ် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

ကရင်တိုင်းရင်းသားဒေသများသို့ ဆိုလာစွမ်းအင်သုံး မီးအိမ်များနှင့် ခြင်ထောင်များလှူဒါန်း

သထုံ စက်တင်ဘာ ၁၄

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ ဖွံ့ဖြိုးမှုအားနည်းသော ကရင်တိုင်းရင်းသားကျေးရွာများသို့ ဂျပန်နိုင်ငံနိပ္ပန်ဖောင်ဒေးရှင်းက ဆိုလာစွမ်းအင်သုံးမီးအိမ်များနှင့် ခြင်ထောင်များကို စက်တင်ဘာ ၁၂ ရက်မွန်းလွဲ ၂ နာရီက သထုံမြို့နယ် နောင်ဘိုကျေးရွာရှိ KNU ကရင်အမျိုးသားအစည်းအရုံးဆက်ဆံရေးရုံးတွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ အဆိုပါ အခမ်းအနားသို့ သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ KNU ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ(၁) စစ်ရေးချုပ် ဗိုလ်မှူးအီးသနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြပြီး နိပ္ပန်ဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံဆက်ဆံရေးရုံးမှ စီမံချက်မန်နေဂျာ မစ္စတာ ဂွန်နိစုခဲ့မတ်စုရှိမနှင့် တာဝန်ရှိသူတို့က အိမ်ထောင်စုတစ်စုလျှင် ဆိုလာစွမ်းအင်သုံးမီးအိမ်နှင့် ခြင်ထောင်တစ်စုံစီဖြင့် ၁၇၅၇ စုံကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူပြီး မဖွံ့ဖြိုးသေးသော တိုင်းရင်းသားဒေသများရှိ ပြည်သူများသို့ ထောက်ပံ့ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

ဖျာပုံ၌ ဆေးဝါးအတုများနှင့် တရားမဝင်ဆေးဝါးများ ဖြန့်ဖြူးရောင်းချခြင်းမရှိစေရန်စစ်ဆေး

ဖျာပုံ စက်တင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်းရှိ ဆေးဆိုင်များကို စက်တင်ဘာ ၁၁ ရက်က ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့၏ စီစဉ်ညွှန်ကြားမှုနှင့် ဖျာပုံခရိုင်ပြည်သူ့ဆေးရုံကြီးမှ ခေတ္တာခရိုင်ဆေးရုံအုပ်၊ ဒုတိယဦးစီးမှူး(သန့်)စည်ပင်၊ မြို့နယ်တာဝန်ခံကုန်သွယ်မှု မြှင့်တင်ရေးဦးစီး ဌာနနှင့် မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်တို့ပါဝင်သော စစ်ဆေးရေးအဖွဲ့က တရားမဝင် ဆေးဝါးအတုရောင်းချခြင်းမရှိစေရန် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအတွင်း Sulperazon 1g Injection ဆေးဝါးကို မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်အမှတ် (R.1708 A5625)ဖြင့် Mega Lifesciences Ltd.မှ မှတ်ပုံတင်ရရှိထားပြီး ဖြစ်သည်။ သို့သော် စျေးကွက်များတွင် အဆိုပါဆေးဝါးနှင့် တူညီအောင် တုပထားပြီး ဆေးဝါးအာနိသင်လုံးဝ မပါရှိသည့် ဆေးဝါးအတုများကို ရောင်းချနေကြ၍ ယင်းဆေးဝါးသည် လူနာများသုံးစွဲရာတွင် အရေးကြီးသည့် သွေးကြောအတွင်းသို့ထိုးသည့် ပဋိဇီဝဆေးဖြစ်သဖြင့် သုံးစွဲသူပြည်သူများအား ကြီးစွာအန္တရာယ်ပေးနိုင်သည်ဖြစ်ရာ ယခုကဲ့သို့ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ရခြင်းဖြစ်ပြီး ထိုကဲ့သို့ စစ်ဆေးရာတွင် ဖျာပုံမြို့ရှိ ဆေးဆိုင်ကြီးများတွင် အဆိုပါ ဆေးဝါးအတုကို ရောင်းချခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။ တရားမဝင်ဆေးဝါး ဖြန့်ဖြူးရောင်းချခြင်းများမရှိစေရန်အတွက် ဆက်လက်စစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၇၁)**

(၂၅)ကြိမ်မြောက် မော်ကျွန်းသာမဏ္ဍောကျော်စာတော်ပြန်ပွဲ ဌေရတုအထိမ်းအမှတ် မဂ္ဂဇင်းစာစောင်ထုတ်ဝေမည်

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့၊ ပရိယတ္တိသာသနာလက်ဦးရအသင်းကြီး၏ (၂၅)ကြိမ်မြောက် သာမဏ္ဍောကျော်စာတော်ပြန်ပွဲကို ၁၆-၁၁-၂၀၁၄ ရက်မှစ၍ ၄ ရက်တိုင်ကျင်းပမည်ဖြစ်ရာ ဝင်ခွင့်ဖောင်များကို ၂၀၁၄ခုနှစ် အောက်တိုဘာလကုန် နောက်ဆုံးထား၍ ပေးပို့ပါရန် လျှောက်ထားပါသည်။ထို့ပြင် စာမေးပွဲကြီး၏ (၂၅)နှစ်ပြည့် ဌေရတုအထိမ်းအမှတ်အဖြစ် မဂ္ဂဇင်းစာစောင်ထုတ်ဝေမည်ဖြစ်ပါသဖြင့် သာမဏ္ဍောကျော်ဆက်စပ်သော အကြောင်းအရာများ၊ သာသနာရေး၊ ဘာသာရေးနှင့် ဆက်ဆိုင်သောဆောင်းပါးများ၊ ဝတ္ထုတိုများ၊ ကဗျာများတို့ကိုရေးသား၍ ပေးပို့ကြပါရန် လျှောက်ထားဖိတ်ခေါ်အပ်ပါသည်။ **ပေးပို့ရမည့်လိပ်စာ-ဘဒ္ဒန္တရေဝတာလက်ဦးရ၊ ပန္ထီမာရုံ၊ ဖုန်း-၀၉-၈၅၅ဖဖ၇၊ ၀၉-၄၄၉၂၅၁၁၀၁၇၊ ၀၉-၃ဖ၂၂၂၅၄၂၊ နေ့ရက်- ၂၀၁၄ ခုနှစ် နိုဝင်ဘာလကုန် အတွင်းပို့ပေးပါရန်။**

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်တော်ဦးအောင်မြင့်ကျော် ၁၂/ရကန(နိုင်)၀၂၅၂၇၉(ဘ)ဦးကျော်ခင်ညွှန့်နှင့် ဒေါ်ရင်ရင်မြင့် ၁၂/ကမရ(နိုင်)၀၃၀၉၉၂ (ဘ)ဦးခင်ဆွေတို့သည် သဘောထားချင်း မတိုက်ဆိုင်ပါတော့သဖြင့် ၁၁-၉-၂၀၁၄ ရက်တွင် ကွာရှင်းပြတ်စဲပြီးပါကြောင်း အသိပေးအပ်ပါသည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)

ဦးအောင်မြင့်ကျော်
၁၂/ရကန(နိုင်)၀၂၅၂၇၉

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးခင်မောင်ထူး ၉/တသန(နိုင်)၁၀၅၇၁၀၏ သွင်းကုန်ပါမစ် ISP IDV8 14-15(18938) 30-6-2014 ၊ သွင်းကုန်ကြေညာလွှာ (IMPORT DECLARATION, CUSTOM STATEMENT) နှင့် မော်တော်ယာဉ်၏ ဓာတ်ပုံမူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကူညီဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း-၀၉-၄၀၁၅၅၀၃၃

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သုမမွှာစာရီလမ်း၊ အမှတ်B-001 ၊ ဦးမြင့်ဇော်-ဒေါ်ပြုံးရီတို့၏သား မောင်မင်းစည်သူ ၁၂/ဗဟန(နိုင်)၁၀၃၇၂၂သည် အဖေ၊ အမေတို့အား နည်းမျိုးစုံစိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်ဇော်
၁၂/ဗဟန(နိုင်)၀၄၈၉၈၈
B.001, သုမမွှာစာရီ၊ မေတ္တာညွှန့်၊
တာမွေမြို့နယ်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၇၄၄၁၁၊ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ အရှင်ဝါသဝ ၉/မထလ(နိုင်)၀၀၃၀၂၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၄ယ/၅၉၁၅ ယာဉ်လက်ဝယ်ရှိသူ ဦးကြည်လင်း ၂/လကန (နိုင်)၀၇၂၁၆၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ကယားပြည်နယ်ရုံး (လွှင်ကော်)

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၈ယ/၂၄၁၀ ယာဉ်လက်ဝယ်ရှိသူ ဖာသာရ်မာတေးအိုဘောအီ ၂/လကန (နိုင်)၀၂၁၁၀၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ကယားပြည်နယ်ရုံး (လွှင်ကော်)

ဓနုဖြူမြို့၊ သမိုင်းဝင် ကျိုက်ကလွန်ပွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကျင်းပမည်

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့၊ ရှေးဟောင်းသမိုင်းဝင် ကျိုက်ကလွန်ပွန်းစေတီတော်မြတ်ကြီး၏ (၁၄၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို (၁၃၇၆ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁ရက်) ၅-၁၀-၂၀၁၄ ရက်မှ ၉-၁၀-၂၀၁၄ရက်အထိ မြန်မာ့ရိုးရာ လေ့လော်ပြိုင်ပွဲ၊ ခြင်းလုံးပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဇာတ်ပွဲ၊ ခြားရဟတ်၊ ပျော်ပွဲရွင်ပွဲများဖြင့် ၅ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါသည်။ ဈေးဆိုင်ခန်းနေရာများကို ၃၀-၉-၂၀၁၄ ရက်တွင် စတင်ရောင်းချမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ အသေးစိတ်အချက်များသိရှိလိုပါက ဂေါကပရုံးသို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့ရုံး	**ဖုန်း-၀၄၆-၂၅၂၁၄**
ဦးစောမောင် ဂေါပက(ဥက္ကဋ္ဌ)	**ဖုန်း-၀၉-၈၆၁၈၁၅**
ဦးအုန်းတင် ဂေါပက (အတွင်းရေးမှူး)	**ဖုန်း-၀၉-၄၉၇၀၀၀၀၈**
ဦးကြည်ဝင်း ဂေါပက(အဖွဲ့ဝင်)	**ဖုန်း-၀၉-၂၅၀၅၉၂၈၁၀**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့၊ နယ်ကွင်းကြီးကျေးရွာနေ ဦးစိန်ဝင်း-ဒေါ်ငွေမှုံတို့၏သမီး မထွေးထွေးအောင်မှာ မိခင်၊ ဖခင်တို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘတို့ကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှ မိမိဆန္ဒအလျောက်ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

၄င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စများကိုမျှ လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။

ဦးစိန်ဝင်း-ဒေါ်ငွေမှုံ

အစ္စရေးနိုင်ငံသံအမတ်ကြီးက လားရှိုးကျောင်းစာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

လားရှိုး စက်တင်ဘာ ၁၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အထက(၆) ကျောင်းစာကြည့်တိုက်သို့ အစ္စရေးနိုင်ငံ သံအမတ်ကြီးက စာအုပ်စာစောင်များ လှူဒါန်းခြင်းအခမ်းအနားကို စက်တင်ဘာ ၁၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E.Hang Moshe Behar က မြန်မာနိုင်ငံရှိ ကလေးငယ်များ၏ ကောင်းကျိုးအတွက် ရည်ရွယ်ကာ The Soul Bird "ဝိညာဉ်ငှက်" စာအုပ်ကို မိတ်ဆက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံရှိ တိုင်းရင်းသားဘာသာ စကားခြောက်မျိုးဖြင့် ဘာသာပြန်ခဲ့ပြီး ယခုအချိန်တွင် ရှမ်းဘာသာ၊ မြန်မာဘာသာ နှစ်မျိုးတို့အား ကျောင်းရှိစာကြည့်တိုက်သို့ မည်သည့် ဘာသာရေးနှင့်မျှ မသက်ဆိုင်ဘဲ ကလေးသူငယ်များအတွက် ရည်ရွယ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အစ္စရေးသံအမတ်ကြီးက စာအုပ် ၁၀၀ ပေးအပ် လှူဒါန်းရာ အထက(၆) ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းစာကြည့်တိုက်မှူးတို့က လက်ခံယူခဲ့သည်။

စာအုပ်စာစောင်များ လှူဒါန်းပွဲသို့ အစ္စရေးသံအမတ်ကြီး၊ လားရှိုးခရိုင် တွဲဖက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ အထက(၆)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဟန်ဌေး(iprd)

နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ထပ်ဆင့်ရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၁၄

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ဆောင်ချက်များကို ပြည်သူများ ကျေနပ်ယုံကြည်မှု ရရှိသည်အထိ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်မြန်ဆန်စွာ တိုးတက်လာစေရန် အထောက်အကူပြုရေး အတွက် ဝန်ထမ်းများအနေဖြင့် အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် စက်တင်ဘာ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားတွင် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်ကျော်က ပြောကြားသည်။

ဆက်လက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလင်းကိုကိုက နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ဖော်ဆောင်ရေးနှင့်စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်းများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

လျှပ်စစ်မြစ်ရေတင်စီမံကိန်း အဆင့်မြှင့်တင်ရေးသဘောတူစာချုပ်

မကွေး စက်တင်ဘာ ၁၄

မကွေးတိုင်းဒေသကြီး မကွေးခရိုင်ရှိ မြင်ကွန်းလျှပ်စစ်မြစ်ရေတင်စီမံကိန်း အကျိုးပြုဧက ၅၀၀ နှင့် မင်းဘူးခရိုင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းအကျိုးပြုဧက ၅၉၀ တို့၏ လျှပ်စစ်မြစ်ရေတင် စီမံကိန်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြင်သစ်ဖွံ့ဖြိုးရေးအေဂျင်စီ (AFD) francaise Development Agency မှ ယူရိုငွေသုံးသန်း အထောက်အပံ့ပေးရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို မကွေးမြို့ကမ်းနားလမ်းရှိ နန်းထိုက်သူဟိုတယ်ခန်းမ၌ စက်တင်ဘာ ၁၁ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး H.E.Mr. THIERRY MATHOU၊ နေပြည်တော် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မင်းဦးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးက မြန်မာ-ပြင်သစ် နှစ်နိုင်ငံအကြား နိုင်ငံအချင်းချင်း စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးချက်များအရ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် ပြင်သစ်ဖွံ့ဖြိုးရေးအေဂျင်စီအား ကြိုဆိုပါကြောင်း၊ ပြင်သစ်ဖွံ့ဖြိုးရေး အေဂျင်စီ (AFD) မှ လျှပ်စစ်မြစ်ရေတင် စီမံကိန်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ယူရိုငွေသုံးသန်း အထောက်အပံ့ရရှိရန်အတွက် အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ်ကို သံအမတ်ကြီးနှင့် (AFD) မှ တာဝန်ရှိသူက လက်မှတ်ရေးထိုးခြင်းများဆောင်ရွက်ခဲ့ပြီး တက်ရောက်လာကြသည့် သတင်းဓါတ်ပုံသမားများ၏ မေးမြန်းချက်များကို ပြင်သစ်သံအမတ်ကြီးက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ကျော်စေယျ**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သွေးလွန်တုပ်ကွေးဖြစ်ပွားမှုလျှော့ချရေးဆောင်ရွက်

ရေဦး စက်တင်ဘာ ၁၄

ရွှေဘိုခရိုင် ရေဦးမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် သွေးလွန်တုပ်ကွေးရောဂါကူးစက်ပြန့်ပွားမှုလျှော့ချရေး ခြင်ဆေးဖျန်းခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက အဖွဲ့နှစ်ဖွဲ့ခွဲကာ မြို့ပေါ် (၅)ရပ်ကွက် လမ်းဘေးဝဲယာရှိ ခြင်ခိုအောင်းနိုင်သော နေရာများ၊ လူနေအိမ်များ၊ ဆေးရုံဆေးခန်းများ၊ ဘာသာရေးကျောင်းများနှင့် စာသင်ကျောင်းများတွင် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ယခင်နှစ်ထက် လျော့ကျစေရန်အတွက် မြို့လုံးကျွတ်ခြင်ဆေးဖျန်းခြင်းကို သုံးရက်တိုင်တိုင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဦးစီးဌာနက ပြောသည်။

သန်းထိုက်(ရေဦး)

စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

ဖျာပုံ စက်တင်ဘာ ၁၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း(ဖျာပုံ)၏ စက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက် ၁၀ နာရီက ဖျာပုံမြို့ အမှတ်(၁၁)ရပ်ကွက် စာတိုက် (၄)လမ်းရှိ အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် သင်တန်းမှူး ဒေါ်ဝင်းမာဦးက သင်တန်းဆင်းအမှာစကားပြောကြားကာ သင်တန်းတွင် ထူးချွန်ဆုရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းနည်းပြဆရာမ ဒေါ်စိုးစိုးမူက သင်တန်းသူ ၆ ဦးတို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

"ဒီကဖွင့်တဲ့ စက်ချုပ်သင်တန်းတွေကို ပြီးဆုံးအောင် စိတ်ဝင်တစားတက်ရောက်သင်ယူပြီးသွားရင် ကျွန်မတို့အပြင်မှာ ကိုယ်တိုင်တစ်နိုင်တစ်ပိုင် ချုပ်နိုင်မှာဖြစ်တဲ့အတွက် မိသားစုရဲ့ဝင်ငွေကို တစ်ဖက်တစ်လမ်းက တိုးစေနိုင်မှာပါ"ဟု ထူးချွန်ဆုရရှိသူ ဖျာပုံမြို့ အောင်သုခ(၃)လမ်းနေ မစန္ဒာလင်းက ပြောသည်။

ဖျာပုံမြို့ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းသည် စက်ချုပ်သင်တန်းများကို အခြေခံအဆင့်မြင့်သင်တန်းဟူ၍ သင်တန်းအမျိုးအစားများ ခွဲခြားဖွင့်လှစ်ပေးလျက်ရှိပြီး စနေ၊ တနင်္ဂနွေ သင်တန်းတက်ရောက်လိုသူများကိုလည်း အထူးသင်တန်းအဖြစ် ဖွင့်လှစ်ပေးလျက်ရှိကြောင်းနှင့် ဆက်သွယ်လိုပါက ဖုန်း ၀၉-၄၇၃၂၀၁၀၇၊ ၀၉-၄၂၈၀၁၄၆၇၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

Vacancy Announcement
(For Myanmar Nationals Only)

Fostering Agricultural Revitalization in Myanmar (FARM) project will be launched by the International Fund for Agriculture Development (IFAD) loan and the interested candidates who are eligible for the following positions are invited to apply.

Project area : Nay Pyi Taw
Project duration : from 2014 to 2020(6 years)

1. Project Manager and Agriculturalist — Male/Female(1)Post
2. Finance Manager — Male/Female(1)Post
3. Accountant — Male/Female(1)Post
4. Procurement and Contract Management Specialist — Male/Female(1)Post
5. Rural Finance Specialist — Male/Female(1)Post
6. Monitoring and Evaluation Specialist — Male/Female(1)Post
7. Community Development and Gender Specialist — Male/Female(1)Post
8. Irrigation and Water Users Group Specialist — Male/Female(1)Post

The salary for all the positions will be competitive basic with international organization and private sectors. The deadline of application is 28th September 2014.

Please note that: Qualified candidates are invited to submit an updated CV and a cover letter in English, to the email farmmoai@gmail.com or the Director General, Department of Agriculture, Ministry of Agriculture and Irrigation, Office No.(15), Nay Pyi Taw, Ph:067-410007067-410007/410016).

All candidates shall include the job title in the cover letter and in the email's subject line. Candidates who have already applied for the positions do not need to re-submit their application. Detailed Terms of Reference and qualification for the position can be found at: Ministry of Agriculture and Irrigation (MOAI) website: <www.moai.gov.mm/zg/index.php/doanoticboard> Myanmar Information Management Unit website:www.mimu.org

Applications shall be sent to the email farmmoai@gmail.com

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့
ဧရာပဒေသာဖောင်ဒေးရှင်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေများဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
၁	Desktop Computer Set	၂၀၀	
၂	Photo Copier	၂၀၀	

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၉-၂၀၁၄ ရက်(တနလင်္ဂနေ့)
၃။ **တင်ဒါဖိတ်မည့်ရက်** - ၂၃-၉-၂၀၁၄ ရက်(အင်္ဂါနေ့)
၄။ **တင်ဒါဖိတ်မည့်အချိန်** - ၁၄:၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဧရာပဒေသာဖောင်ဒေးရှင်း
စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့
ဖုန်း-၀၉-၃၃၅၆၀၂၆၅၅၊ ၀၇၁-၂၄၃၃၀

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(ပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ဓာတ်အားလိုင်းများအား ကြွေသီးအပြစ်ဖြင့် ဓာတ်အားပြတ်တောက်ခြင်းများ မဖြစ်ပေါ်စေရန် လဲလှယ်နိုင်ရေး လိုအပ်သော 11 KV Pin Insulator(20000)Nos အား မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်။ လုပ်ငန်းလိုအပ်ချက်အရ ပစ္စည်းလက်ဝယ်ရှိသူအား ဦးစားပေးမည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၁၅-၉-၂၀၁၄ ရက်
တင်ဒါဖိတ်မည့်ရက် - ၁၉-၉-၂၀၁၄ ရက်
တင်ဒါဖိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၅၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၄၃၁၂၈၅၊ ၄၃၁၁၇၅၊ ဖက်စ်-၀၆၇-၄၃၁၁၈၅

ပြည်တွင်းသတင်းနှင့်ကြေငြာ

ဂျပန်-မြန်မာ သံတမန်ဆက်သွယ်ရေး နှစ်(၆၀)ပြည့် အထိမ်းအမှတ် ယွန်းလက်မှုအနုပညာပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ ပုဂံ၌ကျင်းပ

ညောင်ဦး စက်တင်ဘာ ၁၄

ဂျပန်- မြန်မာ သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ် ယွန်းလက်မှုအနုပညာပြပွဲနှင့် (၁၀)နှစ်မြောက် ဂျပန်-မြန်မာ ယွန်းလက်မှုအနုပညာ အလုပ်ရုံဆွေးနွေးပွဲကို ပုဂံမြို့ ယွန်းပညာကောလိပ်၌ စက်တင်ဘာ ၁၁ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံက ဂျပန်ယွန်းနည်းပညာများနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ ယွန်းလက်မှုအနုပညာ အခြေအနေ၊ ယွန်းပညာကောလိပ်(ပုဂံ)က ကညစ်ယွန်းနည်းပညာနှင့် ပုဂံမြို့ မိုးမိုးယွန်းထည်လုပ်ငန်းက မြင်းမြီးထည် ရက်လုပ်သည့် နည်းပညာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဂျပန်- မြန်မာယွန်းလက်မှုအနုပညာပြပွဲတွင် မြန်မာနိုင်ငံမှယွန်းလက်မှုပညာရှင် ၂၇ ဦးတို့၏ ယွန်းလက်မှုအနုပညာပစ္စည်းများနှင့် ဂျပန်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်(တိုင်ပေ)တို့မှ ယွန်းလက်မှုပညာရှင် ၂၈ ဦးတို့၏ ယွန်းလက်မှုအနုပညာပစ္စည်းများကို ခင်းကျင်းပြသထားကြောင်း၊ အဆိုပါပြပွဲကို စက်တင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပြသခဲ့ကြောင်း သိရသည်။

ပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဦးမြသန်း၊ ယွန်းပညာကောလိပ်(ပုဂံ) ကျောင်းအုပ်ကြီး ဦးဝင်းဇော်စိုး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ယဉ်ကျေးမှုဆိုင်ရာအရာရှိ မစ္စတာမဆုအိုခ၊ ဂျပန်နိုင်ငံ အုဆိုနိုမိယတက္ကသိုလ် ပါမောက္ခ မဆုရှိမ စကုရာကိုနှင့် ယွန်းပညာရှင်များ၊ ပုဂံဒေသမှ ယွန်းလုပ်ငန်းရှင်များ၊ ယွန်းပညာရှင်များနှင့် ယွန်းဝါသနာရှင်များ၊ ယွန်းပညာကောလိပ် (ပုဂံ)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

ရဲသူရအောင်(ညောင်ဦး)

ဖရူဆို-ကေးလျားလမ်းပေါ်ရှိ တံတားနှင့် ရေပြွန်များအား ပြန်လည်ပြုပြင်

ဖရူဆို စက်တင်ဘာ ၁၄

ကယားပြည်နယ် ဖရူဆိုမြို့မှ ၁၁ မိုင်ခန့်ကွာဝေးသော ကေးလျားကျေးရွာသို့ သွားသည့် ဖရူဆို-ကေးလျားလမ်းတွင် မိုးရွာသွန်းမှုကြောင့် မြေပြိုခြင်း၊ ရေတိုက်စားခြင်းများ မကြာခဏဖြစ်ပွားလေ့ရှိရာ တံတားနှင့် ရေပြွန်များတွင် မြေသားများ ပိတ်ဆို့နေမှုကြောင့် ရေစီးရေလာကောင်းမွန်စေရန် စက်တင်ဘာ ၉ ရက်က ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖရူဆိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဒေးဖဲနှင့် ဝန်ထမ်းများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ဖရူဆို-ကေးလျားလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ စတင်ကာ ရန်ပုံငွေ ၅၃၈ ဒသမ ၈၄ သန်းဖြင့် ကျောက်ချောလမ်းအဖြစ်သို့ ဖောက်လုပ်ထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရဲတပ်ဖွဲ့နေ့ ရှေ့ရတုအထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဆားလင်းကြီး စက်တင်ဘာ ၁၄

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ် (၅၀) မြောက် ရှေ့ရတုအထိမ်းအမှတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသော အားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ မြို့မရဲစခန်းမှ ရဲမှူးအောင်ကျော်ဦးစီး၍ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား အပါအဝင် တပ်ဖွဲ့ဝင်များ၏ မိသားစုများစုပေါင်းကာ ဆားလင်းကြီးမြို့နယ် ကံစွယ်ကျောင်းတိုက်တွင် ချုံနွယ်၊ မြက်ပင်များ ခုတ်ထွင်ရှင်းလင်းကာ စုပေါင်းလုပ်အားပေးသန့်ရှင်းရေးပြုလုပ်ခြင်းများကို စက်တင်ဘာ ၁၁ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ညောင်ပင်ကြီးရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုများသည် ညောင်ပင်ကြီး သီရိမင်္ဂလာမြင်သာကျောင်းတိုက်တွင်လည်းကောင်း၊ ကြေးစင်တောင်ရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုများသည် ဝါးတန်းရွာဦး သဒ္ဓမ္မဇောဓိကျောင်းတိုက်တွင်လည်းကောင်း၊ ကျားတက်ရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုများသည် ကျားတက်ရွာ ဘုန်းတော်ကြီးကျောင်းတွင်လည်းကောင်း စုပေါင်းသန့်ရှင်းရေးလုပ်အားပေး ကုသိုလ်ယူဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဦးငယ်(ဆားလင်းကြီး)

မီးသတ်ရေယာဉ်သစ်ဖြင့် မီးငြိမ်းသတ်ခြင်းနှင့် ကယ်ဆယ်ရေးလုပ်ခြင်းများ စမ်းသပ်

မန္တလေး စက်တင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်က ပေးအပ်သော မီးသတ်ရေယာဉ်သစ်ကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မရမ်းခြံ ဆိပ်ကမ်း ဧရာဝတီမြစ်အတွင်း၌ စက်တင်ဘာ ၁၀ ရက်က စမ်းသပ်ခုတ်မောင်းခဲ့ကြောင်း သိရသည်။

မီးသတ်ရေယာဉ် စမ်းသပ်ခုတ်မောင်းရာသို့ အမှတ်(၁) တိုင်းဒေသကြီးနှင့်ပြည်နယ် မီးသတ်ဦးစီးဌာနရုံးများ ကွပ်ကဲမှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးကြည်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး၊ မန္တလေးခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ ခရိုင်အရန်မီးသတ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဗိုလ်မင်း၊ အတွင်းရေးမှူး ဦးဝင်းစိန်နှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုခဲ့သည်။

မီးသတ်ရေယာဉ် စမ်းသပ်ခုတ်မောင်းမှုကို ညွှန်ကြားရေးမှူးနှင့်အဖွဲ့ လိုက်ပါပြီး ဧရာဝတီမြစ်အတွင်း အနှေး၊ အမြန်မောင်းခြင်း၊ အပေါ်စီးရေစုပ်စက်ဖြင့် မီးငြိမ်းသတ်ခြင်း၊ အမြှုပ်ဆေးဖြင့် မီးငြိမ်းသတ်ခြင်း၊ ရေနစ်သူအား အရေးပေါ်ကယ်ဆယ်ခြင်းတို့ကို စမ်းသပ်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(၀၂၆)

သတင်းတို

စစ်မှုထမ်းဟောင်းသားသမီးများပညာသင်စရိတ်ထောက်ပံ့

ကြည့်မြင်တိုင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို)မှပေးအပ်သော ပညာသင်ထောက်ပံ့ငွေများ ထပ်ဆင့်ပေးအပ်ပွဲကို ကြည့်မြင်တိုင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်း၌ စက်တင်ဘာ ၅ ရက်ကကျင်းပပြီး မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား ၄၄ ဦးအတွက် ပညာသင်ထောက်ပံ့ငွေ ကျပ် ၆၇၅၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်ဂါသွေး**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား D.D.P (Upper Yeywa/Thahtay)မြန်မာကျပ်ငွေ ဖြင့်ဝယ်ယူလိုပါသည်-
Tender No.20/DHPI/Concrete Pole /2014-2015

စဉ်	ပစ္စည်းအမျိုးအမည်	ရေတွက်ပုံ	အရေအတွက်
1.	Concrete Pole (12m)	No	687
2.	Concrete Pole (15m)	No	14

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီခြားစီချိတ်ပိတ်၍ ၃၀-၉-၂၀၁၄ ရက် ၁၂:၀၀ နာရီတွင် နောက်ဆုံးထားချိန်တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ် ၆၀ ကျော်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal)ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြောညာ၍ စုစုပေါင်းရမှတ်(Overall Score)အများဆုံး ကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းများသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၃၅၁၁၊ ၀၉-၂၅၀၃၄၅၄၄၊
၀၉-၄၅၀၅၃၉၂၄၈၊ ၀၉-၄၂၀၇၀၆၆၈၉၊
၀၉-၄၂၀၇၀၁၃၄၆၊ ဖက်စ်-၀၆၇-၄၃၃၅၁

ဖခင်အမည်မှန်
မိတ္ထီလာမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(E)မှ မောင်နိုင်စီမင်း၏ ဖခင် အမည်မှန်မှာ ဦးမောင်ဆန်းဖြစ်ပါကြောင်း။
ဦးမောင်ဆန်း ၉/မထလ(နိုင်)၀၁၂၅၇၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်
ရုံးချုပ်-ရန်ကုန်
အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ် (၀၅/၂၀၁၄-၂၀၁၅)
အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက် အနေဖြင့် ပြည်တွင်းရှိ သစ်အခြေခံလုပ်ငန်းများ ဦးစားပေးဆောင်ရွက်နေသော ပုဂ္ဂလိကလုပ်ငန်း ရှင်များသို့ ကုန်ကြမ်းသစ်လုံးများဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောဖက်စပ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထုတ်အောက်ပါကုန်ကြမ်းသစ်လုံးများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အိတ်ဖွင့်တင်ဒါစနစ် (Ex-site) ရောင်းချမည်ဖြစ်ပါသည်။

(က) **အိတ်ဖွင့်တင်ဒါကျင်းပမည့်အစီအစဉ်**
အိတ်ဖွင့်တင်ဒါကျင်းပမည့်နေ့ရက် - ၂၄-၉-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)
အိတ်ဖွင့်တင်ဒါကျင်းပမည့်အချိန် - မွန်းလွဲ ၁၃:၀၀နာရီ
အိတ်ဖွင့်တင်ဒါရောင်းချမည့်သစ်အမျိုးအစား - အင်ကညင်သစ်မာသစ်လုံး
အိတ်ဖွင့်တင်ဒါရောင်းချမည့်တန် - (2051) လုံး၊ (2521.986) တန်
အိတ်ဖွင့်တင်ဒါကျင်းပမည့်နေရာ - မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ သစ်လုံးများအိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက သစ်တောဖက်စပ် web-site ဖြစ်သော www.fpjvc.com တွင် ဝင်ရောက်ကြည့်ရှုရှုပ်လည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်း၏ web-site ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှုရှုပ်လည်းကောင်း၊ ဖုန်း-၀၉-၅၀၇၃၃၃၇၊ ၀၉-၄၃၂၀၂၅၄၄ တွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

တစ်ဦးတည်းဖြစ်ပါကြောင်း
မော်လမြိုင်မြို့နယ်၊ အထက (ကော့ခမယ်) တက္ကသိုလ်ဝင်တန်း(C)မှ မချယ်ရီဝင်း၏ဖခင်မှာ ဦးဘိုးလေးနှင့် ဦးမာမက်လဖီ ၁၀/မဒန(နိုင်)၁၁၇၁၄၁ သည်တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးဘိုးလေး(ခ)ဦးမာမက်လဖီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၈ယ/၁၈၃၂၄ ယာဉ်လက်ဝယ်ရှိသူ ဦးအေးထွန်း ၅/ကလထ(နိုင်) ၀၇၆၆၄၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကည၈၊ခရိုင်ရုံး၊ ကလေးမြို့**





ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မိုးကြီး၍ ပျက်စီးခဲ့သောလယ်ယာများ အချိန်မီစိုက်ပျိုးနိုင်ရေး မျိုးစပါးပေးအပ်

ဝမ်းတွင်း စက်တင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် သဖန်းကျေးရွာအုပ်စုတွင် မိုးရာသီအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါးပေးအပ်ပွဲကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ စက်တင်ဘာ ၁၀ ရက်က ကျင်းပသည်။

သြဂုတ် ၂၈ ရက်က ရွာသွန်းခဲ့သောမိုးကြောင့် သဖန်းအင်းဆည် ကျိုးပေါက်သွား၍ ပျက်စီးဆုံးရှုံးသွားသော စပါး ၄၀ ဒသမ ၄၈ ဧကအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှထောက်ပံ့သော သက်တမ်းတိုရွှေသွယ်ရင်မျိုးစပါး တင်း ၆၀ ကို သက်ဆိုင်ရာတောင်သူများထံသို့ ပေးအပ်ခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူးတို့က စိုက်ပျိုးချိန်အမီပြန်လည်စိုက်ပျိုးနိုင်ရေး မှာကြားခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်နှင့်အဖွဲ့သည် ထီးလှိုင်ကျေးရွာအုပ်စု ထီးလှိုင်အနောက် ရွာကန်ပေါင်ရှင်းလင်းဆောင်၌ တောင်သူများနှင့်တွေ့ဆုံပြီး ထီးလှိုင်ကန်ရေသောက်တောင်သူ ၁၃ ဦးအား တိုင်းဒေသကြီးစိုက်ပျိုးရေးဌာနမှထောက်ပံ့သည့် သက်တမ်းတိုရွှေသွယ်ရင်မျိုးစပါး တင်း ၃၀ ကို ပေးအပ်ခဲ့သည်။

မျိုးစပါးပေးအပ်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ ခရိုင်လယ်ယာစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတိုးမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်၊ မြို့နယ်လယ်ယာစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သိန်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် တောင်သူများ တက်ရောက်ကြသည်။

ဌေးလှိုင်(ဝမ်းတွင်း)

ရွှေတိဂုံပုံတူ ဥပ္ပါတသန္တိဘုရားရင်ပြင်တွင် ရေစိမ့်ထွက်မှုဖြစ်



ရေစိမ့်ထွက်မှုကို ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၁၄

နေပြည်တော်ကောင်စီနယ်မြေရှိ အထင်ကရဘုရားဖြစ်သော ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဘုရားရင်ပြင်တွင်ရေစိမ့်ထွက်မှု စက်တင်ဘာ ၈ ရက်မွန်းလွဲပိုင်းကစဖြစ်ခဲ့ပြီး ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါရေစိမ့်ထွက်မှုနှင့်ပတ်သက်၍ "အခုရေစိမ့်ထွက်ပေါ်မှုဟာ ခွေးပြန်ရေထွက်ပေါ်ခြင်းဖြစ်ပါတယ်။ ရင်ပြင်လှိုင်းရဲ့အပေါ်မှာ စလက်ပြားရှိတယ်၊ စလက်ပြားရဲ့အပေါ်မှာ အခေါင်းကြီးရှိပါတယ်၊ အခေါင်းကြီးက အလုံးကြီးဖြစ်ပါတယ်။ အလုံးကြီးရဲ့ဖိအားကြောင့် ခွေးပြန်ပြီး စလက်ပြားပေါ်ကျရောက်လို့ ရေစိမ့်ထွက်တာဖြစ်ပါတယ်။ ရေစိမ့်ထွက်ပေါက်တွေကို စက်ယန္တရားနဲ့ လူအင်အားသုံးပြီး ဘိလပ်မြေပိတ်ဆို့ ဖာထေးပြင်ဆင်မှုတွေ ပြုလုပ်နေပါတယ်" ဟု ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ဝင် ဦးတင်ထူးက ပြောသည်။

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသည် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးပုံတူတည်ထားခြင်းဖြစ်ကာ နေပြည်တော်မြို့တော်အတွင်း အထင်ကရ ဘုရားတစ်ဆူဖြစ်သည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

(၂၁)ကြိမ်မြောက် ဆိုး၊ က၊ ရေး၊ တီးပြိုင်ပွဲ ဆုများချီးမြှင့်ပွဲ ကချင်ပြည်နယ်၌ ကျင်းပ

မြစ်ကြီးနား စက်တင်ဘာ ၁၄

ကချင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမျူးကျင်းပသည့် မြန်မာတိုင်းရင်းသားတို့၏ (၂၁)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆိုး၊က၊ ရေး၊ တီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၁ ရက်က မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ရာ ပြည်နယ်ဝန်ကြီးချုပ်က ကချင်တိုင်းရင်းသားရိုးရာအက၊ ရှမ်းတိုင်းရင်းသားရိုးရာအကနှင့် အတီးပြိုင်ပွဲများ၊ အခြေခံပညာ အသက်(၁၅-၂၀)နှစ်အထိ အမျိုးသမီး(အဆို)၊ အဆင့်မြင့်ပညာအဆင့် တစ်ပင်တိုင် အမျိုးသမီး (အက)ပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုရရှိသူများ အားလည်းကောင်း၊ ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကံဆီးဆိုင်းလုံက အခြေခံပညာ အသက်(၁၀-၁၅)နှစ်အထိ၊ အသက်(၅-၁၀)နှစ်အထိ အမျိုးသား(အက)ပြိုင်ပွဲ၊ အခြေခံပညာအသက်(၁၀-၁၅)နှစ်အထိ အမျိုးသား(အဆို) ကာလပေါ်ပြိုင်ပွဲ၊ ဝါသနာရှင်(ဒုတိယတန်း)၊ အမျိုးသမီး(အက) ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာက အခြေခံအသက် ၁၀ နှစ်မှ ၁၅နှစ်အထိ ဝါသနာရှင် အမျိုးသား၊ အမျိုးသမီးစန္ဒရား၊ တယော (အတီး) ပြိုင်ပွဲ၊ ဝါသနာရှင် (ဒုတိယတန်း)နှင့် အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ကာလပေါ်(အဆို) ပြိုင်ပွဲနှင့် မဟာဂီတ(အဆို) ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းမြင့်ကျော်က အခြေခံပညာ အသက်(၁၀-၁၅)နှစ် အထိနှင့် အလွတ်တန်း အမျိုးသမီး ကဗျာလွတ်(အက) ပြိုင်ပွဲများတွင် ဆုရရှိသူများအား လည်းကောင်း၊ ဝါသနာရှင်(ဒုတိယတန်း) အမျိုးသမီး ခေတ်အကြိုက် အမျိုးသမီး (အဆို) မဟာဂီတ၊ ခေတ်အကြိုက်၊ ကာလပေါ်အဆိုပြိုင်ပွဲများ၊ အခြေခံပညာ အသက်(၅-၁၀)နှစ်၊ (၁၀-၁၅)နှစ် အထိနှင့် ဝါသနာရှင် (ဒုတိယတန်း) အဆင့် အတီးပြိုင်ပွဲများနှင့် အဆင့်မြင့်ပညာအဆင့် ၊ အခြေခံပညာ (၅-၁၀)နှစ်အထိနှင့် (၁၅-၂၀) နှစ်အထိ ဝါသနာရှင်(ဒုတိယတန်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများနှင့် ဒိုင်အဖွဲ့၊ ဆိုင်းအဖွဲ့များအား ပြည်နယ်ဝန်ကြီးများနှင့် မြစ်ကြီးနား တက္ကသိုလ်တာဝန်ခံ ပါမောက္ခချုပ် တို့ကလည်းကောင်း ဆုများ ပေးအပ်ကြသည်။

ထို့နောက် ပထမဆုရရှိသည့် ကချင်တိုင်းရင်းသား ဂျိန်းဖောမျိုးနွယ်စုအကအဖွဲ့နှင့် ရှမ်းတိုင်းရင်းသား တိုင်းခမ်းတီမျိုးနွယ်စုအက အဖွဲ့တို့က တစ်ပင်တိုင်အကဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် အသက် (၅-၁၀)နှစ် ကာလပေါ်တေးသီချင်း၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် ပတ္တလားအတီးပြိုင်ပွဲများနှင့် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် ကဗျာလွတ်အက ပြိုင်ပွဲများတွင် ပထမဆုရရှိသူများကလည်းကောင်း ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

(ပြည်နယ် မြန်/ဆက်)

တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်မြို့နယ်၊ အထက(ကော့ခမယ်) တက္ကသိုလ်ဝင်တန်း (C) မှ မသူဇာထွေး၏ မိခင်မှာ ဒေါ်ဇင်မာနှင့်ဒေါ်နစီယာဘီ MDN- ၀၃၀၁၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ဇင်မာ(ခ)ဒေါ်နစီယာဘီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ သီဟသူ၊ မြေကွက်/ဦးပိုင်အမှတ် (၁)၊ ဧရိယာ ၀ ဒသမ ၁၇၂ ဧကရှိ အစိုးရပိုင်ဆိုင်သော အစိုးရမြေကွက်အား ဒေါ်လှရင်၉/တကန(နိုင်)၀၀၆၉၂၄ (ဘ)ဦးထွန်းပွင့်က ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး မေတ္တာဖြင့်ပေးကမ်းခြင်း စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်း၊ တရားရုံးအမိန့်ဒီကရီများ ဖြင့်အထောက်အထား ခိုင်လုံစွာတင်ပြ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော် စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ ပုဇွဲသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မ မြောက်ရပ်၊ ရတနာဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၁၆၃၃)၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧက ဦးတင်ပွား အမည်ပေါက် နှစ် ၃၀ အင်္ဂုံးဂရန် မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၉၉/၂၀၁၃ဖြင့် ဦးတင်ပွား၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးဝင်းဗိုလ် ၁၁/ကကန(နိုင်)၀၆၀၁၀ မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်အမှုသည် ဒေါ်သူဇာလွင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ ကွင်းအမှတ်(၁၈၇၇)၊ မကျည်ရိုးကွင်း၊ ဦးပိုင်အမှတ် ၁၂/၃၃၂၊ ယာမြေ ၁ ဒသမ ၅၀ ဧက၊ ဦးပိုင်အမှတ် ၆/၄၉၊ ယာမြေ ၁ ဒသမ ၃၆ ဧက၊ ဦးပိုင်အမှတ် (၁၃/၂)၊ ယာမြေ ၀ ဒသမ ၈၈ ဧကတို့အား မူလပိုင်ရှင် ဒေါ်ခင်လှမြင့်ထံမှ ကာလတန်ဖိုးငွေဖြင့် ၂၅-၈-၂၀၁၄ရက်တွင် လယ်ယာမြေအရောင်းအဝယ်စရန်ပေးကတိစာချုပ် ချုပ်ဆိုဝယ်ယူခဲ့ပြီး စရန်ငွေသိန်း ၂၀ အား ပေးချေခဲ့၍ ဦးစွာဝယ်ယူခွင့်ရှိပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စအား တည်ဆဲဥပဒေနှင့်အညီ ဆက်လက်အတည်ပြုဆောင်ရွက်နေကြောင်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်နစ်နာမှုမရှိစေရန် ရည်ရွယ်၍ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်သူဇာလွင်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မိုမိုစိန်	**ဦးအောင်စော်ထွန်း**	**ဒေါ်သူဇာသိန်း**	**ဒေါ်တင်တင်သက်**
စဉ်-၃၂၅၂၂	**စဉ်-၃၅၆၇၈**	**စဉ်-၃၈၁၄**	**စဉ်-၃၁၉၇၇**

အထက်တန်းရှေ့နေများ



ကန့်ကွက်နိုင်ပါကြောင်း

ကျွန်တော် ဦးအိုက်လှ ၁၃/တခလ(နိုင်)၀၀၀၄၃၉ သည်တာချီလိတ်မြို့နယ် ပါဆတ်ရပ်ကွက် (လွန်းကျိုင်း)၊ ကွင်းအမှတ်-၂၃၊ (ပဆ/၁၁၆) မြေဧရိယာ ၁ ဒသမ ၁၂ ရှိမြေကွက်အား ဒေါ်နန်းတို ၁၃/တခလ(နိုင်)၀၁၄၃၃၄ ထံမှ၀ယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မြေဌားဂရန်လျှောက်ထားရန်အတွက် မြေစာရင်း၀ှစ်(၁၀၅)ရေးကူးခွင့် လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်ရက်မှ ခုနှစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးအိုက်လှ ၁၃/တခလ(နိုင်)၀၀၀၄၃၉

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ယ/၆၆၅၈ Mitsubishi Comder FE 20 CB L/T (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်အေး ၁၂/သလန(နိုင်)၀၆၁၉၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

မှုခင်းသတင်းနှင့်ကြေငြာ

သတင်းတိုများ

ကသာတွင် ဘိန်းဖြူမှုန့်များ ဖမ်းမိ

ကသာခရိုင် ကသာမြို့ အောင်ချမ်းသာအုပ်စုတွင် ဆိုင်ကယ်အတွင်း သိုဝှက်သယ်ဆောင်လာသော ဘိန်းဖြူအမှုန့်များထည့်ထားသော အချိုရည်ပိုက်တို ၁၇ ခု တန်ဖိုးငွေကျပ်၀၊၊သောင်းခန့် သယ်ဆောင်လာသည့် ကသာမြို့နယ် သံပုရာအုပ်စု ညောင်ခြေထောက်ကျေးရွာနေ မင်းသူ(၃၁ နှစ်)အား ကသာမြို့မရဲစခန်းမှ စက်တင်ဘာ ၁၂ ရက်က ဖမ်းဆီးရမိခဲ့ပြီး အမှုနှင့် ပတ်သက်၍ ကသာမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

မီးသတ်ဆေးဘူးများအသုံးပြုနည်းလက်တွေ့သရုပ်ပြ

မီးသတ်ဆေးဘူးများ အသုံးပြုနည်း လက်တွေ့သရုပ်ပြပွဲကို မကွေးမြို့ရန်ဝေးရပ်ကွက် ကားကြီးကွင်းအနီးရှိ ပုဂ္ဂလိကလုပ်ငန်းသုံးမော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီ ကွပ်ကဲရေးရုံး၌ စက်တင်ဘာ ၁၁ ရက်က ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝင်းစိန်က မီးသတ်ဆေးဘူးများ အသုံးပြုနည်းကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ လက်တွေ့သရုပ်ပြခဲ့ပြီး မော်တော်ယာဉ်လိုင်းများကြီးကြပ်ရေးကော်မတီ ကွပ်ကဲရေးဥက္ကဋ္ဌ ဦးမြင့်စိုးနှင့် ယာဉ်လိုင်းများမှ ဂိတ်မှူးများ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ မကွေးနယ်မြေရဲစခန်းမှူး ရဲအုပ်ရွှေဌေးနှင့် တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကျော်ဇေယျ

ရောဝတီတံတားတွင် ဆိုင်ကယ်တိမ်းမှောက်

ရောဝတီတံတား (မကွေး) မင်းဘူးဘက်ကမ်း P-16နှင့် P-17 အကြားတွင် စက်တင်ဘာ ၁၁ ရက်က ဆိုင်ကယ်တစ်စီးအရှိန်လွန် တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ မင်းဘူးဘက်မှ မကွေးဘက်သို့ သန်းစိုးထိုက် (၃၃ နှစ်) ကုမ္ပဏီဝန်ထမ်းအောင်မြေရပ် မင်းဘူးမြို့နေသူမောင်းနှင်လာသည့် ဆိုင်ကယ်သည် P-16 နှင့် P-17 အကြားအရောက်တွင် အရှိန်မထိန်နိုင်ဘဲ တိမ်းမှောက်ပြီး သန်းစိုးထိုက်တွင် စိုးရိမ်ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် ဆိုင်ကယ်ကို မဆင်မခြင်မောင်နှင်သူ သန်းစိုးထိုက်အား မင်းဘူးမြို့ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးရုံးမှ ဒုတိယရဲအုပ်စိုးမိုးဌေးက တရားလိုပြုတိုင်တန်းခဲ့ပြီး မင်းဘူးမြို့နယ် မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

ကျော်ဇေယျ

ဗျာပုံခရိုင်ရဲတပ်ဖွဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

ရောဝတီတိုင်းဒေသကြီး ဗျာပုံခရိုင် ဗျာပုံမြို့တွင် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်ငါးဆယ်ပြည့်ရွှေရတုကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗျာပုံခရိုင်ရဲတပ်ဖွဲ့ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးယဉ်မောင်ဆွေ၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူး၊ အရာရှိ၊ တပ်သားများ ပါဝင်သော ရဲတပ်ဖွဲ့ဝင် ၁၀၀ တို့က ဗျာပုံခရိုင်ဆေးရုံကြီးဝင်းအတွင်း ချုံနွယ်များ ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်း၊ အရေးပေါ်လူနာများအတွက် အသုံးပြုရန် ရဲတပ်ဖွဲ့ဝင် ၁၅ ဦးက သွေးလှူဒါန်းခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စက်တင်ဘာ ၁၁ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချမ်းသာ(ဗျာပုံ)

နှစ်ရက်ဆက်တိုက် တောဆင်ရိုင်းနင်းရ၍ လူနှစ်ဦးသေဆုံး

ပုသိမ် စက်တင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ချောင်းသာကျေးရွာအုပ်စု၌ စက်တင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် တောဆင်ရိုင်းအနင်းခံရ၍ လူနှစ်ဦးသေဆုံးမှု နှစ်ရက်ဆက်တိုက် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ချောင်းသာကျေးရွာအုပ်စု ခြောက်ကောင်ကျေးရွာနေ သစ်ခုတ်လုပ်သား ဦးမောင်မောင်ကြည် (၆၂ နှစ်)သည် စက်တင်ဘာ ၈ ရက် ညနေ ၄ နာရီခွဲခန့်က ရွာအနီး ဒူးချောင်းတောမှ ရွာသို့ပြန်လာစဉ် တောဆင်ရိုင်းတစ်ကောင်နှင့်တွေ့၍ အနင်းခံရပြီး သေဆုံးခဲ့ကြောင်း သိရသည်။

ထပ်မံ၍ စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီခန့်တွင်လည်း ချောင်းသာကျေးရွာအုပ်စု ချောင်းသာဘိနယ် တောင်တန်းကျေးရွာနေ ဦးဗိုလ်ချုပ်(၆၂ နှစ်)သည် ချောင်းသာကြိုးဝိုင်း ကွင်းအမှတ်(၁၀) အတွင်းသို့ မျှစ်ချိုးရန် သွားရောက်စဉ် တောဆင်ရိုင်းနှင့်တွေ့ပြီး အနင်းခံရသဖြင့် ထပ်မံသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ချောင်းသာနယ်မြေရဲစခန်းက သွားရောက်စစ်ဆေးပြီး သေမှုသေခင်းဖွင့်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ ပုသိမ်မြို့နယ်အတွင်း ဇီးပြုတ်ကွင်းအပိုင် ကျွန်းကုန်းကျေးရွာအုပ်စု ကျောက်အိုင်ကျေးရွာနေ အမျိုးသမီးတစ်ဦးကို နေအိမ်၌ရှိနေစဉ် တောဆင်ရိုင်း ဝင်ရောက်နင်းသတ်သဖြင့် သေဆုံးမှုတစ်ခုလည်း မေလ ၂၁ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပုသိမ်လုကြည်

ငါးဖမ်းလှေပေါ်တွင် စက်မောင်းကို လှေသားလေးဦးက ဝိုင်းဝန်းသတ်ဖြတ်မှုဖြစ်ပွား

ရေး စက်တင်ဘာ ၁၄

ရေးမြို့နယ်အနောက်ဘက် ကပွလီပင်လယ်ပြင်ရှိ ဝါးကျွန်းအနောက်ရေမိုင် ၃၅ မိုင်ပင်လယ်ပြင်တွင် ငါးဖမ်းနေသော မြသန်းကျော် စက်လှေပေါ်၌ စက်မောင်းကို လှေသားလေးဦးက ဝိုင်းဝန်းသတ်ဖြတ်ပြီး ပင်လယ်ထဲပစ်ချခဲ့သည့် လူသတ်မှု စက်တင်ဘာ ၉ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်မောင်းသူ မျိုးဇော်(ခ)တွံတေး (၃၈နှစ်) မောင်းနှင်သော စက်လှေပေါ်၌လိုက်ပါသူ လှေသားအောင်ကိုမင်းသည် နေမကောင်း၍ ဆေးကုရန် စက်မောင်းမျိုးဇော်ထံ ခွင့်တောင်းရာ မျိုးဇော်က ခွင့်မပြုသဖြင့် စကားများရာမှ မျိုးဇော်က လက်သီးဖြင့်ထိုးခဲ့၍ အောင်ကိုမင်းက မကျေမနပ်ဖြစ်ကာ စက်မောင်းမျိုးဇော်နှင့် ပဲ့နင်း ဦးစိုး (ခ) အဏ္ဏဝါကျော်ကြီးတို့ကို သတ်ပြီး လှေအားယူဆောင်၍ထွက်ပြေးရန် အောင်ကိုမင်းက အခြားလှေသားများဖြစ်သော ကျော်ခိုင်၊ စိုင်းမင်းနိုင်နှင့် ချစ်စမ်းမောင်တို့အား စည်းရုံးခဲ့ပြီး ည ၁၁ နာရီခွဲခန့်တွင် ပဲ့နင်းဦးစိုးမှာ ပဲ့နင်းခန်းတွင် အိပ်ပျော်နေစဉ် စက်မောင်းမျိုးဇော်ရှိရာ လှေပေါင်းမိုးပေါ်တွင် အောင်ကိုမင်းနှင့် လှေသား သုံးဦးက စက်မောင်းမျိုးဇော်အား သတ်ကာ ပင်လယ်ထဲသို့ ပစ်ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပဲ့နင်းဦးစိုး (ခ) အဏ္ဏဝါကျော်ကြီးက အောင်ကိုမင်းပါ လေးဦးအား အရေးယူပေးရန် တိုင်တန်းခဲ့ရာ ရေးမြို့နယ်ရဲစခန်းမှ စက်တင်ဘာ ၁၂ ရက်က အမှုဖွင့် စုံစမ်းလျက်ရှိကြောင်း သိရသည်။

နေမျိုးထွန်(ရေး)

မော်လမြိုင်တွင် မှူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲသူများ ဖမ်းမိ

မော်လမြိုင် စက်တင်ဘာ ၁၄

မွန်ပြည်နယ်အတွင်း ရာမည စစ်ဆင်ရေး မှူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက်ဖြင့် မှူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲသူများကို ဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ စက်တင်ဘာ ၁၁ ရက်က မော်လမြိုင်မြို့တွင် မှူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲသူ သုံးဦးကို ဆက်တိုက်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၁ ရက်က မှူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့စု (၃၈)(မော်လမြိုင်)မှ တပ်ဖွဲ့ဝင်များနှင့် မှူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့စု(၁၀၁) (နေပြည်တော်)မှ တပ်ဖွဲ့တို့သည် ရာမည စစ်ဆင်ရေး မှူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက်အရ မှူးယစ်ဆေးဝါးသတင်းရရှိထားသည့် မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက်တွင် ဖုန်းပြုပြင်ရောင်းဝယ်ရေးလုပ်ကိုင်သူ စည်သူဌေမိန်း(၂၁ နှစ်)၏ နေအိမ်ဆိုင်ခန်းကို ဝင်ရောက်ရှာဖွေရာ ဆေးခြောက်ဟုယူဆရသော အရွက်ခြောက် (အလေးချိန် ၂ ဒသမ ၅ ဂရမ်ခန့်)ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထိုသို့ရှာဖွေနေစဉ် ဆိုင်သို့ ဝင်ရောက်လာသူ ကျော်ဇင်မျိုး (ခ) ကျော်ကျော် (၂၅ နှစ်)အား ဆက်လက်ရှာဖွေရာ ၄င်းထံမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၉ ပြား၊ R စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်ပြား စုစုပေါင်း ၃၆ ပြား (အလေးချိန် ၃ ဒသမ ၆ ဂရမ်ခန့်)ကို ဆက်လက်သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက်နေ အောင်ရဲကျော်မျိုး (၂၀ နှစ်)၏ အိမ်သို့ ဝင်ရောက်ရှာဖွေရာ ၄င်း၏ နေအိမ်အိပ်ခန်းအတွင်း ခေါင်းအုံးအောက်တွင် ဆေးခြောက်ဟု ယူဆရသော အရွက်ခြောက်(အလေးချိန် တစ်ဂရမ်ခန့်)ကို သိမ်းဆည်းရမိခဲ့သည်။

အမှုများနှင့်ပတ်သက်၍ မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ စည်သူဌေမိန်း၊ ကျော်ဇင်မျိုး (ခ) ကျော်ကျော်နှင့် အောင်ရဲကျော်မျိုးတို့အား မော်လမြိုင်မြို့မရဲစခန်းက အမှုဖွင့်ထားပြီး ကွင်းဆက်ဖော်ထုတ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

သိန်း(မော်လမြိုင်)

ရန်ဖြစ်ရာမှ ဓားဖြင့်ထိုး၍ သေဆုံး

ရန်ကုန် စက်တင်ဘာ ၁၄

ဒဂုံမြို့သစ် (တောင်ပိုင်း)တွင် လူငယ်နှစ်ဦး စကားများရန်ဖြစ်ရာမှ ဓားဖြင့်ထိုး၍ သေဆုံးမှု စက်တင်ဘာ ၁၁ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒဂုံမြို့သစ်(တောင်ပိုင်း)နေ သန်းနိုင်(၃၀ နှစ်)နှင့် ပွကြိုး(ခ) နိုင်လင်းမြင့်တို့ သမီးရည်းစားကိစ္စဖြင့် ရန်ဖြစ်စဉ် နိုင်လင်းမြင့်က သန်းနိုင်အား ဓားဖြင့်ထိုးသဖြင့် သန်းနိုင်၏ လည်ပင်းတွင် ဒဏ်ရာရရှိပြီး သေဆုံးသွားခဲ့ကာ ဓားထိုးမှုကျူးလွန်သူ နိုင်လင်းမြင့်(၁၉ နှစ်)အား ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်းက အမှုဖွင့်ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

နိုင်အောင်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော သန်လျင်တံတား(မြန်မာ့မီးရထား)၏ ၁-၁၀-၂၀၁၄ မှ ၃၀-၉-၂၀၁၅ အထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း (၁)နှစ် လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရွေးချယ်ငှားရမ်းသွားမည်ဖြစ်ပါသည်-
(က) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား
သန်လျင်တံတား
(ခ) လေလံယှဉ်ပြိုင်ခွင့်ပုံစံနှင့် စည်းကမ်းချက်များ၀ယ်ယူနိုင်သောနေရာ
မန်နေဂျာ(စီးပွားရေး/တိုင်း) တိုင်းအမှတ် ၇၊ ရန်ကုန်ဘူတာကြီး ပထမထပ်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံး၊သန်လျင်မြို့နယ်
(ဂ) အိတ်ဖွင့်တင်ဒါတင်သွင်း ဖွင့်လှစ်မည့်ရက်နှင့်အချိန်
၂၆-၉-၂၀၁၄ ရက် (သောကြာနေ့) ၁၂:၀၀နာရီတိတိ
(ဃ) အိတ်ဖွင့်တင်ဒါတင်သွင်း၊ ဖွင့်လှစ်မည့်နေရာ
မြန်မာ့မီးရထား၊ ရန်ကုန်ဘူတာကြီး၊ စခန်းသာဇည့်ခန်းမဆောင်

မှတ်ချက်။ (၁) အထက်အပိုဒ်ခွဲ(ခ)ပါနေရာများတွင် အိတ်ဖွင့်တင်ဒါလေလံယှဉ်ပြိုင်ခွင့်ပုံစံနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ၁၀၀၀၀/-ကျပ်နှုန်းဖြင့် ၁၅-၉-၂၀၁၄ ရက်မှစ၍ နေ့စဉ် ၉း၀၀နာရီမှ ၁၆း၀၀နာရီထိ (ရုံးပိတ်ရက်အပါအဝင်) ၂၆-၉-၂၀၁၄ ရက် ၁၀း၀၀နာရီအထိ ဝယ်ယူနိုင်ပါသည်။
(၂) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မန်နေဂျာ(စီးပွားရေး/တိုင်း) တိုင်းအမှတ် ၇၊ ရန်ကုန်ဘူတာကြီး၊ ပထမထပ်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၃၉၃၄၈၊ ၀၉-၄၉၂၁၃၃၀ တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံကြီးကြပ်မှုကော်မတီ
ရန်ကုန်တိုင်းဒေသကြီး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဧည့ပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
မုံရွာမြို့နယ်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇၅

ဦးအောင်သန်း နှင့် ၁။ ဦးကိုကိုဦး
၂။ ဒေါ်ခင်ဆွေလင်း
တရားလို **တရားပြိုင်များ**

ရုံးလမ်း၊ အေးသာယာရပ်ကွက် မုံရွာမြို့နေ ဦးကိုကိုဦးနှင့် ဒေါ်ခင်ဆွေလင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်သန်းက **ပဲစင်းငုံနီကုန်ဖိုးငွေ (၄၉၀၀၀၀၀၀/)ရလိုမှု** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ခုနှစ် အောက်တိုဘာ ၉ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအဖျိုပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မြင့်ဆွေ)
ဒုတိယခရိုင်တရားသူကြီး၊ မကွေးခရိုင်တရားရုံး

ငှားမည်
ကမာရွတ်၊ အင်းစိန်လမ်းမအနီး
အောင်မြေသာစည်လုံးချင်းအိမ်ရာတွင်
ပေ(၇၀×၇၀) ခြံအတွင်း ပေ(၃၅×၄၀)
နှစ်ထပ်R.C (3MBR, 5A.C, ph)
ငှားမည်။ ဖုန်း-၀၉-၇၃၂၂၀၆၃၅

တိုက်ခန်းငှားမည်
ဗိုလ်တထောင်လမ်းသွယ်(၂)
ငါးလွှာတစ်ခန်း၊ ခြောက်လွှာတစ်ခန်း
ဖုန်း-၀၉-၅၁၀၂၉၃၉၊
၀၉-၅၁၁၄၂၂

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဧည့ပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မကွေးခရိုင်တရားရုံး
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၈

ဒေါ်မီမီဝင်းမောင် နှင့် ဦးထက်အောင်
တရားလို **တရားပြိုင်**

အမှတ် ၅၀၁၃ တင့်ကားတပ်ရင်း၊ မကွေးမြို့နေ (ယခုနေရပ်လိပ်စာမသိသူ) ဦးထက်အောင် ၁၂/ဝဂန(နိုင်)၁၂၇၀၀၄ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မီမီဝင်းမောင်က လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ခုနှစ် အောက်တိုဘာ ၉ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအဖျိုပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မြင့်ဆွေ)
ဒုတိယခရိုင်တရားသူကြီး၊ မကွေးခရိုင်တရားရုံး

အမည်ပြောင်း
ကန့်ဘလူမြို့ အထက (၁)တက္ကသိုလ်ဝင်တန်း (H) မှ မပိုးရတနာထွန်း(ကျောင်းဝင်အမှတ် -၇၆၆၅) အား မမြင့်မြင့်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။
မမြင့်မြင့်နိုင်

မိဘ အမည်မှန်
ကန့်ဘလူမြို့ အထက (၁)တက္ကသိုလ်ဝင်တန်း (E) မှ မခက်ခက်စိုး၏ မိဘအမည်မှန်မှာ ဦးတင်လှိုင်-ဒေါ်ခင်မာဝင်း ဖြစ်ပါသည်။
ဦးတင်လှိုင်-ဒေါ်ခင်မာဝင်း

ဌာနဆိုင်ရာနှင့် စီးပွားရေးကြော်ငြာ

မြစ်ကြီးနားတက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြစ်ကြီးနားတက္ကသိုလ်၏ (၁၄) ကြိမ်မြောက် ဘွဲ့နင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးခွင့် လုပ်ငန်းလုပ်ကိုင်လိုသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့် ဈေးနှုန်းလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ဤတက္ကသိုလ်ငွေစာရင်းဌာနတွင် ရုံးဖွင့်ရက်ရုံးချိန်အတွင်း ဝယ်ယူဖြည့်စွက်၍ ၂၂-၉-၂၀၁၄ ရက် မွန်းလွဲ ၁း၀၀ နာရီတိတိ နောက်ဆုံးထားတင်သွင်းရမည်။

၂။ တင်ဒါတင်သွင်းသူသည် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၏ မိမိနယ်မြေအတွင်းနေထိုင်သူဖြစ်ကြောင်းနှင့် ဓာတ်ပုံနှင့်ဗီဒီယိုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ကြောင်း ထောက်ခံစာ (လုပ်ငန်းလိုင်စင်အပါအဝင်) ပါရှိရမည်။

၃။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၉-၂၄၀၀၅၃၁၃၊ ၀၉-၄၄၀၀၀၄၈၀၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(၁၄) ကြိမ်မြောက်ဘွဲ့နင်းသဘင်
ဓာတ်ပုံနှင့်ဗီဒီယိုကြီးကြပ်ရေးကော်မတီ
မြစ်ကြီးနားတက္ကသိုလ်

မြစ်ကြီးနားတက္ကသိုလ် (၁၄)ကြိမ်မြောက် ဘွဲ့နင်းသဘင်ကျင်းပခြင်း

၁။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် မဟာသုတေသနဘွဲ့၊ မဟာဘွဲ့၊ ဂုဏ်ထူးဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ (မိုးညှင်းဒီဂရီကောလိပ်အပါအဝင်) ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မဟာသုတေသနဘွဲ့၊ မဟာဘွဲ့စာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ကြပြီး ဘွဲ့နင်းသာဘင်တက်ရောက်ရန် လျှောက်ထားကြသူများအတွက် (၁၄)ကြိမ်မြောက် ဘွဲ့နင်းသာဘင်ကို မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နင်းသာဘင်ခန်းမတွင် ကျင်းပမည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ရန် ကြေညာလိုက်သည်။

ပထမရက်	ပထမပိုင်း (၃-၁၀-၂၀၁၄)ရက်	နံနက် (၉း၀၀)နာရီ
အစမ်းလေ့ကျင့်ရက်	**(၁-၁၀-၂၀၁၄)ရက်**	**နံနက် (၉း၀၀)နာရီ**
မဟာသုတေသနဘွဲ့ (၂၀၁၂-၂၀၁၃ ပညာသင်နှစ်)	- ဒဿယိုကဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သချာ	
မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ (၂၀၁၂-၂၀၁၃ ပညာသင်နှစ်)	- မြန်မာစာ၊ ဓာတုဗေဒ	
ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့	- အင်္ဂလိပ်စာ၊ သတ္တဗေဒ၊ ဘူမိဗေဒ	
ဝိဇ္ဇာဘွဲ့	- မြန်မာစာ၊ အင်္ဂလိပ်စာ(၃-အ-၁မှ၃-အ-၅၅ထိ) အရှေ့တိုင်းပညာ	
သိပ္ပံဘွဲ့	- ဓာတုဗေဒ(၃-ဓ-၁ မှ ၃-ဓ-၆၁ထိ)၊ ရူပဗေဒ (၃-ရပ-၁ မှ ၃-ရပ-၆၄ထိ)၊ အဏုဇီဝဗေဒ	
ဥပဒေဘွဲ့	- ဥပဒေပညာ (၄-၉-၁ မှ ၄-၉-၆၄ထိ)	

ပထမရက်	ဒုတိယပိုင်း (၃-၁၀-၂၀၁၄)ရက်	မွန်းလွဲ (၂း၀၀)နာရီ
အစမ်းလေ့ကျင့်ရက်	**(၁-၁၀-၂၀၁၄)ရက်**	**နံနက် (၉း၀၀)နာရီ**
မဟာသုတေသနဘွဲ့ (၂၀၁၃-၂၀၁၄ ပညာသင်နှစ်)	- မြန်မာစာ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ	
မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ (၂၀၁၃-၂၀၁၄ ပညာသင်နှစ်)	- အင်္ဂလိပ်စာ	
ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့	- ဓာတုဗေဒ၊ သမိုင်း၊ ဇီဝဓာတုဗေဒ	
ဝိဇ္ဇာဘွဲ့	- အင်္ဂလိပ်စာ(၃-အ-၅၅မှ ၃-အ-၁၀၉ထိ) ပထဝီဝင်(၃-ပ-၁ မှ ၃-ပ-၃၉ထိ)	
ဥပဒေဘွဲ့	- ဥပဒေပညာ(၄-၉-၆၅ မှ ၄-၉-၁၃၃ထိ)၊ ပြင်ပ ၄-၉-၉၆)	
သိပ္ပံဘွဲ့	- ဓာတုဗေဒ (၃-ဓ-၆၂မှ ၃-ဓ-၁၂၂ထိ)၊ ဇီဝဓာတုဗေဒ၊ ရူပဗေဒ (၃-ရပ-၆၅မှ ၃-ရပ-၁၃ဝထိ)	

ဒုတိယရက်	ပထမပိုင်း (၄-၁၀-၂၀၁၄)ရက်	နံနက် (၉း၀၀)နာရီ
အစမ်းလေ့ကျင့်ရက်	**(၁-၁၀-၂၀၁၄)ရက်**	**မွန်းလွဲ (၂း၀၀)နာရီ**
မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ (၂၀၁၃-၂၀၁၄ ပညာသင်နှစ်)	- အင်္ဂလိပ်စာ၊ ရူပဗေဒ	
သိပ္ပံဂုဏ်ထူးဘွဲ့	- သချာ	
ဝိဇ္ဇာဘွဲ့	- အင်္ဂလိပ်စာ (၃-အ-၁၁၀မှ ၃-အ-၁၆၅ထိ) ပထဝီဝင် (၃-ပ-၄၀မှ ၃-ပ-၇ထိ)၊ စိတ်ပညာ	
သိပ္ပံဘွဲ့	- ဓာတုဗေဒ (၃-ဓ-၁၂ မှ ၃-ဓ-၁၉ထိ) ရူပဗေဒ (၃-ရပ-၁၃၁မှ ၃-ရပ-၂၀ထိ) သတ္တဗေဒ	

ဒုတိယရက်	ဒုတိယပိုင်း (၄-၁၀-၂၀၁၄)ရက်	မွန်းလွဲ (၂း၀၀)နာရီ
အစမ်းလေ့ကျင့်ရက်	**(၁-၁၀-၂၀၁၄)ရက်**	**မွန်းလွဲ (၂း၀၀)နာရီ**
မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ (၂၀၁၃-၂၀၁၄ ပညာသင်နှစ်)	- ရူပဗေဒ၊ ဒဿယိကဗေဒ	
သိပ္ပံဂုဏ်ထူးဘွဲ့	- ရူပဗေဒ(မြစ်ကြီးနားတက္ကသိုလ်)၊ သတ္တဗေဒ (မိုးညှင်းဒီဂရီကောလိပ်)	
ဝိဇ္ဇာဘွဲ့	- သမိုင်း၊ ဒဿယိကဗေဒ(ပထဝီဝင်၊ မိုးညှင်းဒီဂရီကောလိပ်)	
သိပ္ပံဘွဲ့	- သချာ (၃-သခ-၁ မှ ၃-သခ-၆ဝထိ)၊ ရုက္ခဗေဒ၊ ဘူမိဗေဒ	

တတိယရက်	ပထမပိုင်း (၅-၁၀-၂၀၁၄)ရက်	နံနက် (၉း၀၀)နာရီ
အစမ်းလေ့ကျင့်ရက်	**(၂-၁၀-၂၀၁၄)ရက်**	**နံနက် (၉း၀၀)နာရီ**
မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ (၂၀၁၂-၂၀၁၃ ပညာသင်နှစ်)	- သချာ၊ ဒဿယိကဗေဒ၊ စိတ်ပညာ	
သိပ္ပံဂုဏ်ထူးဘွဲ့	- ရူပဗေဒ၊ ဓာတုဗေဒ၊ သမိုင်း(မိုးညှင်းဒီဂရီကောလိပ်)	
ဝိဇ္ဇာဘွဲ့	- မြန်မာစာ (မိုးညှင်းဒီဂရီကောလိပ်)	
သိပ္ပံဘွဲ့	- သချာ (၃-သခ-၆၁ မှ ၃-သခ-၁၂ဝထိ) ဓာတုဗေဒ(၃-ဓ-၁မှ ၃-ဓ-၇ဝထိ) (မိုးညှင်းဒီဂရီကောလိပ်) ရူပဗေဒ(၃-ရပ-၁ မှ ၃-ရပ-၈၄ထိ) (မိုးညှင်းဒီဂရီကောလိပ်) သချာ (၃-သခ-၁မှ ၃-သခ-၅၆ထိ) (မိုးညှင်းဒီဂရီကောလိပ်) ရုက္ခဗေဒ (မိုးညှင်းဒီဂရီကောလိပ်)	

တတိယရက်	ဒုတိယပိုင်း (၅-၁၀-၂၀၁၄)ရက်	မွန်းလွဲ (၂း၀၀)နာရီ
အစမ်းလေ့ကျင့်ရက်	**(၂-၁၀-၂၀၁၄)ရက်**	**နံနက် (၉း၀၀)နာရီ**
မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ (၂၀၁၃-၂၀၁၄ ပညာသင်နှစ်)	- သချာ၊ ဘူမိဗေဒ၊ ဓာတုဗေဒ၊ သမိုင်း၊ စိတ်ပညာ	
သိပ္ပံဂုဏ်ထူးဘွဲ့	- သချာ (မိုးညှင်းဒီဂရီကောလိပ်)	
ဝိဇ္ဇာဘွဲ့	- သမိုင်း (မိုးညှင်းဒီဂရီကောလိပ်)	
သိပ္ပံဘွဲ့	- သချာ (၃-သခ-၁၂ မှ ၃-သခ-၁၈၅ထိ)၊ ဓာတုဗေဒ(၃-ဓ-၇၁မှ ၃-ဓ-၁၄၉ထိ) (မိုးညှင်းဒီဂရီကောလိပ်) ရူပဗေဒ(၃-ရပ-၈၅ မှ ၃-ရပ-၁၇ထိ၊ ပြင်ပ ၃-ရပ-၁၇၂၊ ၁-၇ဏ်-ရပ-၇) (မိုးညှင်းဒီဂရီကောလိပ်) သချာ (၃-သခ-၅၇မှ ၃-သခ-၁၁ထိ၊ ပြင်ပ ၃-သခ-၁၁၇-၁-၇ဏ်သခ-၂၀) (မိုးညှင်းဒီဂရီကောလိပ်)

၂။ ဘွဲ့နင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာနှင့်အတူ ဘွဲ့နင်းသဘင်တက်ရောက်ယူမည်သူများသည် ဘွဲ့ဝတ်စုံများကို ဘွဲ့ကြေးငွေသင်းပြေစာနှင့်တူ ၂၆-၉-၂၀၁၄ရက်မှ ၂၉-၉-၂၀၁၄ရက်ထိ နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀ နာရီအထိ မြစ်ကြီးနားတက္ကသိုလ် အားကစားခန်းမတွင် ထုတ်ယူနိုင်ပါသည်။

၃။ ဘွဲ့နင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသားများသာ)တို့အနက် နှစ်သက်ရာဝတ်စုံကို ဝတ်ဆင်နိုင်ပါသည်။

မောင်မောင်၊ ဌာနမှူး၊ သင်တန်းရေးရာဌာန၊ မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဃ/၁၃၈၈ Suzuki Swift ZC 725, Hatch Back (4x2) ယာဉ်လက်ဝယ်ရှိသူ ခေါ်ခိုင်စံဝင်း ၉/တကန(နိုင်)၁၀၁၁၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်စည်ပင်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန (ရန်ကုန်)တွင် ဖွင့်လှစ်သွားပါမည်

စဉ်	သင်တန်းအမျိုးအစား	အနည်းဆုံးပညာအရည်အချင်း
၁။	ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း (အဆင့် ၁)	တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ
၂။	ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့် ၁)	တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ
၃။	အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၄။	အစားအစာနှင့် အဖျော်ယမကာဧည့်ခံကျွေးမွေးရေးသင်တန်း (အဆင့် ၁)	တက္ကသိုလ်သင်တန်း
၅။	အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်ရေးသင်တန်း (အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၆။	အရှေ့တိုင်းအစားအစာထုတ်လုပ်ရေးသင်တန်း (အဆင့် ၁)	ဤသင်တန်းဌာနမှ အခြေခံ (အဆင့် ၁)အစားအစာထုတ်လုပ်ရေးသင်တန်းတက်ရောက်ပြီးသူ ဖြစ်ရမည်။
၇။	ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂) (စီမံ/ဘဏ္ဍာ)	စီးပွားရေးပညာဘွဲ့ရပြီးသူ (သို့) ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာ အခြေခံကျွမ်းကျင်သူ။
	(အခန်းဌာန)	တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာ ဌာနဆီ
	(အစားအစာနှင့် အဖျော်ယမကာဌာန)	အဆင့်(၁) သင်တန်းတစ်ခု အောင်မြင်ပြီးသူ (သို့) တစ်နှစ် လုပ်ငန်းအတွေ့ကြုံရှိသူဖြစ်ရပါမည်။

သင်တန်းကာလ။ ၁၅-၉-၂၀၁၄ ရက်မှ ၇-၁၁-၂၀၁၄ ရက်အထိ

သင်တန်းဆိုင်ရာ အချက်အလက်ဆက်သွယ်စုံစမ်းရန်

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး၊ ဓာတ်ပုံ (၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ ပူးတွဲတင်ရမည်။ **ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသင်တန်းဌာန**
ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၄၈၃၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဘားအံမြို့ လျှောက်လွှာခေါ်ယူခြင်း ကြော်ငြာစာအမှတ် ၁/၂၀၁၄ ၁၃၇၆ ခုနှစ် တော်သလင်းလပြည့်ကျော် ၃ ရက် (၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၁ ရက်)

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကရင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနအောက်ရှိ ဆေးရုံကြီး၊ ဆေးရုံ/တိုက်နယ်ဆေးရုံများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်လွှာများတင်သွင်းနိုင်ပါသည်။

ရာထူး	လစ်လပ်	ပညာအရည်အချင်း
(က) လက်ထောက်ဆရာဝန်	၁၇ နေရာ	ဆေးပညာဘွဲ့(M.B.B.S)
(ခ) လက်ထောက်ဆရာဝန် (သွား/ခဲတွင်း)	၆ နေရာ	မြန်မာနိုင်ငံဆေးကောင်စီမှ M.B.B.S နှင့် အလားတူ သတ်မှတ်ထားသည့်ဘွဲ့များ (၂၀၁၄ ခုနှစ် မတ်လအထိ ဘွဲ့ရပြီးသူဖြစ်ရမည်။)

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုခြင်းခံထားရသည့် (M.B.B.S)ဘွဲ့ရရှိသူ ဖြစ်ရမည်။
(ဂ) ၃၁-၇-၂၀၁၄ ရက်တွင် အသက်(၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
(ဃ) ကျန်းမာရေးကောင်းမွန်ပြီးကရင်ပြည်နယ်အတွင်း နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(c) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာကို ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၆-၁၀-၂၀၁၄ ရက်အရောက် လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှတစ်ဆင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ပေးပို့လျှောက်ထားရမည်။ ရေးဖြေစာမေးပွဲကို ကရင်ပြည်နယ်၊ ဘားအံမြို့တွင် ဖြေဆိုရမည်။ လျှောက်လွှာပြတ်ရက် ၆-၁၀-၂၀၁၄ ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ စာမေးပွဲဝင်ကြေးငွေ ၅၀၀၀/- ကျပ်အား ကရင်ပြည်နယ်အစိုးရအဖွဲ့ ငွေစာရင်းအမှတ် MD-၀၂၁၉၇၁ သို့ ပေးသွင်းရမည်။

၅။ ရေးဖြေ၊ နူတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ကြေညာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် ညွှန်ကြားချက်စာစောင်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

၆။ ရေးဖြေစာမေးပွဲကို ကရင်ပြည်နယ်၊ ဘားအံမြို့တွင်ကျင်းပမည်။ ၁၈-၁၀-၂၀၁၄ ရက် (စနေနေ့)တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာများကိုလည်းကောင်း၊ ၁၉-၁၀-၂၀၁၄ ရက် (တနင်္ဂနေ့)တွင် အင်္ဂလိပ်စာဘာသာကိုလည်းကောင်း ဖြေဆိုရမည်။

၇။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေ(၁၅)အရ လက်ထောက်ဆရာဝန်ရာထူးအတွက် လျှောက်ထားသူဦးရေသည် လစ်လပ်ရာထူးအရေအတွက်ထက် လျော့နည်းနေလျှင်ဖြစ်စေ တူညီနေလျှင်ဖြစ်စေ ပိုမိုသည့်တိုင်အောင် ကွာခြားချက်များပြားခြင်းမရှိလျှင်ဖြစ်စေ ထိုရာထူးအတွက် ရေးဖြေစာမေးပွဲစစ်ဆေးခြင်းမပြုဘဲ လျှောက်ထားသူများကို အကြောင်းကြားခေါ်ယူကာ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်သွားမည်။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၁၆-၁၀-၂၀၁၄ ရက်မှစ၍ ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ထုတ်ပေးမည်။

၉။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၅၈-၂၁၀၇၄၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးဌာနရုံး၊ ဖုန်း-၀၅၈-၂၃၂၃၁၊ ကရင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဖုန်း-၀၅၈-၂၁၂၆၀တို့သို့လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဘားအံမြို့**

မြေကွက်ရောင်းမည်

လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၂)၊ ကမ်းနားမေးတင် (ပန်းလှိုင်မြစ်) ဂရန်၊ မီး၊ အုတ်ကာပြီး သိန်း (၂၀၀၀၀)။ **ဖုန်း-၂၅၄၀၂၃၂၂**
9:00 AM - 5:00 PM

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီး သို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်**	-	၁၅-၉-၂၀၁၄ ရက်
၃။ **တင်ဒါပိတ်မည့်ရက်**	-	၁၈-၉-၂၀၁၄ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်**	-	၁၂း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

စိုက်ပျိုးရေးတက္ကသိုလ်၏ နှစ် (၉၀)ပြည့် နဝရတ်ရတုသဘင် အထိမ်းအမှတ်အခမ်းအနား ကျင်းပမည်

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင်ကျရောက်မည့် စိုက်ပျိုးရေးတက္ကသိုလ် နှစ်၉၀ပြည့် နဝရတ်ရတုသဘင်အထိမ်းအမှတ် ရက်သတ္တပတ်အဖြစ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် စည်းကားသိုက်မြိုက်စွာ အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရပ်ဝေးရပ်နီးနေ စိုက်ပျိုးရေးဘွဲ့ရများ၊ ရန်ကုန်၊ မန္တလေး၊ စိုက်ပျိုးရေးမဟာဌာန၊ ကောလိပ်နှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အသီးသီးတို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းဟောင်းများ စုံညီစွာတက်ရောက်နိုင်ကြပါရန် ပြင်ဆင်ထားရှိနိုင်ရန် လေးစားစွာဖြင့် ကြိုတင်၍ အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။ အခမ်းအနားအစီအစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။	၂၂-၁၂-၂၀၁၄	- နံနက်ဆွမ်းကပ်ခြင်း
၂။	၂၃-၁၂-၂၀၁၄ ၂၄-၁၂-၂၀၁၄	- စိုက်ပျိုးရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ
၃။	၂၇-၁၂-၂၀၁၄	- ကွယ်လွန်သူ ဆရာကြီး၊ ဆရာမကြီးများ၊ အငြိမ်းစားဝန်ထမ်းများအားရည်စူး၍ ဆွမ်းကပ်လှူဒါန်းအမျှဝေခြင်း - နှစ် (၉၀)ပြည့် အထိမ်းအမှတ် အခမ်းအနားပွဲ - စိုက်ပျိုးရေးဘွဲ့ရများ၏ နှစ်ပတ်လည်အစည်းအဝေးပွဲ - တေးဂီတပညာရှင်များ၏ စင်တင်ဖြေဖျော်ပွဲ
၄။	၂၈-၁၂-၂၀၁၄	- (၁၆)ကြိမ်မြောက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအားပူဇော်ကန်တော့ပွဲ - မိတ်ဆုံညစာစားပွဲနှင့်ဘွဲ့ရနှစ်အလိုက် တေးဂီတဖျော်ဖြေပွဲ

နဝရတ်ရတုသဘင်အထိမ်းအမှတ်အဖြစ် မှတ်တမ်းစာအုပ်ထုတ်ဝေခြင်း၊ မဂ္ဂဇင်းထုတ်ဝေခြင်း၊ ပြခန်းများပြသခြင်း၊ စိုက်ပျိုးရေးဆိုင်ရာဌာနများနှင့် ပြင်ပကုမ္ပဏီများမှ ဈေးရောင်းပွဲတော်များကျင်းပခြင်း၊ Logo ဒီဇိုင်းပြိုင်ပွဲ၊ ချစ်ကြည်ရေးအားကစားပွဲများနှင့် ဗျော်ပွဲရွင်ပွဲများအားလည်း ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အခမ်းအနားဖြစ်မြောက်ရေးအတွက် အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ရန် ဖော်ပြအပ်ပါသည်။

ဒေါက်တာမျိုးကြယ်	ဥက္ကဋ္ဌ၊ ကျင်းပရေးဗဟိုကော်မတီ	ဖုန်း-၀၉-၈၃၀၄၂၈၀
ဒေါက်တာချိုချိုစံ	ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ	ဖုန်း-၀၉-၄၂၀၇၀၉၀၆၇
ဒေါက်တာကျော်ကျော်ဝင်း	အာစရိယပူဇော်ပွဲကျင်းပရေးဆပ်ကော်မတီ	ဖုန်း-၀၉-၄၄၈၅၃၄၃၁
ဒေါက်တာသီတာဦး	မှတ်တမ်းစာအုပ်ထုတ်ဝေရေးဆပ်ကော်မတီ	ဖုန်း-၀၉-၄၂၀၇၀၉၀၆၅
ဒေါက်တာတင်တင်အေး	မဂ္ဂဇင်းထုတ်ဝေရေးဆပ်ကော်မတီ	ဖုန်း-၀၉-၃၃၃၇၇၁၁၅
ဒေါက်တာနန်းဆိုင်ဟွမ်	ပြန်ကြားရေးဆပ်ကော်မတီ	ဖုန်း-၀၉-၄၂၀၇၀၉၀၆၂
ဒေါက်တာတင်ဝမ်း	အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ	ဖုန်း-၀၉-၈၃၅၇၀၉၅
ဒေါက်တာစိုးစိုးသိန်း	စာတမ်းဖတ်ပွဲကျင်းပရေးဆပ်ကော်မတီ	ဖုန်း-၀၉-၄၂၀၇၀၉၀၆၃
ဒေါက်တာအောင်ကျော်မြင့်	မှတ်တမ်းတင်ဗီဒီယိုရိုက်ကူးရေးဆပ်ကော်မတီ	ဖုန်း-၀၉-၂၅၄၀၂၃၄၀
ဦးမင်းဇာနည်အောင်	Logo ဒီဇိုင်းသတ်မှတ်ရွေးချယ်ရေးဆပ်ကော်မတီ	ဖုန်း-၀၉-၄၃၀၃၄၈
ဒေါက်တာခင်သီတာမြင့်	ပြခန်းများပြသရေးဆပ်ကော်မတီ	ဖုန်း-၀၉-၄၂၀၇၀၉၀၆၆
ဒေါက်တာတင်အေးအေးနိုင်	ညစာစားပွဲဆပ်ကော်မတီ	ဖုန်း-၀၉-၄၂၀၇၀၉၀၆၄
ဒေါက်တာခင်မိမိ	ဖျော်ဖြေရေးဆပ်ကော်မတီ	ဖုန်း-၀၉-၄၉၂၀၈၄၄၀၁
ဒေါက်တာကြည်တိုး	အားကစားဆပ်ကော်မတီ	ဖုန်း-၀၉-၂၅၄၀၂၃၃၉
ဦးချစ်သန်း	ဗျော်ပွဲ၊ ရွှင်ပွဲဆပ်ကော်မတီ	ဖုန်း-၀၉-၄၂၀၇၀၉၀၆၈
ဒေါက်တာသီဂီမြင့်	ဆရာကြီး၊ ဆရာမကြီးများနှင့် ဧည့်သည်တော်များအား ကျွေးမွေးရေးဆပ်ကော်မတီ	ဖုန်း-၀၉-၂၅၀၁၀၈၆၈၁
ဒေါက်တာနေမျိုးအောင်	ဆရာကြီး၊ ဆရာမကြီးများနှင့် ဧည့်သည်တော်များအား ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ	ဖုန်း-၀၉-၇၃၀၉၅၅၀၈၀
ဦးသက်လင်း	ဆရာကြီး၊ ဆရာမကြီးများအား ဖိတ်ကြား၊ ကြိုဆိုပို့ဆောင်ရေးဆပ်ကော်မတီ

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၉က/၃၈၉၁ Toyota Corolla 3T 181 Saloon(4x2)R ယာဉ်လက်ဝယ်ရှိသူ ကျော်သူရိန်လှိုင် ၁၂/ရကန(နိုင်)၀၀၃၄၁၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)
(ကြည်း-၁၀၂၉၈) O.T.S(31)
အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)
အသက်(၇၂)နှစ်

မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မေဝင်းကြူ၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း) အသက်(၇၂)နှစ်သည် ၈-၉-၂၀၁၄ ရက် (တနလင်္ဂနေ့) ညနေ ၄း၁၅ နာရီတွင်ပြင်ဦးလွင်မြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အေးရင်
(ကျောင်းဆရာမကြီး-ငြိမ်း) (တောင်ကုတ်မြို့)
အသက် (၈၈)နှစ်

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှ-ဒေါ်စန်းစန်းမော်တို့၏မိခင်ကြီး ဒေါ်အေးရင် အသက်(၈၈)နှစ်သည် ၁၀-၉-၂၀၁၄ရက်တွင် တောင်ကုတ်မြို့၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအောင်ထွန်းခိုင် (၃-ညွှန်မှူး)နှင့် ဇနီး ဒေါ်နီလာခင်စော
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (မုံရွာမြို့)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမှိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၇၁

ဦးအောင်သိန်း နှင့် ဦးဝင်းကြည်
(၄၄/၈၏အခွင့်ရကိုယ်စားလှယ် ဦးညီညီ)

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂/၄/၁၂)၊ ပတ်လမ်းအရှေ့၊ တော်ဝင်လမ်း၊ အမှတ် (၁၆/၁၁၁)နေ တရားပြိုင် ဦးဝင်းကြည်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အတွင်းသို့ ကျူးကျော်ဝင်ရောက်ဖျက်ဆီးသူကို ဖျက်ဆီးခံရသည့်ကုန်ကျစရိတ် ၅ သိန်းကျပ်နှင့်အတူ ပေးလျော်စေကာ မြေကွက်မှ ဖယ်ရှားထွက်ခွာသွားစေသည့် မြေကွက်လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်ဌာနခွဲစီမံခန့်ခွဲမှုဌာနအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေ နှင့်ပါ၍ဖြစ်စေ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၃ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအဖြေပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်ဖို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၁၀ ရက်ကတင်သွင်းရမည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သန်းသန်းမြင့်)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး



ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ် ၂၂Z/၊ မြေကွက်အမှတ် V၉၉၊ မြေကွက်တည်နေရာ အမှတ် ၅၃၊ ၁၄ လမ်း၊ လမ်းမတော်မြို့နယ် ဒေါ်ကျင်တီ ၁၂/လမတ(နိုင်)၀၀၇၁၈၆၊ ဦးတင်စိုး ၁၂/လမတ(နိုင်)၀၂၁၁၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ကျင်တီသည် ၂၉-၇-၂၀၀၀ ရက်တွင် ကွယ်လွန်ပြီး ၄င်း၏ခင်ပွန်း ဦးစိန်လှိုင်သည် ၃၀-၇-၁၉၇၅ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ၄င်း၏အစုအား ကျန်အမည်ပေါက် ၄င်းတို့၏သားတစ်ဦးဖြစ်သူဦးတင်စိုးနှင့် ၄င်းတို့၏ကျန်သားသမီးများဖြစ်ကြသော ဦးမျိုးတင့် ၁၂/လမတ(နိုင်)၀၀၄၁၆၁၊ ဦးမျိုးကြီး ၁၂/လမတ(နိုင်)၀၃၈၄၆၅၅၊ ဒေါ်အုန်းကြည် ၁၂/မဂတ(နိုင်)၀၀၄၈၆၆ တို့က ဒေါ်ကျင်တီ၏သေစာရင်း၊ ဦးစိန်လှိုင်၏သေဆုံးကြောင်း အထောက်အထား၊ ဖော်ပြပါမြေ၏ ဂရန်ရမှုရင်းနှင့်ကျမ်းကိုးကိုန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနှစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

